MHF Myanmar Humanitarian Fund

မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့
လုပ်ငန်းဆောင်ရွက်မှုလက်စွဲ

ဇူလိုင် ၂၀၂၁

OCHA
United Nations
Office for the Coordination
of Humanitarian Affairs

မာတိကာ

၁။ နိဒါန်း 6

၁–၁။ ရည်ရွယ်ချက် 6

၁–၂။ လွှမ်းခြုံမှုနယ်ပယ် 6

၂။ MHF ၏ ဦးတည်ချက်များ 7

၂–၁။ လွှမ်းခြုံဦးတည်ချက် 7

၂–၂။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများ 8

၂–၃။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ အချိန်ပြမျဉ်း 11

၂–၄။ ဒေသနှင့် လိုက်လျောညီထွေဖြစ်စေမှုကို မြှင့်တင်ဆောင်ရွက်ခြင်း 11

၃။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု 13

၃–၁။ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး 13

၃–၂။ အကြံပေးအဖွဲ့ 14

၃–၃။ ပြန်လည်သုံးသပ်ရေး ကော်မတီ 16

၃–၄။ OCHA ရုံးအကြီးအကဲ 18

၃–၅။ OCHA မြန်မာနိုင်ငံရုံး၏ လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေး ဌာန 19

၃–၆။ အစုအဖွဲ့၊ ကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ် ညှိနှိုင်းရေး စနစ်များ 19

၃–၇။ မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ 20

၄။ ရန်ပုံငွေချထားပေးခြင်းပုံစံများ 21

၄–၁။ ရန်ပုံငွေ အမျိုးအစားများ 21

၄–၁–၂။ အရေးပေါ်အခြေအနေများအတွက် အရန်ရန်ပုံငွေချထားပေးခြင်း 25

၄–၂။ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှု 27

၄–၂–၁။ NGO နှင့် ကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှု၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်း ပြည့်မီမှု 27

၄–၂–၂။ ကုလသမဂ္ဂ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှု 30

၄–၃။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ စံနှုန်းများ 30

၄–၄။ ခွင့်ပြုရန်ပုံငွေကာလ 32

၅။ တာဝန်ခံမှု 32

၅–၁။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု 34

၅–၂။ ဆုံးရှုံးနိုင်ခြေ အခြေပြု ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှု 51

၅–၂–၁။ NGO မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက် 51

၅–၂–၂။ စွမ်းဆောင်ရည် စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်မှု အညွှန်းပြကိန်း 52

၅–၂–၃။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ 54

၅–၂–၄။ လိုက်နာဆောင်ရွက်မှု စနစ်များ 57

၅–၂–၅။ ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင် (CPF) 58

၅–၃။ စောင့်ကြည့်လေ့လာခြင်း 59

၅–၄။ အစီရင်ခံခြင်း 60

၅–၅။ စာရင်းစစ်ခြင်း 62

၅–၆။ ဘေးဒဏ်ခံပြည်သူများအား တာဝန်ယူခြင်း၊ တာဝန်ခံခြင်း 63

၅–၇။ မကျေနပ်ချက် တိုင်ကြားခြင်းဆိုင်ရာ စနစ်များနှင့် အယူခံဝင်သည့် လုပ်ငန်းစဉ် 64

၅–၈။ လိမ်လည်မှု၊ လိုင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကို တိုင်ကြားခြင်း 64

၅–၈–၁။ လိမ်လည်မှု၊ အဂတိလိုက်စားမှု သို့မဟုတ် ရန်ပုံငွေများ အလွဲအသုံးပြုမှု 65

၅–၈–၂။ လိုင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ အကာအကွယ်ပေးခြင်း 66

၆။ MHF ၏ စီမံအုပ်ချုပ်ခြင်း 69

၆–၁။ ဘတ်ဂျက် ပြုစုပြင်ဆင်ခြင်းဆိုင်ရာ အခြေခံမူများ 69

၆–၂။ စီမံချက် အပြောင်းအလဲများပြုလုပ်ရန် ခွင့်ပြုချက်တောင်းခံခြင်းဆိုင်ရာ လမ်းညွှန်ချက်များ 69

၆–၃။ စီမံချက် ပိတ်သိမ်းခြင်း 71

၇။ နောက်ထပ် သတင်းအချက်အလက်များ 72

၈။ ဆက်သွယ်ရန် အချက်အလက်များ 72

၉။ ပြန်လည်သုံးသပ်သည့်ရက်စွဲ 73

၁၀။ နောက်ဆက်တွဲများစာရင်း 73

အတိုကောက်စကားလုံးများ

AB	Advisory Board (အကြံပေးအဖွဲ့)
BoA	Board of Auditors (စာရင်းစစ်အဖွဲ့)
CBPF	Country-based Pooled Fund (နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေအဖွဲ့)
CE	Cost extension (ရန်ပုံငွေတိုးမြှင့်ချထားခြင်း)
CERF	Central Emergency Response Fund (အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ဗဟိုရန်ပုံငွေ)
CPF	Common Performance Framework (ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင်)
CSO	Civil Society Organization (အရပ်ဘက်အဖွဲ့အစည်း)
DD	Due Diligence (အလေးထားစိစစ်ခြင်း)
EO	Executive Officer (အမှုဆောင်အရာရှိ)
GA	Grant Agreement (ရန်ပုံငွေသဘောတူညီချက်စာချုပ်)
GMS	Grant Management System (ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှုစနစ်)
HACT	Harmonized Approach to Cash Transfers (ငွေသားလွှဲပြောင်းမှုအတွက် ဘုံချဉ်းကပ်ပုံနည်းလမ်း)
HC	Humanitarian Coordinator (လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး)
HCT	Humanitarian Country Team (လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့)
HFU	Humanitarian Financing Unit (လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့ရေးဌာန)
HoO	Head of Office (ရုံးအကြီးအကဲ)
HRP	Humanitarian Response Plan (လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်)
HQ	Headquarters (ရုံးချုပ်)
IASC	Inter-Agency Standing Committee (အဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်ရေး ကော်မတီ)
ICA	Internal Capacity Assessment (ဌာနတွင်း လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်)
ICCG	Inter Cluster/Sector Coordination Group (အစုအဖွဲ့/ကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့)
IPSAS	International Public Sector Accounting Standards (အပြည်ပြည်ဆိုင်ရာ အများပြည်သူပိုင်ကဏ္ဍ စာရင်းကိုင်စနစ် စံသတ်မှတ်ချက်များ)
LTA	Long Term Agreement (ကာလရှည် သဘောတူညီချက်)
M&E	Monitoring and Evaluation (စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း)
M&R	Monitoring and Reporting (စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း)
MHF	Myanmar Humanitarian Fund (မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ

	ရန်ပုံငွေအဖွဲ့)
MoU	Memorandum of Understanding (နားလည်မှု စာချွန်လွှာ)
NCE	No-Cost Extension (စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်သည့်ကာလ သက်တမ်းတိုးခြင်း)
NGO	Non-Governmental Organization (အစိုးရမဟုတ်သည့် အဖွဲ့အစည်း)
OCHA	Office for the Coordination of Humanitarian Affairs (ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး)
OIOS	Office of Internal Oversight Services (ဌာနတွင်း ကြီးကြပ်ကွပ်ကဲရေး ဝန်ဆောင်မှုများရုံး)
PCA	Proxy Capacity Assessment (စွမ်းဆောင်ရည်ကို တစ်ဆင့်ခံ အကဲဖြတ်ခြင်း)
PSC	Project Support Costs (စီမံချက်အထောက်အကူဆိုင်ရာ ကုန်ကျစရိတ်များ)
PSEA	Protection from Sexual Exploitation and Abuse (လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမှုမှ အကာအကွယ်ပေးခြင်း)
SH	Sexual Harassment (လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု)
SOPs	Standard Operating Procedures (စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)
TOR	Terms of Reference (လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ကန့်သတ်ချက်များ)
UN	United Nations (ကုလသမဂ္ဂ)
WRO/WLO	Women-led local Organizations (အမျိုးသမီးများဦးဆောင်သည့် ဒေသခံ အဖွဲ့အစည်းများ)

၁။ နိဒါန်း

၁–၁။ ရည်ရွယ်ချက်

မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (MHF) အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲ ပြုစုရသည့် ရည်ရွယ်ချက်မှာ အုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များ၊ ရန်ပုံငွေချထားပေးခြင်း ပုံစံများနှင့် ဦးစားပေးအစီအစဉ်များ၊ ရန်ပုံငွေအဖွဲ့၏ တာဝန်ခံမှုဆိုင်ရာ စနစ်များကို ရှင်းလင်း ဖော်ပြရန်နှင့် ပါဝင်ပတ်သက်နေသည့် အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍများနှင့် တာဝန် ဝတ္တရားများကို ရှင်းလင်းဖော်ပြရန်ဖြစ်သည်။

MHF သည် လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး (HC) ၏ ဦးဆောင်မှုအောက်တွင် အလှူရှင်များ၏ ရင်းမြစ်များကို လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) အရ လူသားချင်းစာနာမှုဆိုင်ရာ အရေး အကြီးဆုံး လိုအပ်ချက်ရှိနေသူများထံ အချိန်နှင့် တစ်ပြေးညီ ရန်ပုံငွေချထားပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့ကို အထောက်အကူပြုရန် ရည်ရွယ်သည်။ ယင်းရည်ရွယ်ချက်ကို ပြည့်မီအောင်မြင်စေမည့် အောက်ပါ လုပ်ဆောင်ချက် များ အတွက် ဤလက်စွဲကို အကြံပေးအဖွဲ့ (AB) ၏ ထောက်ခံချက်ဖြင့် HC က ထုတ်ဝေသည် –

- MHF ၏ စီမံခန့်ခွဲမှုတွင် ပါဝင်ပတ်သက်နေသည့် အကျိုးသက်ဆိုင်သူအားလုံးအတွက် ထိရောက်သည့် စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှု လုပ်နည်းလုပ်ဟန်များဆိုင်ရာ ရှင်းလင်းချက်များနှင့် ညွှန်ကြားချက်များ ထောက်ပံ့ပေးရန်
- အချိန်နှင့်တစ်ပြေးညီဖြစ်ပြီး မဟာဗျူဟာမြောက်သည့် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်လျက် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဆင့်များနှင့် လိုအပ်ချက်များကို ရှင်းလင်းဖော်ပြရန်
- MHF ၏ ယေဘုယျ ဦးတည်ရာလမ်းကြောင်းနှင့် စီမံကိန်းဦးတည်လုပ်ငန်းများကို ခြုံငုံပံ့ပိုးပေးရန်

ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ အကောင်အထည်ဖော်ရေး မိတ်ဖက်များအား လမ်းညွှန်ပေးရန် နှင့် OCHA၊ ပြန်လည်သုံးသပ်ရေးကော်မတီများ၏ အဖွဲ့ဝင်များနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၏ အခန်းကဏ္ဍများကို အထောက်အကူပြုရန်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လရက်စွဲပါ MHF ၏ လုပ်ငန်းလုပ်ဆောင်မှုလက်စွဲမူကို ဤလက်စွဲဖြင့် အစားထိုး လိုက်သည်။

၁–၂။ လွှမ်းခြုံမှုနယ်ပယ်

ဤလက်စွဲကို နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေအဖွဲ့များ (CBPFs) အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်[1]နှင့် တွဲဖက်ဖတ်ရှုရန်ဖြစ်သည်။ ဤလက်စွဲသည် MHF ကို ထိန်းကျောင်းထားသည့် သက်ဆိုင်ရာ နိုင်ငံအလိုက် စည်းမျဉ်းစည်းကမ်းများကို ဖွင့်ဆိုသတ်မှတ်ပေးထားသည်။ ယင်းကို CBPF များအတွက်

[1] CBPF များအတွက် ကမ္ဘာ့အဆင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်၊ နောက်ဆက်တွဲများနှင့် ဆက်စပ်လမ်းညွှန်ချက်များကို ဤနေရာတွင် ဖတ်ရှုနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်က သတ်မှတ်ပေးထားသည့် မူဘောင် အတွင်း၌ ရေးဆွဲပြုစုထားပြီး ယင်းလက်စွဲစာအုပ်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ CBPF များနှင့် အကျုံးဝင်သည့် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းဖော်ပြထားသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၏ အချို့သော သီးသန့်ကိစ္စရပ်များကို လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှု အခြေအနေနှင့် ကိုက်ညီစေရန် ပြင်ဆင်ပြောင်းလဲပေးထားသည်။

စံသတ်မှတ်ချက်နှင့် ကိုက်ညီပြီး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များရှိကြောင်း သေချာစေရန် ဤစာအုပ်နှစ်အုပ်တွင် ပါဝင်သည့် လမ်းညွှန်မှုနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

၂။ MHF ၏ ဦးတည်ချက်များ

၂-၁။ လွှမ်းခြုံဦးတည်ချက်

MHF သည် အစုအဖွဲ့များ၊ ကဏ္ဍများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုတို့ကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်မှုရှိသည့် နည်းလမ်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် MHF သည် လိုအပ်ချက်များကို ပူးတွဲအကဲဖြတ်ခြင်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) ကို မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းအတွက် အခြေခံအဖြစ် အသုံးပြုခြင်း၊ ကဏ္ဍများ၊ အစုအဖွဲ့များ၊ လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့ (HCT)၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းများ၊ အခြားစုပေါင်းရန်ပုံငွေအဖွဲ့များနှင့် ရန်ပုံငွေထောက်ပံ့သည့် စနစ်တို့အပြင် ဖြစ်နိုင်ပါက အစိုးရနှင့်ပါ နီးကပ်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ခိုင်မာသည့် စောင့်ကြည့်လေ့လာခြင်း၊ အစီရင်ခံခြင်းနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းဆိုင်ရာ မူဘောင်အားဖြင့် တာဝန်ခံမှုရှိစေခြင်း နည်းလမ်းများကို မြှင့်တင်ဆောင်ရွက်သည်။

ရန်ပုံငွေချထားပေးခြင်းများကို ဦးတည်သည့် နေရာဒေသများရှိ လိုအပ်ချက်များ၏ အရေးကြီးမှု အတိုင်းအတာ၊ နောက်ခံအကြောင်းတရားများ၊ ကြိုတင်မျှော်မှန်းထားသည့် လူသားချင်းစာနာမှု ဆိုင်ရာ လုပ်ငန်းများ၏ အပြောင်းအလဲများ၊ တုံ့ပြန်နိုင်စွမ်းများ၊ ဘေးသင့်ဒေသများသို့ ရောက်ရှိနိုင်ရန် အခက်အခဲများအပါအဝင် အခြေအနေ၊ အကြောင်းခြင်းရာ အများအပြားကို ထည့်သွင်းစဉ်းစားလျက် စေ့စပ်သေချာသည့် ဦးစားပေးခြင်း လုပ်ငန်းစဉ်တစ်ရပ်ပေါ် အခြေပြု ဆောင်ရွက်သည်။ ထို့ပြင် ယင်းသည် အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှု၊ သို့မဟုတ် အခြားအမျိုးအမည် စုံလင်ကွဲပြားမှု များဖြစ်သည့် လူမျိုးစုနောက်ခံ၊ လိင်ဆိုင်ရာတိမ်းညွှတ်မှုနှင့် ကျား/မဆိုင်ရာ သတ်မှတ်ချက်တို့နှင့် ဆက်စပ်နေမှုများ အပါအဝင် လူဦးရေအုပ်စုများ၏ ထိခိုက်လွယ်သည့် သီးသန့်အခြေအနေ များကိုလည်း ထည့်သွင်းစဉ်းစားသည်။ ရန်ပုံငွေချထားပေးရာ၌ သွားရောက်ရန် ခက်ခဲသည့် ဒေသများရှိ ပြည်သူများအပါအဝင် ဘေးဒဏ်သင့်ပြည်သူများထံ ဘေးကင်းစွာ ရောက်ရှိနိုင်ရန် အထောက်အကူပြုမည့် ပြည့်စုံလုံလောက်သော ရင်းမြစ်များကို ထောက်ပံ့ပေးနိုင်ကြောင်း သေချာစေရန် ထိခိုက်လွယ်မှု ပိုမိုမြင့်မားလာနိုင်ခြင်းနှင့် ဘေးသင့်ဒေသများသို့ MHF မိတ်ဖက်များ သွားရောက်နိုင်မှုတွင်

ကန့်သတ်ချက်များ ရှိလာနိုင်ခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများကိုလည်း ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

MHF ၏ သီးသန့်ဦးတည်ချက်များကို တစ်နှစ်တာမဟာဗျူဟာတစ်ရပ်[2]တွင် ပုံမှန် ဖြည့်စွက်ပြင်ဆင် သတ်မှတ်ပြီး ယင်းကို နှစ်စဉ် ဧနနဝါရီလကုန်တွင် အတည်ပြုပေးသည်။

MHF သည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ အပေါ်၌သာ အဓိကအာရုံစိုက်ထားသော်လည်း လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ၏ ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုနှင့် ထိရောက်မှုတို့ကို မြှင့်တင်ပေးရန် (နိုင်ငံတွင်းရှိ အခြားစုပေါင်းရန်ပုံငွေအဖွဲ့များနှင့် ရန်ပုံငွေထောက်ပံ့ရေး စနစ်များ အကြား) လူသားချင်းစာနာမှုဆိုင်ရာ၊ ဖွံ့ဖြိုးရေးဆိုင်ရာ၊ ငြိမ်းချမ်းရေးဆိုင်ရာ ချိတ်ဆက်ရန်ပုံငွေ ထောက်ပံ့ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ပေါင်းစည်း စွမ်းအားတို့ကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းတို့တွင် လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ရေးအတွက် သီးသန့်ဦးတည်သည့်လုပ်ငန်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက် အကူများကို အဆင့်လိုက်ရုပ်သိမ်းခြင်း ဆိုင်ရာ မဟာဗျူဟာများနှင့် ဖြစ်နိုင်ပါက အခြား လုပ်ဆောင်မည့်သူများအား လွှဲပြောင်းပေးခြင်း စသည့် နည်းလမ်းများအားဖြင့် ဒေသနှင့် လိုက်လျောညီထွေ ဖြစ်စေရေးဆိုင်ရာ ဦးတည်ချက်များအား ခိုင်မာအားကောင်းစေခြင်းနှင့် မြှင့်တင် ဆောင်ရွက်ခြင်းများတွင် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ အခန်းကဏ္ဍကို ဆွေးနွေးခြင်းတို့ ပါဝင်ကောင်း ပါဝင်နိုင်သည်။ ယင်းအချက်သည် အထူးသဖြင့် တူညီသည့် ပထဝီဆိုင်ရာ နယ်မြေဒေသများရှိ ကြီးမားသော ဆောင်ရွက်ဆဲ ဖွံ့ဖြိုးရေးအစီအစဉ်များ တည်ရှိသည့် ကဏ္ဍများအတွက် အကျိုးဝင်မည် ဖြစ်သည်။

၂–၂။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများ

MHF AB အကြံပေးအဖွဲ့ သည် ရန်ပုံငွေချထားပေးခြင်းများကို အောက်ပါအခြေခံမူများနှင့်အညီ ဆောင်ရွက်မည် ဖြစ်ကြောင်း သဘောတူညီသည် –

- အကူအညီကို အကဲဖြတ်ထားသည့် လိုအပ်ချက်၏ အရေးကြီးမှု[3]နှင့် သဘောတူညီ ထားသည့် ရန်ပုံငွေချထားပေးရေး မဟာဗျူဟာတို့အပေါ် အခြေခံလျက် လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများဖြစ်သည့် လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်မှုတို့နှင့်အညီ ပေးအပ်ရန်
- ဘေးဒဏ်သင့် နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသည့် ဒေသအဆင့် နှင့် နိုင်ငံအဆင့် မိတ်ဖက်များ၏ လုပ်ပိုင်ခွင့်များနှင့် လှုပ်ရှားဆောင်ရွက်ချက်များကို ထည့်သွင်းစဉ်းစားလျက်

[2] ဤတစ်နှစ်တာ မဟာဗျူဟာကို အနာဂတ်တွင် "မြော်မြင်ချက်စာတမ်း"တစ်စောင်ဖြင့် အစားထိုးမည်ဖြစ်ပြီး ယင်း၏ စံပြုပုံစံကို HQ အဆင့်တွင် ဆွေးနွေးလျက်ရှိသည်။

[3] အဓိကရည်ညွှန်းသည့် စာရွက်စာတမ်းများမှာ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ လွှမ်းခြုံရှုမြင်ခြင်း (HNO) နှင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) တို့ဖြစ်သည်။ HNO တွင် ဦးစားပေးနယ်မြေများ၌ ကဏ္ဍအလိုက် နှင့် ကဏ္ဍများအကြား လိုအပ်ချက်၏ အရေးကြီးမှု ပါဝင်ပြီး ယင်းမှာ HRP တွင် ဖော်ပြထားသည့် တုံ့ပြန်မှု ဦးစားပေး အစီအစဉ်၏ အခြေခံဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီ ဖြည့်စွက်ပြင်ဆင်ထားသည့် သတင်းအချက်အလက်များကို ရန်ပုံငွေများ အသစ်ချထားပေးခြင်း မပြုမီ တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်အတွင်း ထည့်သွင်းနိုင်သည်။

အားသာချက်များအပေါ် အခြေခံပြီး ယင်းတို့၏ တည်ဆဲ လုပ်ဆောင်နိုင်စွမ်းကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန်

- ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာစာတမ်းများတွင် ဦးစားပေးသတ်မှတ်ထားသည့် ကဏ္ဍများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပထဝီဆိုင်ရာ နေရာဒေသများကို ဦးတည် ဆောင်ရွက်ရန်
- အထူးသဖြင့် နေရပ်စွန့်ခွာရသူများအား ထားရှိရာနေရာများတွင် ဒေသအလိုက် ဆက်စပ် အခြေအနေများပေါ် မူတည်၍ ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို လျော့ပါးသက်သာ စေခြင်းဖြင့် ဘေးအန္တရာယ်ကို ရှောင်ရှားခြင်းအပါအဝင် အနိမ့်ဆုံး လူသားချင်းစာနာမှု ဆိုင်ရာ စံသတ်မှတ်ချက် များကို ကျင့်သုံးဆောင်ရွက်ကြောင်း သေချာစေရန်
- လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်အားလုံးတွင် ဖြစ်နိုင်ခြေရှိသည့် ကာကွယ်ပေးမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေမှန်သမျှကို ရှောင်ရှားရန်နှင့်/သို့မဟုတ် အနည်းဆုံးသို့ လျှော့ချရန် အတွက် ကာကွယ်ပေးခြင်း၏ အဓိကကျမှုကို ပင်မရေစီးကြောင်းသဖွယ် ပုံမှန်လက်ခံ ကျင့်သုံးလာစေရန်
- ကူညီထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများကို အမျိုးသမီးများနှင့် မိန်းကလေးများ၊ မသန်စွမ်း သူများ ရရှိနိုင်ကြောင်း သေချာစေရန်နှင့် "တစ်ဦးတစ်ယောက်မှ မကျန်ရစ်စေရ" ဟူသော သန္ဓိဋ္ဌာန်ချမှတ် ဆောင်ရွက်မှုနှင့်အညီ ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ထားသည့် လိုအပ်ချက်များအပေါ် အခြေခံလျက် လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်စက်ဝန်း တစ်ခုလုံးတွင် သီးသန့်ဦးတည်ရည်ရွယ်ပြီး ပင်မရေစီးကြောင်းတစ်ခုသဖွယ် ဖြစ်လာ စေခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် ကျား/မဆိုင်ရာကို ဂရုပြုတုံ့ပြန်ဆောင်ရွက်ပြီး[4] မသန်စွမ်းသူများ ပါဝင်စေသည့်[5] ချဉ်းကပ်ပုံနည်းလမ်းကို အသုံးပြုကြောင်း သေချာစေရန်
- လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်အားလုံးတွင် "ထိခိုက်နစ်နာမှု မဖြစ်စေရ" ဟူသော အခြေခံမူကို အချိန်ပြည့် ကျင့်သုံးခြင်းနည်းလမ်း အပါအဝင် ပဋ္ဌိပက္ခအပေါ် အလေးဂရုပြုသည့် ချဉ်းကပ်ပုံနည်းလမ်းဖြင့် ဆောင်ရွက်ကြောင်း သေချာစေရန်
- ဖြစ်နိုင်ပြီး ဆီလျော်သည့်အချိန်များတွင် ကဏ္ဍစုံနှင့် ရည်ရွယ်ချက်ပေါင်းစုံလွှမ်းခြုံသည့် ငွေသားအကူအညီ ပေးအပ်ခြင်းအတွက် အရေးပေါ်အခြေအနေများအတွက် အရန် ရန်ပုံငွေထောက်ပံ့မှုများ အပါအဝင် ငွေသားအခြေပြု အစီအစဉ်အသုံးပြုမှုကို တိုက်တွန်းအားပေးရန်
- ဖြစ်နိုင်ပါက မိတ်ဖက်များ၊ အထူးသဖြင့် ဒေသအဆင့်နှင့် နိုင်ငံအဆင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအား တိုက်ရိုက် ရန်ပုံငွေထောက်ပံ့ခြင်းကို ဦးစားပေးအဖြစ် သတ်မှတ်လျက်၊ သို့မဟုတ် တစ်ဆင့်ခံမိတ်ဖက်များအဖြစ် မျှတပြီး ဘက်လိုက်မှုကင်းသည့် မိတ်ဖက်ပြုခြင်းအားဖြင့် "တတ်နိုင်သမျှ ဒေသဆန်ပါ၊ လိုအပ်ပါက နိုင်ငံတကာ" ဟူသော အခြေခံမူကို မြှင့်တင်ဆောင်ရွက်ရန်၊ ယင်းတွင် ဒေသအဆင့် အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများဦးဆောင်သည့် ဒေသအဆင့်အဖွဲ့အစည်းများ

[4] Gender Equality and the Empowerment of Women and Girls in Humanitarian Action (2017) ဆိုင်ရာ IASC မူဝါဒ (နှင့် တာဝန်ခံမှုမူဘောင်)

[5] IASC Guidelines, Inclusion of Persons with Disabilities in Humanitarian Action (2019)

(WRO/WLO) နှင့် အခြား လျစ်လျူရှုခြင်းခံထားရသည့် အရပ်ဘက်အဖွဲ့အစည်း (CSO) အုပ်စုများ ပါဝင်စေရမည်။[6]

- ဖြစ်နိုင်သည့် အခြေအနေများတွင် ပိုမိုပေါင်းစည်းထားသည့် တုံ့ပြန်မှုများ ထွက်ပေါ် လာစေရန် ကွဲပြားခြားနားသည့် အဖွဲ့အစည်းများ ပေါင်းစပ်စုစည်းထားသည့် အဖွဲ့များကို တိုက်တွန်းအားပေးရန်
- ပိုမိုထိရောက်စေရန် တစ်ခုတည်းသော ဦးတည် အုပ်စုများနှင့် တူညီသည့် ပထဝီဆိုင်ရာ နေရာ ဒေသများအတွက် ကဏ္ဍစုံလွှမ်းခြုံပြီး ပေါင်းစည်းထားသည့် လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ရန်၊ ယင်းကို အသိအမှတ်ပြုသော်လည်း အရေးပေါ်ဖြစ်ရပ် တစ်စုံတစ်ရာ ပေါ်ပေါက်သည့် အချို့အခြေအနေများတွင်[7] ရွေးချယ် အာရုံစိုက်သည့် ဝင်ရောက်ဆောင်ရွက်မှုများ လိုအပ်နိုင်သည်။
- သင့်လျော်သည့် အခြေအနေတွင် ပိုမိုထိရောက်စေရန် တူညီမှုရှိသည့် ထိခိုက်လွယ်မှုများ သို့မဟုတ် အကြောင်းအရာများအပေါ် အခြေခံ၍ အရေးပေါ်အခြေအနေများအတွက် အရန်ရန်ပုံငွေချထားပေးခြင်းများကို ဦးစားပေးလုပ်ဆောင်ရန်
- ဘေးဒဏ်သင့်လူထုအား တာဝန်ခံယူမှုရှိကြောင်းနှင့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့တွင် ယင်းတို့ အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက်မှု ရှိကြောင်း သေချာစေရန်၊ အထူးသဖြင့် အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှု၊ သို့မဟုတ် အခြား အမျိုးအမည် စုံလင်ကွဲပြားမှုများဖြစ်သည့် လူမျိုးစုနောက်ခံ၊ လိင်ဆိုင်ရာတိမ်းညွှတ်မှု နှင့် ကျား/မဆိုင်ရာ သတ်မှတ်ချက်တို့နှင့် ဆက်စပ်နေသော ထိခိုက်လွယ်သည့် သီးသန့် အခြေအနေများရှိသည့် လူဦးရေအုပ်စုများ၏ အကူအညီရယူနိုင်စွမ်းရှိမှုကို ထည့်သွင်း စဉ်းစားရန်၊ တာဝန်ခံမှု စနစ်များနှင့် အစီအစဉ်ဒီဇိုင်းနှင့် စီမံချက် စီမံခန့်ခွဲမှုတို့တွင် ယင်းတို့၏ ထည့်ဝင်မှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားရန်
- အစီအစဉ်ဆိုင်ရာ ဝန်ထမ်းများအား ပုံမှန်သင်တန်းပို့ချခြင်းနှင့် ဘေးဒဏ်သင့်ပြည်သူများက လျှို့ဝှက်တိုင်ကြားနိုင်မည့် လုပ်ဆောင်မှုစနစ်များကို တည်ထောင် ပေးခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ အကာအကွယ်ပေးခြင်း (PSEA) ကို သန္ဓိဋ္ဌာန်ချမှတ် လုပ်ဆောင်ရန်
- ကာလတို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ခြင်းဖြင့် ဘေးဒဏ်သင့်ပြည်သူများ အတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုများကို အထောက်အကူပြုပေးရန်

---

[6] IASC Interim Guidance on Localization and the COVID-19 Response နှင့် UNSG Statement of 25 November 2020 on violence against women တို့နှင့်အညီဖြစ်သည်။ IASC Interim Guidance ကို လိုက်နာလျက် "လူသားချင်း စာနာမှုဆိုင်ရာ ဦးဆောင်မှုသည် အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများဦးဆောင်သည့် ဒေသအဆင့် အဖွဲ့အစည်း များနှင့် အခြားဖယ်ကြဉ်ခြင်း ခံထားရသည့် အုပ်စုများ၏ CSO များ အပါအဝင် ဒေသဆင့်နှင့် နိုင်ငံအဆင့် NGO များအား စုပေါင်းထားသည့် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ဘက်ညီစွာနှင့် ဘက်လိုက်မှုကင်းစွာ ချမှတ်မှုတွင် အပြည့်အဝ ပါဝင်စေရန် ပညာပေးသင့်သည်။ အထောက်အထားများအရ ယင်းတို့သည် လုပ်ငန်းစဉ်မှ မကြာခဏ ချန်ထားရစ်ခြင်း ခံကြရသည်။"

[7] ဥပမာ ရေကြီးမှု သို့မဟုတ် အခြားသဘာဝဘေးအန္တရာယ် ကျရောက်မှုများတွင် သီးသန့်ကဏ္ဍတစ်ခု၌ ဦးတည်ရည်ရွယ် လျက် ဝင်ရောက်ဆောင်ရွက်ခြင်းများသည် ကဏ္ဍအများအပြားတွင် ဝင်ရောက်ဆောင်ရွက်ခြင်းများထက် ပိုမိုလျင်မြန်ပြီး ထိရောက်သည့် သက်ရောက်မှုမျိုးကို ရရှိစေနိုင်သည်။ ဥပမာ ရေကြီးမှုဒဏ်ခံရသည့် လူ့အသိုင်းအဝိုင်းများတွင် အဓိက စိုးရိမ်မှုမှာ အသက်မွေးမှုများ ပြန်လည်တည်ထောင်ရေးဖြစ်ပြီး လယ်ယာစိုက်ပျိုးမွေးမြူရေးနှင့် ထုတ်လုပ်နိုင်စွမ်းကို ခိုင်မာအားကောင်းစေရန် အင်တိုက်အားတိုက် ကူညီပေးခြင်းသည် လူ့အသိုင်းအဝိုင်း၏ လတ်တလောလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်မှုပေးနိုင်ပြီး ပြန်လည်ရုန်းထနိုင်စေသည့်အပြင် လူမှုရေးဝန်ဆောင်မှုများကို ရယူနိုင်စေသည်။

- တူညီသည့် ပထဝီဆိုင်ရာ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်နေသော သက်ဆိုင်မှု ရှိသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ ရန်ပုံငွေအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ချိတ်ဆက် ခြင်းများ ပြုလုပ်နိုင်စေပြီး ပေါင်းစည်းရလဒ်များ ပေါ်ထွက်လာစေမည့် အခြေအနေများ ဖန်တီးရန် ပေါင်းစပ်ချိတ်ဆက် အစီအစဉ်ဆိုင်ရာ ဆွေးနွေးမှုတွင် ပါဝင်အကျိုးပြုရန်၊ ယင်းသို့ဆောင်ရွက်ရာ၌ လူသားချင်း စာနာမှုဆိုင်ရာ လုပ်ဆောင်ချက်ကို အခြေခံမူဖြင့် ချဉ်းကပ်သည့် နည်းလမ်းအပေါ် အခြေပြုထားရန်။

ယင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများကို တစ်နှစ်တာမဟာဗျူဟာတစ်ရပ်တွင် ပုံမှန် ဖြည့်စွက် ပြင်ဆင် သတ်မှတ်ပြီး နှစ်စဉ် ဧန်နဝါရီလကုန်တွင် အတည်ပြုပေးသည်။

၂-၃။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ အချိန်ပြမျဉ်း

MHF အကြံပေးအဖွဲ့ သည် အလှူရှင်များ၏ ထည့်ဝင်မှုကို အချိန်မီလက်ခံရရှိမှုပေါ် မူတည်သည့် အောက်ပါ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ ယာယီအဆိုပြု အချိန်ပြမျဉ်းကို သဘောတူညီထားသည် –

- **မေ** (ဇူလိုင်တွင် စတင်သည့် စီမံချက်များ) – မျှော်လင့်ထားသည့် ထည့်ဝင်မှုများ၏ ၅၀ ရာခိုင်နှုန်းကို ပထမအကြိမ် ပုံမှန်ရန်ပုံငွေချထားပေးခြင်း
- **နိုဝင်ဘာ** (ဧန်နဝါရီတွင် စတင်သည့် စီမံချက်များ) – ရာသီအလိုက် မုတ်သုန်ကာလ ကြိုတင်ပြင်ဆင်မှု ဆိုင်ရာ လုပ်ဆောင်ချက်များအတွက် အရေးပေါ်အခြေအနေ အရန်ရန်ပုံငွေသတ်မှတ်ချက် အပါအဝင် မျှော်လင့်ထားသည့် ထည့်ဝင်မှုများ၏ ၃၀ ရာခိုင်နှုန်းကို ဒုတိယအကြိမ် ပုံမှန်ရန်ပုံငွေချထားပေးခြင်း
- **တစ်နှစ်အတွင်း မည်သည့်ကာလမဆို** – မျှော်လင့်ထားသည့် ထည့်ဝင်မှုများ၏ ၂၀ ရာခိုင်နှုန်းကို အရေးပေါ်ရန်ပုံငွေ ချထားပေးခြင်း။

၂-၄။ ဒေသနှင့် လိုက်လျောညီထွေဖြစ်စေမှုကို မြှင့်တင်ဆောင်ရွက်ခြင်း

MHF သည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရာ၌ ဒေသနှင့် လိုက်လျော ညီထွေ ဖြစ်သည့် ချဉ်းကပ်ပုံနည်းလမ်းကို မြှင့်တင်ဆောင်ရွက်ရန် ဒေသအဆင့်နှင့် နိုင်ငံအဆင့် မိတ်ဖက်များအပေါ်၌ အာရုံစိုက်လျက် ယင်း၏ ဆောင်ရွက်ဆဲ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ဆောင်ရွက်မည်။ ယင်းသို့ဆောင်ရွက်ရာ၌ ပဋ္ဌိပက္ခကို အလေးဂရုပြုရန် ထည့်သွင်း စဉ်းစားလျက် လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများကို လေးစားခြင်းအပါအဝင် အထက်ပါ သဘောတူညီထားသည့် MHF လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများနှင့်အညီ ဆောင်ရွက်မည်။ ဒေသနှင့် လိုက်လျောညီထွေဖြစ်စေသည့် လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်နိုင်သည် –

- တာဝန်ခံစေခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း စနစ်များတွင် ဒေသအဆင့်နှင့် နိုင်ငံအဆင့် မိတ်ဖက်များ ပါဝင်ဆောင်ရွက်စေခြင်း၊ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာများကို ပြင်ဆင်ပြုစုခြင်း၊ တင်သွင်းသည့် အဆိုပြုလွှာများကို အကြိုရွေးချယ်ခြင်းနှင့် ရွေးချယ် ထားသည့် စီမံချက်များအား

နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းတို့ အပါအဝင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို ခိုင်မာအားကောင်းစေခြင်း၊ ယင်းတို့တွင် တောင်းဆိုလာပါက MHF အကြံပေးအဖွဲ့ နှင့် အစီအစဉ်မရှိဘဲ အစည်းအဝေးပြုလုပ်ခြင်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဗဟိုချုပ်ကိုင်မှုမရှိသည့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်းတို့ ပါဝင်နိုင်သည်။

- MHF ရန်ပုံငွေထောက်ပံ့ရေးစနစ်များနှင့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံအဆင့် မိတ်ဖက်များ၏ နားလည်မှုကို တိုးတက်ကောင်းမွန်စေရန် ဆီလျော်မှုရှိသည့် မြန်မာနိုင်ငံ ဆိုင်ရာ ဆက်စပ်အခြေအနေနှင့် ဖြစ်ရပ်လေ့လာမှုများကို အသုံးပြုပြီး အဓိကကျသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ သဘောတရားများကို လက်လှမ်းမီနိုင်သည့် ဘာသာစကားဖြင့် ဖွင့်ဆိုရှင်းလင်းခြင်း
- MHF ၏ ရန်ပုံငွေထောက်ပံ့ခြင်းနှင့် လုပ်ငန်းစဉ်များတွင် ဒေသအဆင့်နှင့် နိုင်ငံအဆင့် မိတ်ဖက်များ၊ အထူးသဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၌ ဒေသအဆင့် အဖွဲ့အစည်းများ၊ WRO/WLO များ၊ CSO များနှင့် ထိတွေ့ဆောင်ရွက်မှုကို ပိုမိုမြင့်မားပြီး ပိုမိုကောင်းမွန် လာစေရန် မှီငြမ်းပြုစုထားသည့် မဟာဗျူဟာများကို အသုံးပြုခြင်း၊ ယင်းကို လုပ်ဆောင်နိုင်စွမ်း ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း နည်းလမ်းများဖြင့် ဒေသအဆင့် မိတ်ဖက်များနှင့် ပိုမိုတိုးတက် ထိတွေ့ဆောင်ရွက်ရေးဆိုင်ရာ လက်ရှိအစပြု လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ယင်းတို့တွင် ဦးဆောင်မှုနှင့် အခြား အဓိကကျသည့် ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စွမ်းတို့ ပါဝင်စေခြင်း
- သဘာဝဘေးအန္တရာယ်များ သို့မဟုတ် အခြားအရေးပေါ် အခြေအနေများ ရုတ်တရက် ကျရောက်သည့် ဖြစ်ရပ်တွင် ဒေသအဆင့် CSO များထံမှ အလျင်အမြန် တုံ့ပြန်ဆောင်ရွက် မှုကို အဆင်သင့် အထောက်အကူပြုနိုင်ရန် ရန်ပုံငွေများ ကြိုတင်နေရာချထားနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို ဆွေးနွေးခြင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ အကူအညီ တောင်းခံလာသည့် CBO များကို ကိစ္စရပ်တစ်ခုချင်းအလိုက် ရန်ပုံငွေများ ပေးအပ်ရေး အတွက် ရန်ပုံငွေများ လက်ခံနိုင်ရန် လုံလောက်သော လုပ်ဆောင်နိုင်စွမ်းနှင့် ရှင်းလင်းသည့် စံနှုန်းသတ်မှတ်ချက်များရှိသည့် လုပ်ငန်းဆောင်ရွက်မှု မိတ်ဖက်တစ်ဦး လိုအပ်မည် ဖြစ်သည်။
- အလားအလာရှိသည့် မိတ်ဖက်များ၊ အထူးသဖြင့် ကာလကြာမြင့်သော အကျပ်အတည်းဒဏ် ခံစားရသည့် နယ်မြေဒေသများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်သော ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် နယ်မြေဒေသများရှိ ဒေသအဆင့်နှင့် နိုင်ငံအဆင့် မိတ်ဖက်များနှင့် MHF အကြောင်း သိရှိနားလည်မှုမြှင့်တင်သော ဆွေးနွေးမှုများပြုလုပ်ခြင်း
- လိုအပ်ပါက နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များ၌ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများကို မြန်မာဘာသာဖြင့် ပြုလုပ်ခြင်း
- MHF ၏ အွန်လိုင်းဖြင့်ဆောင်ရွက်သော ခွင့်ပြုရန်ပုံငွေစီမံခန့်ခွဲမှုစနစ် (GMS) နှင့် စီမံချက် ဒီဇိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို (ရန်ပုံငွေချထားပေးမှု အသစ်များ ရရှိချိန်တွင်) မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီသော တည်ဆဲမိတ်ဖက်များ၊ မိတ်ဖက် အသစ်များနှင့် ပြုလုပ်ခြင်း

- စီမံချက်စီမံခန့်ခွဲမှု စက်ဝန်းဆိုင်ရာ ပြန်လည်ဆန်းသစ်ပေးသည့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် မိတ်ဖက်များ၊ တစ်ဆင့်ခံမိတ်ဖက်များနှင့် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် (အရေးပေါ်အခြေအနေအတွက် အရန်ရန်ပုံငွေ ချထားပေးမှု တစ်ခုအတွင်း ခွင့်ပြုရန်ပုံငွေများကို အတည်ပြုပြီးနောက် မည်သည့်အချိန်၌မဆို) ကျင်းပပြုလုပ်ခြင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲများတွင် အဓိကအားဖြင့် ပဋိပက္ခ၏ သက်ရောက်ခြင်းခံရသည့် နယ်မြေဒေသများတွင် လုပ်ငန်း ဆောင်ရွက်နေသူများ အတွက် ဝန်ထမ်းများ ဘေးကင်းလုံခြုံရေး၊ အဝေးမှ စီမံခန့်ခွဲမှုနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုတို့ ဆိုင်ရာ သီးသန့်သင်ခန်းစာများ ပါဝင်နိုင်သည်။
- MHF နှင့် ၎င်းတို့ မိတ်ဖက်အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းပြည့်မီမှုဆိုင်ရာ သိရှိနားလည်မှုကို မြှင့်တင်ရန် WRO/WLO နှင့် အခြားလျစ်လျူရှုခြင်းခံထားရသည့် လူအုပ်စုများ၏ CSO များနှင့် တက်ကြွစွာ ထိတွေ့ဆောင်ရွက်ခြင်း၊ စီမံချက်ဒီဇိုင်း၊ စီမံချက် စီမံခန့်ခွဲမှုစက်ဝန်းနှင့် ပဋိပက္ခအပေါ် အလေးဂရုပြုခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများတို့ကဲ့သို့ အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ခြင်းတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်စေရန် တိုက်တွန်းအားပေးခြင်း
- ရရှိခဲ့သည့် သင်ခန်းစာများ၊ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့် MHF စီမံခန့်ခွဲမှုအား ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံပြုချက်များအား ဆွေးနွေးရန် လုပ်ဆောင်မှုနောက်ပိုင်း ပြန်လည်သုံးသပ်မှုကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပြုလုပ်ခြင်း
- အကောင်အထည်ဖော်သည့် ကာလအတွင်း မိတ်ဖက်များနှင့် နေ့စဉ်ဆက်သွယ်မှုများကို လိုအပ်သလို ဆောင်ရွက်ခြင်း။

၃။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

MHF ၏ လှုပ်ရှားဆောင်ရွက်ချက်များကို HC ၏ ကြီးကြပ်လမ်းညွှန်မှုအောက်၌ ဆောင်ရွက်မည် ဖြစ်သည်။ HC ကို AB နှင့် OCHA ဦးဆောင်သည့် လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့ရေး ဌာန (HFU) တို့က အထောက်အကူပြုပေးမည်ဖြစ်ပြီး MHF ၏ လုပ်ဆောင်ချက်များကို ဖြည့်ဆည်း ဆောင်ရွက် ပေးမည်ဖြစ်သည်။ MHF AB ကို HC က ဥက္ကဋ္ဌအဖြစ် ဦးဆောင်မည်ဖြစ်ကာ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ (၎င်းတို့က အစုအဖွဲ့၏ ဦးဆောင် အဖွဲ့အစည်းများအဖြစ် ဆောင်ရွက်မည်) နှင့် NGO ကိုယ်စားလှယ်များ၏ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ဆောင်ရွက်မှုကို ကြိုဆိုမည်ဖြစ်သည်။ ကဏ္ဍအလိုက်နှင့် အစုအဖွဲ့အလိုက် ပေါင်းစပ် ညှိနှိုင်းရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ် ပေါင်းစပ်ညှိနှိုင်းသူ များသည် ဦးစားပေးအစီအစဉ် သတ်မှတ်ရာ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည့်အပြင် မဟာဗျူဟာအဆင့်နှင့် နည်းပညာအဆင့် နှစ်ရပ်လုံးတွင် စီမံချက် ပြန်လည်သုံးသပ်မှုကိုလည်း ပြုလုပ်မည်ဖြစ်သည်။

၃–၁။ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး

HC သည် CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် အသေးစိတ်ဖော်ပြ ထားသကဲ့သို့ MHF ၏ အလုံးစုံစီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့ကို ဦးဆောင်မည်ဖြစ်သည်။ ယင်းကို OCHA ၏ ရုံးအကြီးအကဲ

(HoO) နှင့် OCHA ၏ လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့ရေး ဌာန (HFU) တို့က အထောက်အကူပြုပေးမည်ဖြစ်ကာ MHF AB က အကြံပြုမည် ဖြစ်သည်။

၃-၂။ အကြံပေးအဖွဲ့

AB သည် နိုင်ငံအတွင်း၌တည်ရှိသည့် အကြံပေးသည့် လုပ်ဆောင်ချက်ပါဝင်သော အုပ်ချုပ်မှုအဖွဲ့ ဖြစ်ပြီး ယင်းက မဟာဗျူဟာကို ထိန်းကျောင်းပေးရန်နှင့် MHF ၏ စွမ်းဆောင်ရည်ကို ကြီးကြပ် ကွပ်ကဲရန် HC ကို ကူညီပံ့ပိုးပေးသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချရန် လုပ်ပိုင်ခွင့်မှာ HC ထံ၌သာ အကြွင်းမဲ့တည်ရှိနေပြီး HC သည် AB ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ AB သည် လွှမ်းခြုံမဟာဗျူဟာ တစ်ရပ်ကို ပြုစုဖော်ထုတ်ရာ၌လည်းကောင်း၊ MHF ၏ စွမ်းဆောင်ရည်ကို ကြီးကြပ်ကွပ်ကဲရာ၌ လည်းကောင်း HC ကို ကူညီပံ့ပိုးပေးသည်။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာများ၊ ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင်၊ ရင်းမြစ်များ စုစည်းရယူ အသုံးပြုမှုနှင့် ရန်ပုံငွေ အဖွဲ့နှင့် စပ်လျဉ်း၍ HC က ချမှတ်ခဲ့သော မည်သည့်အဓိကဆုံးဖြတ်ချက်မဆို အပါအဝင် MHF ၏ စီမံခန့်ခွဲမှုတွင် အဓိကကျသော အစိတ်အပိုင်းများနှင့် မဟာဗျူဟာမြောက် ဦးတည်ရာလမ်းကြောင်း တို့နှင့် ပတ်သက်၍ AB နှင့် တိုင်ပင်ဆွေးနွေးသည်။ ထို့ပြင် AB သည် HC က လက်ခံအတည်မပြုမီ ရန်ပုံငွေအဖွဲ့၏ တိုက်ရိုက် ကုန်ကျ စရိတ်များကိုလည်း ပြန်လည်သုံးသပ်သည်။

AB ၏ လုပ်ဆောင်ချက်များကို CBPF များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၂ ရက်စွဲဖြင့် ပြန်လည်ပြင်ဆင်ထားသည့် လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ကန့်သတ်ချက်များ (နောက်ဆက်တွဲ ၁) တွင် အသေးစိတ် ဖွင့်ဆိုရှင်းလင်းထားသည်။

AB ၏ ဖွဲ့စည်းပုံကို HC က HCT၊ ထည့်ဝင်အကျိုးပြုသူ အလှူရှင်များ၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် NGO များနှင့် အပြည်ပြည်ဆိုင်ရာ NGO များနှင့် တိုင်ပင်ဆွေးနွေးဆုံးဖြတ်သည်။ ၎င်းက ရန်ပုံငွေ အဖွဲ့ကို အဓိကကျသည့် အကျိုးသက်ဆိုင်သူများ (အလှူရှင်များ၊ ကုလအဖွဲ့အစည်းများ၊ နိုင်ငံ အဆင့် NGO များနှင့် အပြည်ပြည်ဆိုင်ရာ NGO များ) က မျှတစွာ ကိုယ်စားပြုကြောင်း သေချာစေရန် ဆောင်ရွက်ပေးသည်။ AB ကို HC ဖြစ်သူက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပပေးသည်။ OCHA ရုံးအကြီးအကဲ (HoO) သည် AB ၏ အစိတ်အပိုင်းဖြစ်ပြီး OCHA ကို ကိုယ်စားပြုသည်။ OCHA ၏ လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးဌာန (HFU) က AB ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်သည်။

ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် အဖွဲ့ဝင်ဦးရေကို ဥက္ကဋ္ဌနှင့် OCHA တို့ ပါဝင်ခြင်း မရှိပါက အများဆုံး ၁၂ ဦးအထိ[8] ကန့်သတ်ထားပြီး ယင်းတို့က ကွဲပြားခြားနားသည့် ကိုယ်စားပြုရာ နယ်ပယ်လေးခုဖြစ်သည့် ဒေသအဆင့်နှင့် နိုင်ငံအဆင့် NGO များနှင့် CSO များ၊ အပြည်ပြည်ဆိုင်ရာ NGO များ၊ ကုလသမဂ္ဂစနစ်နှင့် MHF သို့ ထည့်ဝင်အလှူရှင်များကို အောက်ပါအတိုင်း ညီတူညီမျှ ကိုယ်စားပြုသည် –

[8] အဖွဲ့ဝင်ဦးရေ ကန့်သတ်ခြင်းကို ပြန်လည်ပြင်ဆင်ထားသည့် ကမ္ဘာ့အဆင့် CBPF လမ်းညွှန်ချက်များအရ အခြားအဖွဲ့ဝင်များ၏ အုပ်စုများကို ညီတူညီမျှ ကိုယ်စားပြုနိုင်စေရန် အမျိုးအစားအလိုက် သတ်မှတ်သည်။

- **ဒေသအဆင့်နှင့် နိုင်ငံအဆင့် NGO များ** – ပထဝီဆိုင်ရာ နေရာဒေသများနှင့်/သို့မဟုတ် အကြောင်းရပ်အလိုက် သွင်ပြင်လက္ခဏာများ (ကျား/မ၊ မသန်စွမ်းသူများ၊ စသည်ဖြင့်)ကို ကိုယ်စားပြုသည့် ဒေသအဆင့်နှင့် နိုင်ငံအဆင့် NGO နှင့် CSO အများဆုံး (၃) ဦး
- **အပြည်ပြည်ဆိုင်ရာ NGO များ** – INGO ညီလာခံမှ အဆိုပြုသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ NGO အများဆုံး (၃) ဦး
- **ကုလသမဂ္ဂစနစ်** – လူသားချင်းစာနာမှုဆိုင်ရာ လုပ်ပိုင်ခွင့်အပ်နှင်းမှု ရရှိထားသည့် ကုလသမဂ္ဂအဖွဲ့အစည်း အများဆုံး (၃) ဦး
- **ထည့်ဝင်အကျိုးပြုသည့် အလှူရှင်များ** – MHF သို့ ထည့်ဝင်အကျိုးပြုသူအလှူရှင် အများဆုံး (၃) ဦး။

ထည့်ဝင်အကျိုးပြုခြင်းမရှိသည့် အလှူရှင်များနှင့် ကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှုတို့ အပါအဝင် စောင့်ကြည့်လေ့လာသူ အများဆုံး (၂) ဦးကို AB အဖွဲ့ဝင်များက အဆိုပြုနိုင်သည်။ အခြား စောင့်ကြည့်လေ့လာသူများကို HC ၏ အတည်ပြုချက်ရရှိပြီးနောက် လိုအပ်သလို ဖိတ်ကြား နိုင်သည်။ ယင်းတို့တွင် OCHA ၏ နည်းပညာကျွမ်းကျင်သူများ၊ အစုအဖွဲ့/ကဏ္ဍအလိုက် ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ်များနှင့် မိတ်ဖက်ကိုယ်စားလှယ်များ ပါဝင်နိုင်သည်။

အဖွဲ့ဝင်သက်တမ်းမှာ တစ်နှစ်ဖြစ်သည်။ အဖွဲ့ဝင်ဖြစ်ခြင်းကို ယင်းကာလ ကျော်လွန်ပြီးနောက် ဖြစ်စေ၊ အဖွဲ့ဝင်များက တောင်းဆိုသည့် မည်သည့်အချိန်တွင်မဆိုဖြစ်စေ ပြန်လည်သုံးသပ်မည်။[9] HC နှင့် OCHA HoO တို့နှစ်ဦးသာလျှင် အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသည်။ AB အဖွဲ့ဝင်များသည် အကြီးတန်းခေါင်းဆောင်အဆင့် (အဖွဲ့အစည်း၏ အကြီးအကဲ၊ စသည်) ဖြစ်ရမည်။ အလှည့်ကျ လည်ပတ်စနစ် သို့မဟုတ် တစ်ယောက်တစ်လှည့်စီ ကိုယ်စားပြုမှုကိုလည်း အဖွဲ့ဝင်တစ်ဦးစီအတွက် သတ်မှတ်ပေးနိုင်သည်။ အစည်းအဝေးတစ်ရပ်တွင် AB ၏ အဖွဲ့ဝင်အားလုံး တက်ရောက်ခြင်း မရှိပါက အနည်းဆုံးအားဖြင့် HC သို့မဟုတ် OCHA၊ အနည်းဆုံး အလှူရှင်တစ်ဦး၊ ကုလသမဂ္ဂ အဖွဲ့အစည်း တစ်ခု၊ နိုင်ငံအဆင့် NGO တစ်ခုနှင့် အပြည်ပြည်ဆိုင်ရာ NGO တစ်ခုအပါအဝင် အဖွဲ့ဝင်ခုနစ်ဦး တက်ရောက်ခြင်းကို အထမြောက်ရန် အနည်းဆုံးလိုအပ်ချက် ပြည့်မီသည်ဟု ယူဆရမည်။ အဆက်အစပ် ပြတ်တောက်မှု မရှိစေရန် AB ၏ အဖွဲ့ဝင်များအား အစားထိုးခြင်းကို တစ်ပြိုင်နက် မဟုတ်ဘဲ အလှည့်ကျလုပ်ဆောင်နိုင်သည်။

AB အဖွဲ့ဝင်များသည် ၎င်းတို့၏ တစ်ဦးချင်းရာထူး၊ တာဝန်များအရ မဟုတ်ဘဲ ပိုမိုကျယ်ပြန့်သော ၎င်းတို့ ကိုယ်စားပြုသည့်နယ်ပယ်၏ ကိုယ်စားလှယ်အဖြစ်သာ လုပ်ဆောင်သင့်သည်။ AB အဖွဲ့ဝင်သည် အကြီးတန်းခေါင်းဆောင်အဆင့် (အဖွဲ့အစည်းအကြီးအကဲ၊ စသည်) ဖြစ်ရမည်။ အဖွဲ့ဝင်များသည် ၎င်းတို့ ကိုယ်စားပြုသည့် နယ်ပယ်များ သို့မဟုတ် အကျိုးစီးပွားသက်ဆိုင်သူ အုပ်စုများမှ နည်းပညာဆိုင်ရာ သို့မဟုတ် မဟာဗျူဟာမြောက် ကျွမ်းကျင်သူများအဖြစ် တာဝန်ထမ်းဆောင် ရမည်ဖြစ်ပြီး ၎င်းတို့၏ အဖွဲ့အစည်းများ သို့မဟုတ် ပိုမိုကျယ်ပြန့်သည့် ၎င်းတို့ကိုယ်စားပြုသည့် နယ်ပယ်များ၏ အကျိုးစီးပွားများကို ကိုယ်စားပြုခြင်း မရှိပါ။ အဖွဲ့ဝင်များသည် AB

[9] ဥပမာ MHF သို့ ထည့်ဝင်အကျိုးပြုသည့် နောက်ထပ်အလှူရှင်သစ်တစ်ဦးဖြင့် ပါဝင်ဖွဲ့စည်းပြီးနောက်တွင်ဖြစ်သည်။

အစည်းအဝေးများ အားလုံးကို တက်ရောက်ရန်နှင့် အီးမေးလ်ဖြင့်ဖြစ်စေ၊ အွန်လိုင်းဖြင့်ဖြစ်စေ လိုအပ်သလို မှတ်ချက်ပြုခြင်း အပါအဝင် AB က လိုအပ်သည့် လုပ်ငန်းတာဝန်အားလုံးကို အပြည့်အဝ ထမ်းဆောင်ရန် ကတိကဝတ်ပြုကြသည်။ AB အဖွဲ့ဝင်များသည် AB အစည်းအဝေးများအတွင်း ဆုံးဖြတ်ချက်များ ပြုလုပ်ရန် ၎င်းတို့ ကိုယ်စားပြုသူများထံမှ အခွင့်အာဏာအပ်နှင်းမှု ရရှိသင့်သည်။

AB သည် တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် အစည်းအဝေးပြုလုပ်သင့်ပြီး တစ်နှစ်လျှင် လေးကြိမ် ပြုလုပ်ပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ယင်းအစည်းအဝေးများတွင် HFU အတွက် ဘတ်ဂျက်များ အတည်ပြုပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲကို ပြန်လည်သုံးသပ်ခြင်း၊ ရန်ပုံငွေ ချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန် အစည်းအဝေးထိုင်ခြင်း၊ သို့မဟုတ် လူသားချင်း စာနာမှုဆိုင်ရာ ဆက်စပ် အခြေအနေနှင့်အညီ အပြောင်းအလဲများပြုလုပ်ရန် ဆွေးနွေးခြင်းတို့ အပါအဝင် အထက်ဖော်ပြပါ လုပ်ငန်းတာဝန်မျိုးစုံလည်း အကျုံးဝင်မည်ဖြစ်သည်။ ရန်ပုံငွေအဖွဲ့၏ မဟာဗျူဟာမြောက် ဦးတည်ရာလမ်းကြောင်းကို ပြန်လည်သုံးသပ်ရန်၊ ရှုတ်ထွေး ခက်ခဲသည့် ရန်ပုံငွေချထားပေးခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များကို အထောက်အကူပြုရန် သို့မဟုတ် ပြန်လည်သုံးသပ်ရန် သို့မဟုတ် လာရောက်သည့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ် အဖွဲ့များနှင့် AB အဖွဲ့အဖြစ် လက်ခံတွေ့ဆုံရန်နှင့် ရန်ပုံငွေအဖွဲ့၏ ထိရောက်မှုကို သုံးသပ်အကဲဖြတ်ရန် အကြိမ်ရေစိတ်စိတ် ပြုလုပ်သည့် သို့မဟုတ် လိုအပ်ချက်အရ ပြုလုပ်သည့် အစည်းအဝေးများ ကျင်းပပေးရန် HC က လိုအပ်သည်ဟု သတ်မှတ်လျက် တောင်းဆိုနိုင်သည်။ (အများပြည်သူဆိုင်ရာ ညီလာခံမဟုတ်သည့်) MHF ၏ အကြံပေးအဖွဲ့ အစည်းအဝေးများအား တက်ရောက်ခွင့်ကို ကန့်သတ်ထားပြီး HC ထံမှ တရားဝင် ဖိတ်ကြားချက် အမြဲလိုအပ်သည်။

၃-၃။ ပြန်လည်သုံးသပ်ရေး ကော်မတီ

ရန်ပုံငွေချထားပေးခြင်းများသည် စီမံချက်ပြန်လည်သုံးသပ်ခြင်း အမျိုးအစားနှစ်ရပ်ဖြစ်သည့် မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်ခြင်းနှင့် နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည် သုံးသပ်ခြင်းတို့ကို ဖြတ်ကျော်ရသည်။ မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်ခြင်းမှာ စီမံချက် အဆိုပြုလွှာများကို HC နှင့် AB တို့က ဆုံးဖြတ်သတ်မှတ်သည့် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာများနှင့် ချိန်ထိုးရှုလည်းကောင်း၊ ထို့ပြင်/သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ လက်စွဲတွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ရန်ပုံငွေအဖွဲ့၏ လွှမ်းခြုံမှု နယ်ပယ်နှင့် ဦးတည်ချက်များနှင့် ချိန်ထိုးရှုလည်းကောင်း ပထမအကြိမ် ပြန်လည်စစ်ဆေးခြင်းဖြစ်သည်။ သက်ဆိုင်ရာ ကဏ္ဍအလိုက် သုံးသပ်လမ်းညွှန်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းမှာ ဘတ်ဂျက်ကိစ္စရပ်များ အပါအဝင် ကနဦး ရွေးချယ်ထားသည့် စီမံချက်အဆိုပြုလွှာများ၏ နည်းပညာအရ ခိုင်မာမှုနှင့် အရည်အသွေးကို အကဲဖြတ်ခြင်းဖြစ်သည်။

MHF ၏ ပြန်လည်သုံးသပ်ရေးကော်မတီသည် MHF က လက်ခံရရှိသည့် စီမံချက်အဆိုပြုလွှာများကို မဟာဗျူဟာမြောက်နှင့် နည်းပညာအရ ပြန်လည်သုံးသပ်ခြင်းအတွက် တာဝန်ရှိသည်။ ပြန်လည် သုံးသပ်ရေး ကော်မတီကို OCHA HFU က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ယင်းက လွယ်ကူ ချောမွေ့စေရန် အထောက်အကူပြုပေးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည့်အပြင် ခိုင်မာ အားကောင်းသည့် ပိုင်းခြားသုံးသပ်မှုကိုလည်း

မိတ်ဆက်ပေးသည်။ ယင်းကော်မတီကို ကဏ္ဍများ၊ အစုအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဒေသအဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ် ပေါင်းစပ် ညှိနှိုင်းရေးမှူးများဖြင့် ဖွဲ့စည်းထားသည်။ အချို့ဖြစ်ရပ်များတွင် သက်ဆိုင်သည့် အကြံပေးများ[10] သို့မဟုတ် အကျိုးသက်ဆိုင်သူများကိုလည်း ဖိတ်ကြားနိုင်သည်။ စီမံချက် အဆိုပြုလွှာ တင်သွင်းသည့် ဦးဆောင်အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့် ပေါင်းစပ်ညှိနှိုင်းရေးမှူး(များ)သည် ယင်းအဖွဲ့အစည်း လျှောက်ထားခဲ့သည့် သီးသန့်ပထဝီဆိုင်ရာ နေရာဒေသအတွက် MHF ပြန်လည်သုံးသပ်ရေး ကော်မတီတွင် ပါဝင်ခြင်းမပြုနိုင်ပါ။ ယင်းသို့သော ဖြစ်ရပ်တွင် ၎င်းတို့သည် ယင်းတာဝန်ကို အခြား သက်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုသို့ လွှဲပြောင်းပေးသင့်သည်။ စောင့်ကြည့် လေ့လာသူ အဆင့်အတန်းကို ထည့်သွင်း စဉ်းစားနိုင်သည်။

မဟာဗျူဟာမြောက်နှင့် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်မှုကာလအတွင်း ကဏ္ဍများနှင့် အစုအဖွဲ့ များသည် နိုင်ငံအဆင့် NGO များ၊ အပြည်ပြည်ဆိုင်ရာ NGO များနှင့် ကုလသမဂ္ဂ မိတ်ဖက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ဖော်ကိုင်ဖက်များနှင့် အကြံပေးများကို ဘက်ညီမျှတစွာ ကိုယ်စားပြုခြင်းဖြင့် မဟာဗျူဟာမြောက်နှင့် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်မှုအတွက် ပြန်လည်သုံးသပ်ရေး ကော်မတီနှင့် ကိုက်ညီစေရန် လိုအပ်သလို ဆောင်ရွက်မည်ဖြစ်သည်။ ပြန်လည် သုံးသပ်ရေးကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်းကို OCHA သို့ တင်သွင်းသင့်သည်။ ကဏ္ဍခွဲများ သို့မဟုတ် လုပ်ငန်းအဖွဲ့များရှိသည့် ကဏ္ဍများနှင့် အစုအဖွဲ့များ အတွက် အချို့လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးရန် အကြံပြုသည်။ ဥပမာ – ကာကွယ် စောင့်ရှောက်ခြင်းကဏ္ဍသည် ပြန်လည်သုံးသပ်ခြင်းကို ကဏ္ဍခွဲ သို့မဟုတ် (ကျား/မအခြေပြု အကြမ်းဖက်မှု၊ မိုင်းအန္တရာယ် ကာကွယ်တားဆီးရေးလှုပ်ရှားမှု သို့မဟုတ် ကလေးသူငယ် ကာကွယ် စောင့်ရှောက်မှု) လုပ်ငန်းအဖွဲ့များသို့ လွှဲပြောင်းပေးရန် အကြံပြုသည်။ အဆိုပြုလွှာများ တင်သွင်း သည့် မိတ်ဖက်များသည် ၎င်းတို့တင်သွင်းသည့် အဆိုပြုလွှာနှင့် ပထဝီဆိုင်ရာ နေရာဒေသချင်း တူညီနေသည့် အဆိုပြုလွှာများအား မဟာဗျူဟာမြောက်နှင့် နည်းပညာဆိုင်ရာ ပြန်လည် သုံးသပ်ခြင်းအတွက် ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ရေးကော်မတီများ၏ အဖွဲ့ဝင်ဖြစ်ခွင့် မရှိသကဲ့သို့ ယင်းကော်မတီများတွင် ပါဝင် ဆောင်ရွက် ခြင်းလည်း မပြုနိုင်ပါ။ ဤကန့်သတ်ချက်သည် စီမံချက်အဆိုပြုလွှာများတွင် လက်အောက်ခံ မိတ်ဖက်များအဖြစ် ပါဝင်နေသည့် မိတ်ဖက်များနှင့် ကဏ္ဍများ၊ အစုအဖွဲ့များနှင့်/သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဒေသအဆင့် ပေါင်းစပ် ညှိနှိုင်းရေးစနစ်များ၏ ဦးဆောင်အဖွဲ့အစည်းများအတွက်လည်း သက်ရောက်မှုရှိသည်။ (ယင်းသို့သော ဖြစ်ရပ်တွင် ၎င်းတို့သည် လုပ်ငန်းတာဝန်ကို အခြားသက်ဆိုင်ရာ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးသင့်သည်။)

မဟာဗျူဟာမြောက် လုပ်ဆောင်ချက်ကို ဆောင်ရွက်သည့်အခါ ကဏ္ဍအဆင့် ပြန်လည်သုံးသပ်ရေး ကော်မတီသည် သက်ဆိုင်ရာ အစုအဖွဲ့/ကဏ္ဍ၏ အဖွဲ့ဝင်များကို မျှတစွာ ကိုယ်စားပြုသင့်ပြီး လူသားချင်းစာနာမှုဆိုင်ရာ

[10] အကြောင်းရပ်အလိုက် အကြံပေးများသည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် ကျား/မဆိုင်ရာကိစ္စ၊ မသန်စွမ်းသူများ ပါဝင်စေခြင်း။ ငွေသားနှင့် ဘောက်ချာတို့ဖြင့် ကူညီခြင်း၊ ကာကွယ်ခြင်းကို ပင်မရေစီးသဖွယ် ဖြစ်လာစေခြင်း၊ လူမှုရေး ပေါင်းစည်းမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ စသည်တို့ကို ရည်ညွှန်းပေးနိုင်သည်။

လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ကောင်းစွာသိရှိ နားလည်ထားသင့်သည်။ နည်းပညာဆိုင်ရာ လုပ်ဆောင်ချက်ကို ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မတီသည် စီမံချက် အဆိုပြုလွှာများကို ပြန်လည်သုံးသပ်ရန် သီးသန့် အစုအဖွဲ့/ကဏ္ဍ၏ ပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတရှိကြောင်း လက်တွေ့ပြသနိုင်သည့် နည်းပညာ ကျွမ်းကျင်သူ အနည်းငယ်ပါဝင်သော အုပ်စုငယ်လေးတစ်ခုဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်သည်။ အကြောင်းရပ်အလိုက် အကြံပေးများသည် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်အား အထောက်အကူပြုပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်သင့်သည်။ OCHA HFU သည် မည်သည့် အချိန်တွင်မဆို ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး ပြန်လည်သုံးသပ်ရေး ကော်မတီ၏ ယင်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ကူညီပေးမည်ဖြစ်သည်။

၃-၄။ OCHA ရုံးအကြီးအကဲ

OCHA HoO သည် HC ကို အထောက်အကူပြုရန် ရန်ပုံငွေအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲသည်။ သို့ဖြစ်၍ HoO သည် CBPF မူဝါဒညွှန်ကြားချက်များ၊ CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်နှင့် MHF လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲတို့အရ ရန်ပုံငွေအဖွဲ့၏ ထိရောက်သောစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည်။

MHF နှင့် စပ်လျဉ်း၍ HoO ၏ တာဝန်ဝတ္တရားများမှာ –

- မဟာဗျူဟာမြောက် ကိစ္စရပ်များနှင့် ရင်းမြစ်များ စုစည်းရယူအသုံးပြုခြင်းတို့တွင် HC အား အထောက်အကူပြုရန် နှင့် အကြံဉာဏ်ပေးရန်
- OCHA HFU အား ကြီးကြပ်ကွပ်ကဲရန်နှင့် HFU သည် OCHA မြန်မာနိုင်ငံရုံး၏ အခြားဌာန များ၊ ရုံးခွဲများ နှင့် ကောင်းစွာ ပေါင်းစည်းမှုရှိပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုရှိကြောင်း သေချာစေရန်
- OCHA သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် အနိမ့်ဆုံး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ အပါအဝင် MHF ၏ တာဝန်ခံမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သေချာစေရန်
- MHF ၏ လုပ်ငန်းစဉ်များတွင် လက်ရှိ ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံများ ထိထိ ရောက်ရောက် ပါဝင်မှုရှိစေရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် MHF ၏ လွှမ်းခြုံမှုနယ်ပယ်၊ ဦးတည်ချက်များ နှင့် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာများသည် HRP နှင့် ညီညွတ်မှုရှိကြောင်း သေချာစေရန်
- HC က ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်လွှဲအပ်ခြင်း၏ လွှမ်းခြုံမှုနယ်ပယ်အတွင်းရှိ စီမံချက် ပြန်လည် သုံးသပ်မှု များကို အတည်ပြုပေးရန်
- MHF နှင့် သက်ဆိုင်သည့် မူဝါဒရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရုံးချုပ်နှင့် အပြန်အလှန် ဆက်သွယ် ဆောင်ရွက်ရန်
- AB ၏ အမြဲတမ်းအဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ရန်
- MHF ၏ မကျေနပ်ချက်တိုင်ကြားမှု လက်ခံသောအီးမေးလ် (MHFComplaints@un.org) ကို ပြန်လည် သုံးသပ်ရန်။

၃–၅။ OCHA မြန်မာနိုင်ငံရုံး၏ လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေး ဌာန

HFU သည် OCHA HoO ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် လမ်းညွှန်မှုအောက်တွင် CBPF ဌာနခွဲနှင့် ပေါင်းစပ် ညှိနှိုင်းလျက် HC ကိုယ်စား MHF ၏ အစီအစဉ်ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက် အားလုံး၏ နေ့စဉ် စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသည်။ OCHA HFU သည် HC ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီး ရန်ပုံငွေများ ချထားပေးခြင်းလုပ်ငန်းစဉ်ကို CBPF များအတွက် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်နှင့် MHF ၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လက်စွဲတို့နှင့်အညီ စီစဉ်ဆောင်ရွက်သည်။

HFU သည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု၏ နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ရန်ပုံငွေ ထောက်ပံ့ခြင်း ဆိုင်ရာ ပိုင်းခြားသုံးသပ်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် OCHA မြန်မာနိုင်ငံရုံးအား အထောက်အကူပြုသည်။ ယင်းတို့တွင် HRP လုပ်ငန်းစဉ်အား အထောက်အကူပြုခြင်းနှင့် CERF ခွင့်ပြုရန်ပုံငွေများအား စီစဉ် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

HFU ၏ အဓိကလုပ်ဆောင်ချက် သုံးခု၏ အကျဉ်းချုပ်ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည် –

- MHF လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲခြင်းနှင့် HC နှင့် OCHA HoO တို့အား မူဝါဒ ဆိုင်ရာ အကြံဉာဏ်ပေးခြင်း
- MHF ၏ စီမံချက်စက်ဝန်း စီမံခန့်ခွဲမှု
- တည်ဆဲ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများအတိုင်း လိုက်နာလျက် MHF ၏ တာဝန်ခံမှု ဆိုင်ရာ မူဘောင်အား အကောင်အထည်ဖော်ခြင်း

အသေးစိတ်တာဝန်ဝတ္တရားများကို CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ် တွင် တွေ့နိုင်သည်။

၃–၆။ အစုအဖွဲ့၊ ကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ် ညှိနှိုင်းရေး စနစ်များ

အစုအဖွဲ့များ၊ ကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေး စနစ်သည် ယင်းတို့၏ ပေါင်းစပ်ညှိနှိုင်းရေးမှူးများ၏ ကိုယ်စားပြုမှုဖြင့် MHF ကို အဆင့်နှစ်ဆင့်ဖြင့် အထောက်အကူပြုသည်။ ယင်းတို့မှာ – (၁) မဟာဗျူဟာအဆင့် – ရန်ပုံငွေအဖွဲ့၊ HRP နှင့် အစုအဖွဲ့/ ကဏ္ဍ/တိုင်းဒေသကြီး (သို့) ပြည်နယ်အဆင့် မဟာဗျူဟာများအကြား ချိတ်ဆက်မှုများရှိကြောင်း သေချာစေရန် ဆောင်ရွက်ခြင်း၊ (၂) လုပ်ငန်းဆောင်ရွက်မှုအဆင့် – စီမံချက်များကို ဦးစားပေးအဆင့် သတ်မှတ်ခြင်း၊ နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ အပါအဝင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုကို လိုအပ်သည့်အချိန်တွင် ထောက်ပံ့ပေးခြင်း။

ပေါင်းစပ်ညှိနှိုင်းရေးမှူးများ (နှင့် ပူးတွဲပေါင်းစပ်ညှိနှိုင်းရေးမှူးများ၊ ဖြစ်ခဲ့လျှင်) သည် MHF နှင့် စပ်လျဉ်း၍ အောက်ပါ လှုပ်ရှားဆောင်ရွက်ချက်များကို တာဝန်ယူဆောင်ရွက်မည် –

- MHF နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်အားလုံးကို ၎င်းတို့၏ မိတ်ဖက်များနှင့် တိုင်ပင်လျက် လွယ်ကူ ချောမွေ့စေရန် အထောက်အကူပြုခြင်း
- MHF ရန်ပုံငွေထောက်ပံ့ခြင်းအတွက် လိုအပ်ချက်အပေါ် အခြေခံသည့် ဦးစားပေးအစီအစဉ် များကို ၎င်းတို့၏ မိတ်ဖက်များနှင့် တိုင်ပင်လျက် သတ်မှတ်ခြင်း
- ကဏ္ဍ/အစုအဖွဲ့/တိုင်းဒေသကြီး (သို့) ပြည်နယ်အချင်းချင်းအကြား ပေါင်းစပ်ညှိနှိုင်းမှုကို လွယ်ကူ ချောမွေ့စေရန် အထောက်အကူပြုခြင်း
- လူသားချင်းစာနာမှုဆိုင်ရာ ဦးစားပေးစီမံချက်များကို ရန်ပုံငွေထောက်ပံ့ရန်အတွက် သဘော တူညီထားသည့် ဦးစားပေးအစီအစဉ်များနှင့် မဟာဗျူဟာများအပေါ် အခြေခံ၍ သတ်မှတ်ဖော်ထုတ်ရန်၊ ပြန်လည်သုံးသပ်ရန်နှင့် ထောက်ခံအကြံပြုရန် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် လုပ်ငန်းစဉ် တစ်ရပ်ကို ဦးဆောင်ခြင်းနှင့် ယင်းလုပ်ငန်းစဉ်များကို ရေးသားမှတ်တမ်းတင်ခြင်း
- စီမံချက်များအတွက် စံသတ်မှတ်ထားသည့် သက်ဆိုင်ရာအညွှန်းကိန်းများ စနစ်တကျ အသုံးပြုမှုကို မြှင့်တင်ဆောင်ရွက်ခြင်း
- အကောင်အထည်ဖော်ထားသည့် စီမံချက်များအား HC က ထောက်ခံအတည်ပြုသည့် တာဝန်ခံမှုဆိုင်ရာ မူဘောင်ပါ ပြဋ္ဌာန်းချက်များအရ နည်းပညာအကဲဖြတ်မှုကို အထောက်အကူပြုရန် လုပ်ငန်းခွင် လေ့လာ စောင့်ကြည့်ရေး ခရီးစဉ်များတွင် ပါဝင် ဆောင်ရွက်ခြင်း
- နည်းပညာဆိုင်ရာ သို့မဟုတ် မဟာဗျူဟာမြောက် အကြံပြုချက်များ လိုအပ်သည့်အခါ ပြန်လည် သုံးသပ်ရန် တောင်းဆိုမှုများအား ပြန်လည်သုံးသပ်ခြင်းနှင့် ထောက်ခံအကြံပြုခြင်း
- ရန်ပုံငွေချထားပေးခြင်းကို ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်အတွင်း ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှုစနစ် (GMS) တွင် နည်းပညာဆိုင်ရာ မှတ်ချက်များ ရေးသားအကြံပြုခြင်း

၃–၇။ မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များ

MHF နှင့် ပတ်သက်၍ မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များသည် အောက်ပါ တာဝန်ဝတ္တရားများ ရှိကြသည် –

- **ရန်ပုံငွေလျှောက်ထားခြင်း**။ မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များသည် MHF လုပ်ငန်းစဉ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရန်ပုံငွေ ထောက်ပံ့မှုကို မလျှောက်ထားမီ OCHA ၏ မြန်မာနိုင်ငံရုံး (တစ်နည်းအားဖြင့် HFU) ထံမှ အကြံဉာဏ် ရယူကြရမည်။ လျှောက်ထားသည့် မိတ်ဖက်သည် OCHA ၏ မြန်မာနိုင်ငံရုံးနှင့် အစုအဖွဲ့များ၊ ကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ် ညှိနှိုင်းရေး စနစ်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် စီမံချက်အဆိုပြုလွှာတစ်ရပ်နှင့် ဘတ်ဂျက်တို့ကို ရေးသားပြုစုဖော်ထုတ်ပြီး (GMS မှတစ်ဆင့်) ရန်ပုံငွေအဖွဲ့ထံ တင်သွင်း ကြရမည်။ ယင်းသို့တင်သွင်းရာ၌ လိုအပ်သည့် အထောက်အကူပြု စာရွက်စာတမ်းများ အားလုံးပူးတွဲလျက် သတ်မှတ်ရက်အတွင်း တုံ့ပြန်ဆောင်ရွက်မှု အပြည့်အဝဖြင့် တင်သွင်းရမည်။

- **အကောင်အထည်ဖော်ခြင်း**။ လက်ခံအတည်ပြုသည့် လုပ်ငန်းစဉ်ပြီးနောက် မိတ်ဖက်သည် အတည်ပြုသည့် စီမံချက်နှင့် အကျုံးဝင်သော သတ်မှတ်ချက်များနှင့် အခြေအနေများကို ဖော်ပြထားသည့် ခွင့်ပြုရန်ပုံငွေသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရမည်။ မိတ်ဖက်များသည် ခွင့်ပြုရန်ပုံငွေသဘောတူညီချက်တွင် သတ်မှတ်ထားသည့် လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ရန် ကတိကဝတ်ပြုရသည်။ စီမံချက်များတွင် လိုအပ်သည့် အပြောင်းအလဲများ ထည့်သွင်းရန် ခွင့်ပြုရန်ပုံငွေသဘောတူညီချက်များကို ပြင်ဆင်နိုင်သည်။ တစ်ဆင့်ခံ မိတ်ဖက်များသည်လည်း လျှောက်ထားသည့် မိတ်ဖက်ဖြစ်သူ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် MHF လုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။
- **စောင့်ကြည့်လေ့လာသုံးသပ်ခြင်း**။ မိတ်ဖက်များနှင့် တစ်ဆင့်ခံမိတ်ဖက်များတွင် ခိုင်မာ အားကောင်းသည့် ဌာနတွင်းစောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများ တည်ရှိပြီး ဖြစ်နေရမည်။ မိတ်ဖက်များသည် OCHA ၏ မြန်မာနိုင်ငံရုံး၊ အစုအဖွဲ့/ ကဏ္ဍ/လုပ်ငန်းအဖွဲ့/တိုင်းဒေသကြီး (သို့) ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ် ပေါင်းစပ်ညှိနှိုင်းရေးမှူးများ၊ အခြားသက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက် စီမံချက်များ စောင့်ကြည့်လေ့လာခြင်းကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရမည်။ OCHA ၏ မြန်မာနိုင်ငံရုံးနှင့် ရုံးချုပ်တို့သည် ပြီးစီးသွားသည့် သို့မဟုတ် လုပ်ဆောင်နေဆဲ စီမံချက်လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန် မိတ်ဖက်များ၊ ပြင်ပကျွမ်းကျင်သူများ သို့မဟုတ် အလှူရှင်များ သွားရောက်မည့် ခရီးစဉ်များကို စီစဉ်ပိုင်ခွင့်ရှိသည်။
- **အစီရင်ခံခြင်း**။ မိတ်ဖက်များသည် ခွင့်ပြုရန်ပုံငွေသဘောတူညီချက်တွင် သတ်မှတ်ဖော်ပြ ထားသည့် သို့မဟုတ် ရန်ပုံငွေအဖွဲ့၏ တာဝန်ခံမှုဆိုင်ရာ မူဘောင်တွင် အခြားနည်းအားဖြင့် သဘောတူညီပြီးဖြစ်သည့် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာများနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို တစ်ဆင့်ခံ မိတ်ဖက် (များ) (ရှိပါက) နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက် တင်ပြရမည်။ ထို့ပြင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ မဖွယ်မရာပြုမှုနှင့် လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ အကျိုး စီးပွားချင်း ပဋိပက္ခဖြစ်မှု သို့မဟုတ် အခြားဆက်စပ်သည့် မည်သည့်သံသယဖြစ်ဖွယ် ဖြစ်ရပ် မဆို အပါအဝင် စီမံချက်ကို ကြီးကြီးမားမား ပြောင်းလဲသွားစေနိုင်သည့် (ဥပမာ – ဘဏ္ဍာရေး ဆိုင်ရာ၊ ထောက်ပံ့ပို့ဆောင်ခြင်းဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ) မည်သည့်အခက်အခဲ ကိုမဆို HC နှင့် OCHA တို့သို့ ချက်ချင်း ဆက်သွယ်ပြောကြားရမည်။

၄။ ရန်ပုံငွေချထားပေးခြင်းပုံစံများ

၄–၁။ ရန်ပုံငွေ အမျိုးအစားများ

ရန်ပုံငွေ အမျိုးအစားနှစ်ခုကို သတ်မှတ်ဖော်ထုတ်ထားပြီး ယင်းတို့မှာ ပုံမှန် ရန်ပုံငွေချထားပေးခြင်းနှင့် အရေးပေါ်အခြေအနေများအတွက် အရန်ရန်ပုံငွေချထားပေးခြင်းတို့ ဖြစ်ကြသည်။ ကာလရှည်ကြာ ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် အရေးတကြီး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များ ရှိနေစဉ်တွင် ရန်ပုံငွေရရှိမှုမလုံလောက်သည့် အခြေအနေမျိုးတွင် ပုံမှန်ရန်ပုံငွေ ချထားပေးခြင်းနှင့် အရေးပေါ်အခြေအနေ

များအတွက် အရန်ရန်ပုံငွေချထားပေးခြင်း နှစ်မျိုးလုံးအတွက် အလျင်အမြန် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အသက်များကယ်တင်ရန် တို့ပြန်ဆောင်ရွက်မှုကို ချက်ချင်းတိုးမြှင့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် အားပေးတိုက်တွန်းမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ အရေးပေါ်တို့ပြန်မှုလုပ်ငန်းစဉ်ကို ပိုမိုလျင်မြန်စေရန် အကျိုးသက်ဆိုင်သူများ အားလုံးထံမှ ယင်းတို့ လုပ်ဆောင်နိုင်စွမ်းရှိသမျှ အားထုတ်ဆောင်ရွက်ရန် ခိုင်မာသည့် သန္ဓေဌာန် ချမှတ်မှုနှင့် တိုးမြှင့်ကြိုးပမ်းမှုများ လိုအပ်မည်ဖြစ်သည်။ ယင်းအရေးပေါ်တို့ပြန်မှုကို ဖြစ်နိုင်ပါက အခြားရင်းမြစ်များနှင့် ပေါင်းစည်းထားသည့်/ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့် ရန်ပုံငွေချထား ပေးခြင်းများ အပါအဝင် အထောက်အကူများကို MHF က ပေးမည်ဖြစ်သည်။ MHF ၏ ရန်ပုံငွေ ချထားပေးမှုများတွင် ပါဝင်ပတ်သက်နေသည့် အကျိုးသက်ဆိုင်သူများသည် ရန်ပုံငွေချထားပေးခြင်း လုပ်ငန်းစဉ်ကို တတ်နိုင်သမျှ လျင်မြန်စေရန်နှင့် ဖြစ်နိုင်သမျှ အမြင့်မားဆုံး တို့ပြန်မှုရှိကြောင်း သေချာစေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ရန်ပုံငွေချထားပေးခြင်း မဟာဗျူဟာတစ်ရပ်စီအတွက် အဓိကအဆင့်များ၊ တာဝန်ရှိမည့် အကျိုးသက်ဆိုင်သူများနှင့် ရက်စွဲများကို ထည့်သွင်းစဉ်းစားထားသည့် သီးသန့်အချိန်ပြမျဉ်း တစ်ခုစီ ပါဝင်မည်ဖြစ်သည်။ အောက်တွင် ယာယီအဆိုပြု အချိန်ပြမျဉ်းအချို့ကို ဖော်ပြထားသည်။

ပုံမှန်ရန်ပုံငွေ ချထားပေးမှု



အရေးပေါ်အခြေအနေများအတွက် အရန်ရန်ပုံငွေ ချထားပေးမှု



၄-၁-၁။ ပုံမှန်ရန်ပုံငွေချထားပေးခြင်း

HC သည် HRP က သတ်မှတ်သည့် မဟာဗျူဟာဦးတည်ချက်များ၊ ဖြည့်စွက်ပြင်ဆင်ထားသည့် အကဲဖြတ်ချက်များနှင့် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးစနစ်များနှင့် ရှင်းလင်းစွာ ချိတ်ဆက်လျက် မြန်မာ HRP က ဦးတည်ချက်ထားရှိသည့် ဦးစားပေးအစီအစဉ်များအား အထောက်အကူပြုရန် ပုံမှန်ရန်ပုံငွေချထားပေးရေး လုပ်ငန်းစဉ်ကို အသုံးပြုသည်။ အဆိုပါရန်ပုံငွေ ချထားပေးခြင်း လုပ်ငန်းစဉ်ကို AB အား အသိပေးပြီး ရင်းမြစ်များအား ဖြစ်နိုင်သမျှ အကောင်းဆုံး နည်းလမ်းဖြင့် အသုံးပြုကြောင်း သေချာစေရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်များနှင့် အနီးကပ် တိုင်ပင်လျက် ဆောင်ရွက်သည်။ ယင်းလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိပြီး ထိုအချက်မှာ ရန်ပုံငွေအဖွဲ့ ကောင်းမွန်စွာ လည်ပတ်လုပ်ဆောင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ပွင့်လင်း မြင်သာမှုဟူသောဝေါဟာရအား သက်ဆိုင်သည့် သတင်းအချက်အလက် အားလုံးကို အဓိက အကျိုး သက်ဆိုင်သူများထံသို့ အချိန်မီ ဆက်သွယ်ပြောကြားနိုင်ခြင်းနှင့် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားရှိနိုင်မှုရှိမရှိနှင့် ယင်း၏ ကျိုးကြောင်းဆီလျော်မှုအား ဆန်းစစ်နိုင်မှုရှိမရှိတို့နှင့် အဓိပ္ပာယ်ဖွင့်ဆိုသင့်သည်။

ရန်ပုံငွေများကို ထိခိုက်လွယ်မှုဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက် ပိုင်းခြားသုံးသပ်မှုတို့ အပေါ် အခြေပြုသော လိုအပ်ချက်များဆိုင်ရာ အမြင့်မားဆုံး ဦးစားပေးအဆင့်ကို သတ်မှတ် ဖော်ထုတ်ပေးသည့် မဟာဗျူဟာအပေါ် အခြေခံလျက် မြန်မာ HRP နှင့်အညီ သာမန်အားဖြင့် တစ်နှစ်လျှင်နှစ်ကြိမ် ရန်ပုံငွေချထားပေးသည်။ ပုံမှန်ရန်ပုံငွေချထားပေးခြင်း လုပ်ငန်းစဉ်ကို အောက်တွင် ဖော်ပြထားသည့် အဆင့်များဖြင့် အကောင်အထည်ဖော်သည်။ ယင်း မဟာဗျူဟာကို အစုအဖွဲ့များ၊ ကဏ္ဍများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေး စနစ်များက ပြုစုဖော်ထုတ်ပြီး AB က ထောက်ခံမှုပေးကာ HC က အတည်ပြုပေးသည်။ ယင်းသည် စီမံချက် တစ်ခုချင်းစီ တင်သွင်းမှုအတွက် အခြေခံဖြစ်သည်။ စီမံချက် အဆိုပြုလွှာများကို အစုအဖွဲ့ များနှင့် ကဏ္ဍများအကြား ဦးစားပေးအဆင့် သတ်မှတ်ပြီး MHF ပြန်လည်သုံးသပ်ရေး ကော်မတီက ဆန်းစစ်မှု ပြုလုပ်ကာ ထောက်ခံချက်ရရှိရေးအတွက် AB သို့ အကြံပြုတင်ပြပြီး HC က အပြီးသတ် လက်ခံ အတည်ပြုပေးသည်။

ပုံမှန်ရန်ပုံငွေချထားပေးခြင်းများဖြင့် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များကို အများဆုံး <u>၁၂ လအတွင်း</u>[11] အကောင်အထည်ဖော်သင့်သည်။ အစီအစဉ်ဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီရန် ပိုမိုကြာမြင့်သည့် အချိန်ကာလလိုအပ်ပါက HC က ခြွင်းချက်များ ပြုပေးနိုင်သည်။ ခွင့်ပြုရန်ပုံငွေ အမြင့်ဆုံး ကန့်သတ်ချက်များကို လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ (အပိုဒ် ၅-၂-၃ တွင်ကြည့်ပါ) တွင် ဖော်ပြထားသည့်အတိုင်း မိတ်ဖက်ဖြစ်သူ၏ ဆောင်ရွက်မှုအညွှန်းပြကိန်းနှင့် စီမံချက်ကာလတို့အပေါ် အခြေခံ၍ သတ်မှတ်ပြီး ရန်ပုံငွေ ချထားပေးမှု

[11] MHF သည် ၁၂ လအောက် ကြာမြင့်သည့် စီမံချက်များအတွက် ခိုင်လုံသော အကြောင်းပြချက်ရှိပါက အချိန် ကန့်သတ်ချက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများ (ဥပမာ-အချို့သော ပြတ်လပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန် အစားအစာ ထောက်ပံ့မှု၊ ရွှေ့လျားဆေးခန်းများ၊ ခိုလှုံရန်နေရာတည်ဆောက်ပေးခြင်း စသည်) ကို စဉ်းစားနိုင်သည်။ အကြံပြုထားသည့် အနိမ့်ဆုံးခွင့်ပြုရန်ပုံငွေအရ ဆောင်ရွက်သည့် စီမံချက်များကို အလားတူအကြောင်းပြချက်ဖြင့် လက်ခံနိုင်သည်။ လုပ်ငန်းဆောင်ရွက်မှုများအား ရေရှည်တည်တံ့စေရန်နှင့် အလုံးစုံလွှမ်းခြုံသည့် တုံ့ပြန်မှု ဖြစ်စေရန် MHF ၏ ရန်ပုံငွေကို အခြားရင်းမြစ်များဖြင့် ဖြည့်တင်းရန် မိတ်ဖက်များအား အကြံပြုသည်။

တစ်ခုစီအတွက် ရန်ပုံငွေသတ်မှတ်ချက်အပေါ် မူတည်မည်ဖြစ်သည်။ ထို့အပြင် ရန်ပုံငွေချထားပေးမှု တစ်ခုစီ၏ ရန်ပုံငွေကန့်သတ်ချက် ဖော်ပြမှုပေါ်တွင်လည်း မူတည်သည်။ ပုံမှန်ရန်ပုံငွေချထားပေးမှုများဖြင့် ရန်ပုံငွေ ထောက်ပံ့သည့် စီမံချက်များ အတွက် ထောက်ခံအကြံပြုသည့် ရန်ပုံငွေထောက်ပံ့မှု အနိမ့်ဆုံး သတ်မှတ်ပမာဏမှာ <u>အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀</u> ဖြစ်ပြီး ခြွင်းချက်များကို HC က ဆုံးဖြတ်ရန်ဖြစ်သည်။

ပုံမှန်ရန်ပုံငွေချထားပေးခြင်း လုပ်ငန်းစဉ်၏ အဆင့်များမှာ –

၁။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာ ပြုစုဖော်ထုတ်ခြင်း
၂။ စီမံချက် အဆိုပြုလွှာများ တင်သွင်းခြင်း
၃။ မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်ခြင်း
၄။ HC က ကနဦး အတည်ပြုခြင်း
၅။ သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်လမ်းညွှန်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း
၆။ HC က အပြီးသတ်အတည်ပြုခြင်း
၇။ စီမံကိန်းအသုံးပြုငွေလွှဲပေးခြင်းတို့ ဖြစ်ကြသည်။

တင်သွင်းသည့် အဆိုပြုလွှာများကို OCHA က (အလုပ်လုပ်ရက် တစ်ရက်အတွင်း) ကနဦး အကြို စစ်ဆေးမှုအပြီးတွင် ယင်းအဆိုပြုလွှာများကို အစုအဖွဲ့များ၊ ကဏ္ဍများနှင့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဒေသအဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ်သို့ တင်သွင်းမည်ဖြစ်ပြီး ယင်းအဆင့်တွင် မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်မှုပြုရန် အလုပ်လုပ်ရက် ငါးရက်ကြာမြင့်မည်ဖြစ်သည်။ ဤအဆင့်တွင် အစုအဖွဲ့၊ ကဏ္ဍ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသအဆင့် ပေါင်းစပ်ညှိနှိုင်းရေး စနစ်တစ်ခုစီသည် ယင်းတို့၏ ပြန်လည်သုံးသပ်ရေး ကော်မတီများနှင့် တိုင်ပင်လျက် စီမံချက်တစ်ခုစီအတွက် သီးခြားမဟာဗျူဟာ အမှတ်ပေးဇယားကို[12] တင်သွင်းမည်ဖြစ်သည်။ ယင်း အမှတ်ပေးဇယားတွင် ရန်ပုံငွေအတွက် အပြီးသတ်ထောက်ခံအကြံပြုချက်၊ ပထဝီဆိုင်ရာ နေရာ ဒေသအလိုက် စီမံချက်များကို အဆင့်သတ်မှတ်ခြင်းနှင့် အဆိုပြုလွှာကို ရန်ပုံငွေထောက်ပံ့ရန် ထောက်ခံအကြံပြုခြင်း ရှိမရှိ သီးခြားလွတ်လပ်ပြီး ခိုင်မာသည့် မဟာဗျူဟာမြောက် ကျိုးကြောင်း ဖော်ပြချက်တို့ ပါဝင်မည်ဖြစ်သည်။ ရန်ပုံငွေချထားပေးမှုတစ်ခုစီအတွက် အွန်လိုင်း GMS တွင် အမှတ်ပေးဇယားများအား ကိုင်တွယ် ဆောင်ရွက်ရန် သီးသန့်ညွှန်ကြားချက်များကို OCHA က ပေး မည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်ပြီးနောက် OCHA သည် ပထဝီနေရာဒေသအလိုက် ဘုံဦးစားပေး ဆောင်ရွက်မှုကို ဖော်ထုတ်နိုင်ရန် MHF ပြန်လည်သုံးသပ်ရေး ကော်မတီနှင့် အစည်းအဝေးတစ်ရပ် ပြုလုပ်မည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံ စီမံချက်များနှင့် သက်ဆိုင်သည့် မည်သည့် ကိစ္စရပ်မဆို သို့မဟုတ် အခြားမေးခွန်းများကို ဖြေရှင်းမည်ဖြစ်သည်။ ဆွေးနွေးမှုအပေါ် မူတည်၍ ရန်ပုံငွေ ထောက်ပံ့ရန် ထောက်ခံအကြံပြုချက်နှင့် ခိုင်မာသည့် ကျိုးကြောင်းဖော်ပြချက်တို့ အပါအဝင် ပဏာမ ရွေးချယ် ထားသည့် စီမံချက်များစာရင်းကို OCHA က အများဆုံး အလုပ်လုပ်ရက် နှစ်ရက်အတွင်း ဆောင်ရွက်မည်ဖြစ်သည်။

[12] စီမံချက်တင်သွင်းရန် နောက်ဆုံးရက်မတိုင်မီ သီးသန့်အညွှန်းကိန်းများအပါအဝင် အမှတ်ပေးဇယားကို မည်သည့် ရန်ပုံငွေချထားပေးခြင်းတွင်မဆို လိုအပ်သလို ပြန်လည်ပြင်ဆင်မည်။

ယင်းစာရင်းကို သဘောထားမှတ်ချက်များပေးနိုင်ရန် AB နှင့် (အများဆုံး အလုပ်လုပ်ရက် သုံးရက်ကြာအောင်) မျှဝေသွားမည်ဖြစ်သည်။ AB က ပေးအပ်သည့် သဘောထား မှတ်ချက်များကို ဖြေရှင်းဆောင်ရွက်ပြီးနောက် ပေါင်းစည်းထားသည့်စာရင်းကို HC ကိုတင်ပြသွားမည် ဖြစ်ပြီး ယင်းက အလုပ်လုပ်ရက် တစ်ရက်အတွင်း ကနဦးအတည်ပြုချက်ကို ပေးအပ်မည်ဖြစ်သည်။

သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်လမ်းညွှန်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းများကို အစုအဖွဲ့၊ ကဏ္ဍနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းရေးနစ်များက သီးခြားစီ လည်ပတ်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မတီများက ဆောင်ရွက်မည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ (နိုင်ငံအဆင့် NGO များ၊ အပြည်ပြည်ဆိုင်ရာ NGO များနှင့် ကုလသမဂ္ဂ) မိတ်ဖက်များအား ညီမျှစွာ ကိုယ်စားပြုကြောင်း သေချာစေမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အကြောင်းအရာအလိုက် အကြံပေးများနှင့် အခြားကဏ္ဍများ/အစုအဖွဲ့များ၊ အထူးသဖြင့် ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ပါဝင်စေမည် ဖြစ်သည်။ တင်သွင်းသည့် ဘတ်ဂျက်ငွေစာရင်းများအား ဘဏ္ဍာရေးအရ ပြန်လည်သုံးသပ်ခြင်းကို OCHA HFU က ဆောင်ရွက်မည် ဖြစ်သည်။ သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်လမ်းညွှန်ခြင်းနှင့် ဘဏ္ဍာရေး ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအတွက် အလုပ်လုပ်ရက် ငါးရက် ခွဲဝေသတ်မှတ်ပေးမည် ဖြစ်သည်။

မဟာဗျူဟာမြောက်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်သုံးသပ်ခြင်းများအတွက် ပြန်လည် သုံးသပ်ရန်ရှိသည့် အဆိုပြုလွှာ အရေအတွက်နှင့် လက်ရှိနည်းပညာဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း တို့အပေါ် မူတည်၍ သတ်မှတ်ထားသည့် ကာလများအား တိုးချဲ့နိုင်သည်။

ယင်းတို့၏ စီမံချက်များကို မဟာဗျူဟာမြောက် ပြန်လည်သုံးသပ်မှုအတွင်း ပဏာမရွေးချယ်ထားခြင်း ခံရသည့် မိတ်ဖက်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်သုံးသပ်မှုအတွင်း ပြန်လည် သုံးသပ်ရေးကော်မတီ၏ သဘောထားမှတ်ချက်များကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လုံလောက်သော နောက်ဆုံးသတ်မှတ်ရက်တစ်ခုကို ပေးမည်ဖြစ်သည်။ ယင်းနောက်ဆုံး သတ်မှတ်ရက်သည် ပေးအပ်ခဲ့သည့် သဘောထားမှတ်ချက်၏ သဘော သဘာဝပေါ်မူတည်၍ ပျမ်းမျှအားဖြင့် (ပထမအကြိမ် ပြင်ဆင်ခြင်းအတွက်) အလုပ်လုပ်ရက် ငါးရက်ထက်၊ သို့မဟုတ် (ဒုတိယအကြိမ် ပြင်ဆင်ခြင်းအတွက်) အလုပ်လုပ်ရက် သုံးရက်ထက် ပိုမည်မဟုတ်ပါ။ သဘောတူညီ ထားသည့် နောက်ဆုံး သတ်မှတ်ရက်အား မည်သည့်ပြင်ဆင်မှုမဆိုကို မိတ်ဖက် ဖြစ်သူနှင့် OCHA HFU တို့အကြား သဘောတူညီပြီးဖြစ်ရမည်။ ပြန်လည်သုံးသပ်ရေးကော်မတီ၏ သဘောထား မှတ်ချက်များအား ဖြေရှင်း ဆောင်ရွက်ရာ၌ နောက်ဆုံးသတ်မှတ်ရက်ကို လေးစားလိုက်နာရန် ပျက်ကွက်ပါက HC နှင့် တိုင်ပင်ပြီးနောက် စီမံချက် အဆိုပြုလွှာကို ပြတ်ပြတ်သားသား ငြင်းပယ်ခြင်း ခံရနိုင်သည်။

၄-၁-၂။ အရေးပေါ်အခြေအနေများအတွက် အရန်ရန်ပုံငွေချထားပေးခြင်း

အရေးပေါ်အခြေအနေများအတွက် အရန် ရန်ပုံငွေချထားပေးခြင်းကို ကြိုတင်မျှော်လင့်ထားနိုင်ခြင်း မရှိသည့် အရေးပေါ်အခြေအနေများတွင် ဖြစ်စေ၊ သတ်မှတ်ဖော်ထုတ်ထားသည့် လစ်ဟာချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်စေ ပြုပြင်ပြောင်းလဲလွယ်ပြီး အလျင်အမြန် ချထားပေးသည့် ရန်ပုံငွေများ အတွက် အဓိကအားဖြင့်

ရည်ရွယ်သည်။ ယင်းရန်ပုံငွေများကို သီးခြားအရန်ရန်ပုံငွေ တစ်ရပ်စီဖြင့် ချထားပေးပြီး ယင်းတို့သည် အများအားဖြင့် အနည်းငယ်ပိုမိုမြန်ဆန်ကာ ပထဝီအနေအထားအရ သို့မဟုတ် အကြောင်းအရာပေါ် မူတည်ပြီး ချထားပေးလေ့ရှိသည်။ ယင်းတို့ကို MHF ၏ ပြန်လည် သုံးသပ်ရေး ကော်မတီက စိစစ်ခွင့်ပြုပြီးနောက် နည်းပညာ အရ ပြန်လည်သုံးသပ်မှုကို ခံယူရကာ AB က ထောက်ခံချက်ပေးပြီး HC က အပြီးသတ် အတည်ပြုပေးသည်။

MHF ရန်ပုံငွေသည် အမြဲ သက်ဝင်လှုပ်ရှားမှုရှိပြီး HFU၊ အစုအဖွဲ့များ၊ ကဏ္ဍများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးစနစ်များနှင့် မိတ်ဖက်အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းပြည့်မီသည့် မိတ်ဖက်များအကြား ဆွေးနွေးမှုများအပေါ် အခြေခံ၍ HC ၏ ဆုံးဖြတ်ချက်အရ အရေးပေါ် ရန်ပုံငွေထောက်ပံ့ရန် အသင့်ရှိနေသည်။ အရန် ရန်ပုံငွေချထားပေးခြင်းဖြင့် ရန်ပုံငွေထောက်ပံ့နိုင်ရန် မဟာဗျူဟာ/ဖြစ်ရပ်တစ်ခုလိုအပ်ပြီး ယင်းမဟာ ဗျူဟာ/ဖြစ်ရပ်သည် ပြုပြင်ပြောင်းလဲလွယ်ပြီး အလျင်အမြန် ငွေထုတ်ပေးနိုင်သည့် အချိန်ဇယားမျိုး လိုအပ်သည့် အတွက် ပုံမှန်ရန်ပုံငွေ ချထားပေးခြင်းများနှင့် နှိုင်းယှဉ်ပါက လွှမ်းခြုံမှုနယ်ပယ်နှင့် စံနှုန်းများတွင် ကန့်သတ်ချက် များ ရှိနေနိုင်သည်။

အရန်ရန်ပုံငွေချထားပေးခြင်းများသည် အဆိုပြုလွှာ တစ်ရပ်ထက် ပိုမိုလက်ခံရရှိရန် မျှော်လင့်ထားသည့်အခါ အရန် ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ အဆိုပြုလွှာများကို GMS တွင် အမှတ်ပေး ဇယားများ အသုံးပြုလျက်[13] ဦးစားပေးမှုအတွက် ယှဉ်ပြိုင်ခြင်း[14] လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက် သင့်သည်။

MHF သည် အရန်ရန်ပုံငွေချထားပေးမှုအတွက် ရယူအသုံးပြုနိုင်ရန် ရန်ပုံငွေပမာဏတစ်ရပ်ကို ထိန်းသိမ်းထား ရမည်ဖြစ်သည်။ ရာခိုင်နှုန်းအတိအကျကို ထောက်ခံအကြံပြုခြင်း မရှိသော်လည်း ယေဘုယျမူအရ ပုံမှန် ရန်ပုံငွေချထားပေးမှုများတွင် ပါဝင်သွားခြင်း မရှိသည့် မည်သည့် ရန်ပုံငွေကို မဆို လိုအပ်ပါက အရန်ပုံစံဖြင့် ရန်ပုံငွေ ချထားပေးနိုင်မည်ဖြစ်သည်။ အဆိုပြုလွှာများကို တစ်ခုချင်းစီ တင်သွင်းလာသမျှ လက်ခံမည်မဟုတ်ဘဲ HC က အရန်ရန်ပုံငွေချထားပေးခြင်းကို စတင် ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးနောက်မှသာ ယှဉ်ပြိုင်တင်သွင်းသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြင့် လက်ခံမည် ဖြစ်သည်။ AB နှင့် တိုင်ပင်မည်ဖြစ်ပြီး HC ၏ ဆုံးဖြတ်ချက်ကို ၂၄ နာရီအတွင်း ချမှတ်မည်ဖြစ်သည်။ ချင်းချက်အခြေအနေများတွင် HC သည် အရန်ရန်ပုံငွေချထားပေးခြင်းများကို လက်ခံ အတည်ပြု ပေးနိုင်ပြီး ယင်းနောက်တွင်မှ AB ကို အသိပေးမည်ဖြစ်သည်။

အရန်ရန်ပုံငွေချထားပေးခြင်းလုပ်ငန်းစဉ်ကို ပုံမှန်ရန်ပုံငွေချထားပေးခြင်းအတွက် အထက်တွင် ရှင်းလင်း ဖော်ပြခဲ့သည့် အဆင့်ပြီးနောက် နောက်ထပ်အဆင့်အများအပြားဖြင့် အကောင်အထည် ဖော်ရသည်။ သို့သော်လည်း အချို့လုပ်ငန်းစဉ်များကို ပေါင်းစည်းလိုက်ခြင်းဖြင့် အချိန်ပြမျဉ်းကို အတန်အသင့် လျှော့ချနိုင်သည်။

[13] ဦးစားပေးမှုကို ဖြစ်နိုင်သမျှ ကျင့်သုံးခြင်းဖြင့် အရည်အသွေးပြည့်မီသည့် အမှတ်ပေးစနစ်ကို ထိန်းသိမ်းထားနိုင်ပြီး ယင်းက ငြင်းပယ်ခြင်းခံရသည့် အလားအလာရှိသူ မိတ်ဖက်များအား ရှင်းပြနိုင်စေသည့်အပြင် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးမည်။ ဦးစားပေးခြင်းသည် HC က မိတ်ဖက်များကို ရွေးချယ်ရန် ရန်ပုံငွေကို ညွှန်ကြားသည့် အရန်ခွဲဝေ သတ်မှတ်မှုများတွင် မလိုအပ်ကြောင်း ထင်ရှားသော်လည်း ယှဉ်ပြိုင်မှုရှိပြီး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များကို ဖြစ်နိုင်သမျှ မြှင့်တင်ဆောင်ရွက်သင့်ပြီး ရိုးရှင်းသည့် အရေးပေါ် အရန်ရန်ပုံငွေချထားပေးမှု အမှတ်ပေးဇယားမှာ ပိုမိုနှစ်လိုဖွယ်ဖြစ်သည်။ (CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှု လက်စွဲစာအုပ် စာပိုဒ် ၁၁၄ တွင်ကြည့်ပါ၊)

[14]

ဥပမာ – မဟာဗျူဟာနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် သုံးသပ်ခြင်းကို ပေါင်းစည်းလိုက်ခြင်းဖြင့် အများဆုံး သုံးရက်သာကြာမြင့်စေရန် လျှော့ချနိုင်ပြီး အကြံပေးအဖွဲ့က သဘောထားမှတ်ချက်များ တင်သွင်းရမည့် ကာလကို အလုပ်လုပ်ရက် တစ်ရက်သို့ လျှော့ချနိုင်သည်။ အရန်ရန်ပုံငွေချထားပေးမှုဖြင့် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များတွင် ခွင့်ပြု ရန်ပုံငွေကာလသည် အများဆုံး <u>ခြောက်လ</u> ရှိသင့်သည်။ ဤအချိန်ဇယားအတွက် ခြွင်းချက်များကို တည်ဆဲအခြေအနေများပေါ် မူတည်၍ HC က သတ်မှတ်ပေးနိုင်သည်။ ခွင့်ပြုရန်ပုံငွေအတွက် အမြင့်ဆုံး ကန့်သတ်ချက်များကို လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ (အပိုဒ် ၅–၂–၃ တွင် ကြည့်ပါ) တွင် ဖော်ပြခဲ့သည့်အတိုင်း မိတ်ဖက်ဖြစ်သူ၏ ဆောင်ရွက်မှုအညွှန်းပြကိန်းနှင့် စီမံချက်ကာလအပေါ် အခြေခံ၍ သတ်မှတ်ပြီး ရန်ပုံငွေသတ်မှတ်ချက်အပေါ် မူတည်မည်ဖြစ်သည်။ အရန်ခွဲဝေ သတ်မှတ်ခြင်းများဖြင့် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များအတွက် ထောက်ခံအကြံပြုသည့် အနိမ့်ဆုံး ရန်ပုံငွေသတ်မှတ်ချက်မှာ <u>အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀</u> ဖြစ်ပြီး ခြွင်းချက်များကို HC က ဆုံးဖြတ်ရန်ဖြစ်သည်။

၄–၂။ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှု

MHF သို့ အလှူရှင်၏ ထည့်ဝင်လှူဒါန်းမှုများကို အောက်ပါအဖွဲ့အစည်းများက ဆောင်ရွက်သည့် လူသားချင်း စာနာမှုဆိုင်ရာ စီမံချက်များအား ရန်ပုံငွေထောက်ပံ့ရာတွင် အသုံးပြုမည် –

- နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ NGO များ
- ကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှု အဖွဲ့အစည်းများ
- ကုလသမဂ္ဂ အဖွဲ့အစည်းများ။

၄–၂–၁။ NGO နှင့် ကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှု၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်း ပြည့်မီမှု

MHF စီမံခန့်ခွဲမှုအတွက် တာဝန်ရှိ အဖွဲ့အစည်းဖြစ်သည့် OCHA သည် အလေးထားစိစစ်ခြင်း (Due Diligence) လုပ်ငန်းစဉ်တစ်ရပ်နှင့် ဖြစ်နိုင်ခြေရှိသည့် NGO မိတ်ဖက်များနှင့် ကြက်ခြေနီ/ လခြမ်းနီလှုပ်ရှားမှု အဖွဲ့အစည်းများ၏ **ဌာနတွင်း လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက် (ICA)** တစ်ရပ်ကို ဆောင်ရွက်မည် ဖြစ်သည်။ အလေးထားစိစစ်ခြင်းနှင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက် လုပ်ငန်းစဉ်များ၏ ရလဒ်များက မိတ်ဖက်ဖြစ်သူ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီသည်ဟု ယူဆသော မိတ်ဖက်များ၏ ဆုံးရှုံးနိုင်ခြေအဆင့်တို့ကို ဆုံးဖြတ်မည် ဖြစ်သည်။ ဆုံးရှုံးနိုင်ခြေ အဆင့် သတ်မှတ်ချက်က အပြန်အလှန်အားဖြင့် CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း မိတ်ဖက်ဖြစ်သူ၏ ခွင့်ပြုရန်ပုံငွေများ စီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်သည့် ထိန်းချုပ်ရေးစနစ်များ (လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ ပုံစံများ) အား လွှမ်းမိုးမှုပြုမည်ဖြစ်သည်။

အလေးထားစိစစ်ခြင်းအတွက် လုပ်ငန်းစဉ်ကို CBPF များအတွက် လက်စွဲစာအုပ်တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။ MHF နှင့် ဆက်စပ်ပတ်သက်သည့် အခြေအနေတွင် အကောင်အထည်ဖော်သည့် မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်ရန် အသုံးပြုမည့် လုပ်ထုံးလုပ်နည်းများကို အောက်တွင် ရှင်းလင်းဖော်ပြထားသည်။

မိတ်ဖက်ဖြစ်သူ၏ လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်များသည် မိတ်ဖက်တစ်ဦး၏ ကာလတစ်ရပ် တွင်ရှိသည့် ဆုံးရှုံးနိုင်ခြေအဆင့်ကို ထင်ဟပ်ဖော်ပြပေးသည်။ AB က ပြန်လည်သုံးသပ်ရန်ဖြစ်ပြီး လိုအပ်ပါက မိတ်ဖက် အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုဆိုင်ရာ အနိမ့်ဆုံးသတ်မှတ်ချက်များနှင့် ယင်းနှင့်ဆက်စပ်နေသည့် ဆုံးရှုံးနိုင်ခြေ အဆင့်များကို ပြန်လည်စစ်ဆေးရန်ဖြစ်သည်။

မိတ်ဖက်များသည် ICA တိုက်ဆိုင်စစ်ဆေးရန်စာရင်း (နောက်ဆက်တွဲ ၃ တွင်ကြည့်ပါ) တွင် ဖော်ပြ ထားသည့် စာရွက်စာတမ်းများအား GMS မှတစ်ဆင့် တင်သွင်းရန်လိုအပ်မည်ဖြစ်သည်။ အကဲဖြတ်မှု နှင့် အမှတ်ပေးမှုတို့ကို MHF ICA လုပ်ဆောင်ချက် (နောက်ဆက်တွဲ ၂ – မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုဆိုင်ရာ လုပ်ငန်းစဉ်လမ်းညွှန်ကိုကြည့်ပါ) ကို အသုံးပြု၍ GMS တွင် လုပ်ဆောင်မည်ဖြစ်သည်။ အောက်ပါအုပ်စုများတွင် မိတ်ဖက်ဖြစ်သူ၏ လုပ်ဆောင်နိုင်စွမ်း၏ အဓိက အင်္ဂါရပ်များကို မှတ်သားရန် ICA ကမ္ဘာလုံးဆိုင်ရာ မေးခွန်းလွှာ (နောက်ဆက်တွဲ ၃ ကိုကြည့်ပါ) ကို အသုံးပြုသည် –

- အလေးထားစိစစ်ခြင်းနှင့် မှတ်ပုံတင်ခြင်း
- အုပ်ချုပ်မှုနှင့် အဖွဲ့အစည်း၏ လုပ်ဆောင်နိုင်စွမ်း
- အစီအစဉ်ဆိုင်ရာ တုံ့ပြန်မှု လုပ်ဆောင်နိုင်စွမ်း
- ပေါင်းစပ်ညှိနှိုင်းမှုနှင့် မိတ်ဖက်ပြုမှု လုပ်ဆောင်နိုင်စွမ်းနှင့်
- ဌာနတွင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း။

MHF သည် အခြေခံအဆင့် သတ်မှတ်မေးခွန်းလွှာတွင် နောက်ထပ်မေးခွန်းများ ဖြည့်စွက်နိုင် သော်လည်း OCHA HQ က အကဲဖြတ်ချက်အတွက် လိုအပ်သည်ဟု သတ်မှတ်ထားသည့် အဓိက မေးခွန်းများအနက် တစ်စုံတစ်ခုကိုမျှ ဖြုတ်ခြင်း၊ ကျော်ခြင်း မပြုလုပ်နိုင်ပါ။

အကဲဖြတ်ချက်တွင် အကောင်အထည်ဖော်သည့် မိတ်ဖက်က တင်ပြသော စာရွက်စာတမ်းများအား အွန်လိုင်းမှ တဆင့် ပြန်လည်သုံးသပ်ခြင်း၊ အဖွဲ့အစည်း၏ ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ဖြစ်နိုင်ပါက အကောင်အထည်ဖော်သည့် မိတ်ဖက်၏ ရုံးများသို့ သွားရောက်ခြင်းများနှင့် ယခင်/ လက်ရှိ အလှူရှင်များနှင့် မိတ်ဖက်များကဲ့သို့ အဓိကသတင်းပေးသူများအပြင် အစုအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခြင်းများလည်း ပါဝင်သည်။ ICA တွင် ငွေသားလွှဲပြောင်းမှု အတွက် သဟဇာတဖြစ်သည့် ချဉ်းကပ်ပုံ နည်းလမ်း (HACT) ကဲ့သို့ လက်ရှိအကဲဖြတ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ဖြစ်နိုင်ပါက ယင်းကို ထည့်သွင်းအသုံးပြုသည်။ HACT ၏ ရလဒ်ကို ICA ၏ စတုတ္ထအုပ်စုအား အမှတ်ပေးရန် အသုံးပြုမည်ဖြစ်သည်။

ICA က ကောက်ချက်ချပြီးသည့်အခါ HFU သည် လျှောက်ထားမှုကို လုပ်ငန်းစဉ်နောက်တစ်ဆင့်ကို ဆက်လက်လုပ်ဆောင်နိုင်ခြင်း ရှိမရှိ ယင်းအဖွဲ့အစည်းအား အသိပေးမည်ဖြစ်သည်။

အကယ်၍ ဥပမာအားဖြင့် ဆုတ်ယုတ်လာသည့် အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ သွားရောက်ရန် ခက်ခဲခြင်း စသည်တို့ကြောင့် ICA ကိုဆောင်ရွက်ရန် မဖြစ်နိုင်ပါက AB နှင့် HC ၏ အတည်ပြုချက်

ရရှိပြီးနောက် **စွမ်းဆောင်ရည်ကို တစ်ဆင့်ခံအကဲဖြတ်ခြင်း (PCA)** ကို စဉ်းစားနိုင်သည်။ မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်းအဆင့်ကို တိကျသေချာစွာ သိရှိနိုင်ရန် ကိုယ်စားပြုမှုပုံစံမျိုးစုံကို အသုံးပြုနိုင်ပြီး ဥပမာအားဖြင့် အောက်ပါတို့ဖြစ်ကြသည် –

- နိုင်ငံအတွင်း၌ ယခင်က ရှိခဲ့သည့် စွမ်းဆောင်ရည်
- အခြားအလှူရှင်များက ပြုလုပ်ခဲ့သည့် အကဲဖြတ်ချက်များ
- အခြားကုလသမဂ္ဂ အဖွဲ့အစည်းများနှင့်/သို့မဟုတ် နှစ်ဘက်လုံးအတွက် အလှူရှင်များနှင့် လက်ရှိမိတ်ဖက်သဘောတူညီချက်များ
- နိုင်ငံအတွင်း၌ အတွေ့အကြုံရှိကြောင်း သက်သေပြနိုင်သည့် အထောက်အထား
- ဦးစားပေးနေရာဒေသများသို့ ရောက်ရှိနိုင်ခြင်း
- မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်းနှင့် စပ်လျဉ်း၍ အစုအဖွဲ့များ/ကဏ္ဍများထံမှ ထောက်ခံ အကြံပြုချက်။

ကိုယ်စားပြုမှုတစ်ခုစီ၏ ယုံကြည်အားထားနိုင်စွမ်းကို ICA တွင် ပါဝင်သည့် သတင်းအချက်အလက် ဆိုင်ရာ လိုအပ်ချက်များအား ယင်းက မည်မျှဖြည့်ဆည်းပေးနိုင်သည် ဟူသည့်အပေါ် မူတည်၍ သီးခြားစီ အကဲဖြတ်သင့်သည်။ HC သည် AB နှင့်တိုင်ပင်လျက် ကိုယ်စားပြုမှုများ အသုံးပြုပြီး လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ရန် မည်သည့်စနစ်အား အသုံးပြုရမည်ကို အတည်ပြုပေးသည်။ ခြွင်းချက်အဖြစ် အထူးသဖြင့် အလျင်အမြန် ဆောင်ရွက်ရသည့် အခြေအနေများတွင် PCA များသည် ရှိထားပြီးသော စာရွက်စာတမ်းများ အပေါ်၌သာ အားထားရသည် (ဆိုလိုသည်မှာ မိတ်ဖက် ဖြစ်သူမှ အသစ်များတင်ပြရန် လိုအပ်ခြင်းမရှိ)။ ယင်းအတွက် HC ၏ ထောက်ခံအကြံပြုချက် ရရှိပြီးနောက် AB ၏ အတည်ပြုချက် လိုအပ်သည်။

MHF သည် အခြေအနေအပြောင်းအလဲ မြင့်မားသည့် ပတ်ဝန်းကျင်များ၌ လုပ်ကိုင်ဆောင်ရွက်ရပြီး မကြာခဏ ဆိုသလို ရုတ်တရက်ပေါ်ပေါက်လာသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန် ဆောင်ရွက်ရသည်။ ယင်းသို့သော အခြေအနေများတွင် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်မှုကို တရားဝင် မခံယူရသေးသည့် အဖွဲ့အစည်း များသည် အလွန်အရေးကြီးသည့် ထမ်းဆောင်ရန် တာဝန်များ သို့မဟုတ် အသက်များ ကယ်တင်ရသည့် လုပ်ဆောင်ချက်များ ကို ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ် လာနိုင်သည်။ ယင်းသို့သော ခြွင်းချက်ဖြစ်ရပ်များတွင် HQ ရှိ OCHA CBPF ဌာန[15]နှင့် တိုင်ပင်လျက် ထို့ပြင် OCHA ၏ အမှုဆောင်အရာရှိ (EO) ၏ အတည်ပြုချက်ဖြင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက် မလိုအပ်ခြင်း (သို့မဟုတ် နောင်တွင်မှ ဆောင်ရွက်နိုင်ခြင်း) မျိုး ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ ရန်ပုံငွေအဖွဲ့၏ တာဝန်ခံမှုကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ အနိမ့်ဆုံး စစ်ဆေးမှုများကို ဆောင်ရွက်ကြောင်း သေချာစေရန် အရေးကြီးသည်။ အလွန်အမင်းခက်ခဲသည့် အခြေအနေ တစ်ရပ်တွင် MHF သည် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက် မပြုလုပ်ဘဲ ရန်ပုံငွေထောက်ပံ့မှု စတင် ဆောင်ရွက်နိုင်စေကာမူ အနိမ့်ဆုံးအားဖြင့် မိတ်ဖက်ဖြစ်လာနိုင်သူများအတွက် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို အမြဲတမ်း ဆောင်ရွက်ရမည်။ MHF သည် ယင်းသို့ မဖြစ်မနေ ဆောင်ရွက်ရမည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များတွင် နောက်ထပ်သတ်မှတ်ချက်များ

[15] ရန်ပုံငွေစီမံခန့်ခွဲမှုဌာနစိတ်၊ စုပေါင်းရန်ပုံငွေ စီမံခန့်ခွဲမှုဌာနခွဲ၊ နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေဌာန (CBPF ဌာန)

လိုအပ်သလို ထည့်သွင်းနိုင်သည်။ ယင်းသို့သော ဖြစ်ရပ်တွင် သက်ဆိုင်သည့် မိတ်ဖက်ဖြစ်သူကို ဆုံးရှုံးနိုင်ခြေ အဆင့် မြင့်မားသည့် မိတ်ဖက်အဖြစ် မှတ်ယူရမည်။

၄-၂-၂။ ကုလသမဂ္ဂ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှု

MHF ထံမှ ရန်ပုံငွေရရှိရေးအတွက် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုရှိစေရန် ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ရန်ပုံငွေအဖွဲ့၏ GMS တွင် (http://gms.unocha.org/) မှတ်ပုံတင်ပုံစံကို ဖြည့်စွက်ရန် လိုအပ်သည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများသည် အဖွဲ့အစည်း၏ အဓိက ဆက်သွယ်ရမည့် ပုဂ္ဂိုလ်(များ)နှင့် တရားဝင် ကိုယ်စားလှယ်ဖြစ်သူတို့၏ အမည်နှင့် ဆက်သွယ်ရန် သတင်းအချက်အလက်များ၊ ပင်မရုံး၏ လိပ်စာနှင့် ဘဏ်ဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ရန် လိုအပ်သည်။

ဖြည့်စွက်ထားသည့် မှတ်ပုံတင်ဆိုင်ရာနှင့် အလေးထားစိစစ်ခြင်းဆိုင်ရာ ပုံစံကို တင်သွင်း ပြီးသည့်အခါ OCHA သည် ယင်း၏ ပြန်လည်သုံးသပ်မှုနှင့် အတည်ပြုမှုတို့ကို ဆက်လက် လုပ်ဆောင်မည်ဖြစ်သည်။ မှတ်ပုံတင်ပုံစံအား OCHA က လက်ခံအတည်ပြုပေးခြင်းဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်း၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်း ပြည့်မီမှုကို ဆုံးဖြတ်မည်ဖြစ်သည်။

ကြက်ခြေနီ/လခြမ်းနီ၊ NGO သို့မဟုတ် ကုလသမဂ္ဂ စသည့် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်း ပြည့်မီသည့် မိတ်ဖက်ဖြစ်သူ တစ်ဦးက MHF မှ ရန်ပုံငွေပံ့ပိုးသည့် စီမံချက်တစ်ခုကို စတင် အကောင်အထည်ဖော်သည်နှင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်မှ အချက်အလက်များနှင့် စီမံချက် အကောင်အထည်ဖော်နေစဉ်အတွင်း ယင်း၏ စွမ်းဆောင်ရည်ဆိုင်ရာ အချက်အလက်များပေါ် မူတည်ပြီး ပြန်လည်ချိန်ညှိထားသည့် မိတ်ဖက်ဆောင်ရွက်မှု အညွှန်းပြကိန်းသည် စတင် အကျိုး သက်ရောက်မည်ဖြစ်သည်။ ယင်းအညွှန်းကိန်းက အပြီးသတ် ပြန်လည်ချိန်ညှိ ထားသည့် ဆုံးရှုံးနိုင်ခြေ အဆင့်အပေါ်တွင် သက်ရောက်မှုတစ်ခုရှိနိုင်ပြီး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများအရ နောက်ဆက်တွဲ ဖြစ်ရပ်များလည်း ရှိနိုင်သည်။

၄-၃။ ရန်ပုံငွေချထားပေးခြင်းဆိုင်ရာ စံနှုန်းများ

စီမံချက် အဆိုပြုလွှာများအား ပြန်လည်သုံးသပ်ခြင်းနှင့် လက်ခံအတည်ပြုခြင်းကို အထက်တွင် ဖော်ပြခဲ့သည့် စီမံကိန်းဆိုင်ရာ မူဘောင်နှင့် ဦးတည်နယ်ပယ်တို့နှင့်အညီ အောက်ပါစံနှုန်းများ အပေါ် အခြေခံ၍ ဆောင်ရွက်သည် –

- **မိတ်ဖက်အဖွဲ့အဖြစ် အရည်အချင်းပြည့်မီခြင်း**။ MHF မှတစ်ဆင့် ရန်ပုံငွေ ထောက်ပံ့ ထားသည့် မိတ်ဖက်များအတွက် ကနဦးတွင် အလေးထားစိစစ်ခြင်းနှင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်မှု လုပ်ငန်းစဉ်တို့ဖြင့် စစ်ဆေးပြီး နောက်ပိုင်းတွင် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း မိတ်ဖက်အဖွဲ့၏ စွမ်းဆောင်ရည် အကဲဖြတ်ချက် အပါအဝင် ပြန်လည်ချိန်ညှိထားသည့် မိတ်ဖက်ဆောင်ရွက်မှု အညွှန်းပြကိန်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖြင့် ထပ်မံဖြည့်စွက်သည်။ ယင်းတွင် MHF က တောင်းဆိုသည့် ထပ်မံ ဆောင်ရွက်ပေးရမည့် လုပ်ဆောင်ချက်များ ပါဝင်နိုင်သည်။ MHF ၏ ရန်ပုံငွေ ထောက်ပံ့မှုကို

လက်ခံရရှိဖူးသည့် မိတ်ဖက်များအတွက် စာရင်းစစ် အစီရင်ခံစာ(များ)၊ စောင့်ကြည့် လေ့လာရေး အစီရင်ခံစာ(များ)၊ ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်ဆေးမှု အစီရင်ခံစာ(များ)၊ ပြန်အမ်းငွေတောင်းခံမှု(များ)၊ လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုနှင့် ခေါင်းပုံဖြတ်မှုနှင့် အခြားဖြစ်ရပ်များ (အပိုဒ် ၅-၈ လိမ်လည်မှုနှင့် အခြားဖြစ်ရပ်များ တိုင်ကြားခြင်းတွင် ကြည့်ပါ) စသည်တို့မှ ထွက်ပေါ်လာသော ထပ်ဆောင်းလုပ်ဆောင်ချက်များအပေါ် တာဝန်ယူ ဆောင်ရွက်ခြင်းရှိမရှိ အကဲဖြတ်မည် ဖြစ်သည် ။

- **မဟာဗျူဟာအားဖြင့် ဆီလျော်မှုရှိခြင်း**။ ဤစံနှုန်းက အဆိုပြုလွှာကို ရန်ပုံငွေ ချထားပေးခြင်း ဆိုင်ရာ မဟာဗျူဟာတွင် သတ်မှတ်ဖော်ထုတ်ထားသည့် ဦးစားပေးကဏ္ဍများ၊ လုပ်ဆောင်ချက်များ၊ ဦးတည်ရည်ရွယ်သည့် ပြည်သူများနှင့် ပထဝီဆိုင်ရာ နေရာဒေသများ၊ လျှောက်ထားသည့် အဖွဲ့အစည်း၏ လက်တွေ့ပြသနိုင်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းနှင့် ဘေးဒဏ်သင့်ပြည်သူများထံ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိနိုင်မှုနှင့် ကဏ္ဍပေါင်းစုံ အကျုံးဝင်သည့် ချဉ်းကပ်ပုံနည်းလမ်းကို မြှင့်တင်ဆောင်ရွက်ခြင်း စသည် တို့နှင့် ကိုက်ညီမှုကို စစ်ဆေးသည်။
- **စီမံကိန်းအားဖြင့် ဆီလျော်မှုရှိခြင်း**။ ဤအုပ်စုသည် အဆိုပြုလွှာ၏ နည်းပညာဆိုင်ရာ အပိုင်း၊ တစ်နည်းအားဖြင့် အချက်အလက်များအား အသက်အရွယ်၊ ကျား/မနှင့် အမျိုးအမည် စုံလင်ကွဲပြားခြင်းအလိုက် ခွဲခြားခြင်းအပါအဝင် လိုအပ်ချက်များကို သတ်မှတ် ဖော်ထုတ်ခြင်း၊ စီမံချက် တစ်ခုလုံးအတွက် လုပ်ငန်းပြင်ဆင်မှုမူဘောင် (logical framework) ကို ရှင်းလင်းပြည့်စုံစွာ တင်ပြခြင်း၊ ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်မှုနှင့် လျှော့ချ နိုင်ရေး ဆောင်ရွက်ချက်များကို ကြောင်းကျိုးညီညွတ်စွာ ဖော်ထုတ်တင်ပြခြင်း၊ ပဋိပက္ခကို အထူးအလေးဂရုပြုခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ပိုင်းခြားသုံးသပ်မှု၊ ငွေသား အခြေပြု အစီအစဉ်ဆိုင်ရာ ချဉ်းကပ်ပုံနည်းလမ်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ (အကယ်၍ ရှိပါက) စသည်တို့နှင့် ဆက်စပ်နေသည်။
- **ကုန်ကျသလောက် ထိရောက်မှုရှိခြင်း**။ ဤစံနှုန်းက တိုက်ရိုက်ကုန်ကျစရိတ်၊ ဝန်ထမ်း ကုန်ကျစရိတ်နှင့် အခြားကိုယ်ရေးကိုယ်တာ ကုန်ကျစရိတ်နှင့် လုပ်ငန်းစတင်မှု ကုန်ကျ စရိတ်များနှင့် သက်ဆိုင်သည့် အသုံးစရိတ် အချိုးအစားနှင့် သက်ဆိုင်သည်။
- **စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှု**။ ဤစံနှုန်းက စံသတ်မှတ်ထားသည့် MHF အညွှန်းကိန်း များနှင့် မဖြစ်မနေ လိုက်နာရမည့် MHF အညွှန်းကိန်းများ၊ ကိုဗစ်-၁၉ ကာကွယ်ရေး အရေးယူဆောင်ရွက်ချက်များနှင့် ဘေးဒဏ်သင့် ပြည်သူများအတွက် တာဝန်ခံမှုရှိကြောင်း သေချာစေသည့် ရှင်းလင်းသော ရည်ညွှန်းချက်နှင့် လုပ်ဆောင်ချက်များ၊ မှတ်ချက်ပေးရန် (သို့မဟုတ်) တိုင်ကြားရန်ယန္တရားများကို ဘက်လိုက်မှုကင်းပြီး လက်လှမ်းမီမှုရှိစေခြင်း၊ ဘေးဒဏ်သင့်ပြည်သူများနှင့် အားလုံးပါဝင်သည့် သတင်းအချက်အလက် မျှဝေခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်းတို့ရှိကြောင်း သေချာစေခြင်းတို့ အပါအဝင် အကြံပြုသည့် စောင့်ကြည့်လေ့လာရေး လုပ်ဆောင်ချက်များပါဝင်သည်။ ယင်းတွင် PSEA မူဝါဒများဆိုင်ရာ သတင်း အချက်အလက်များလည်း ပါဝင်သည်။

- **ပေါင်းစပ်ညှိနှိုင်းမှုဖြင့် လက်တွဲဆောင်ရွက်ခြင်း။** ဤနောက်ဆုံးစံနှုန်းသည် လျှောက်ထားသည့် အဖွဲ့အစည်းက နိုင်ငံအဆင့် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးစနစ်တွင် ပါဝင်ဆောင်ရွက်ခြင်းကို ရည်ညွှန်းသည်။ မြေပြင်တွင် ဆောင်ရွက်နေသော အခြားအကျိုးသက်ဆိုင်သူများ၊ အဓိကအားဖြင့် အခြားသော ကဏ္ဍအလိုက် မိတ်ဖက်များ၊ အစုအဖွဲ့/ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးမှူးများနှင့်/ သို့မဟုတ် လက်ရှိ ပေါင်းစပ်ညှိနှိုင်းရေးစနစ်များနှင့် လုံလောက်သည့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ပြည်တွင်း NGO များက သို့မဟုတ် အခြားမိတ်ဖက်များအား တစ်ဆင့်ခံမိတ်ဖက်များအဖြစ် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပုံစံဖြင့် မိတ်ဖက်တစ်ခုက တိုက်ရိုက်တင်သွင်းသော စီမံချက်များကို ဦးစားပေးထည့်သွင်း စဉ်းစားမည်။

၄-၄။ ခွင့်ပြုရန်ပုံငွေကာလ

စီမံချက်များ အကောင်အထည်ဖော်ရန်ကာလကို ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်တွင် ရှင်းလင်း ဖော်ပြထားသည်။ စီမံချက်များအား အကြိုဘဏ္ဍာငွေထောက်ပံ့ခြင်းကို စီမံချက် စတင်သည့် ရက်စွဲ (ယင်းမှာ ဘတ်ဂျက်ကို GMS တွင် အတည်ပြုပေးသည့်ရက်စွဲ သို့မဟုတ် ယင်းနောက် ဖြစ်နိုင်သည်[16]) နှင့် လက်ခံသည့် စီမံချက်ထံသို့ အမှန်တကယ် ငွေသားထုတ်ပေးသည့် ရက်စွဲတို့ အကြား ကြားကာလတွင် ကျခံခဲ့ရသည့် (လက်ခံအတည်ပြုထားသည့် စီမံချက် အဆိုပြုလွှာ၏) ဘတ်ဂျက် အနက်မှ ကုန်ကျစရိတ်များ အတွက်သာ ကန့်သတ်ထားသည်။

အကယ်၍ လိုအပ်ပါက မိတ်ဖက်များသည် စီမံချက် ပြန်လည်သုံးသပ်ရေးအတွက် အစီအစဉ် ပြန်လည်ရေးဆွဲပေးရန် တောင်းဆိုနိုင်ပြီး ခြွင်းချက်အားဖြင့် ခိုင်လုံသော အကြောင်းပြချက် တင်ပြ ပြီးနောက် ခွင့်ပြုရန်ပုံငွေ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်သည့် ကာလ၏ သက်တမ်းကို အများဆုံး သုံးလတာကာလအတွက် တစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ခိုင်လုံသည့် အကြောင်းပြချက်တင်ပြနိုင်ပါက ရန်ပုံငွေတိုးမြှင့်ချထားခြင်းကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

၅။ တာဝန်ခံမှု

တာဝန်ခံမှုသည် ထိရောက်သော MHF စီမံခန့်ခွဲမှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းကို ကွဲပြားခြားနားသည့် အစိတ်အပိုင်းအစုအဝေးဖြင့် ကျင့်သုံးဆောင်ရွက်ပြီး ERC (OCHA အရေးပေါ် တုံ့ပြန်ရေး ညှိနှိုင်းရေးမှူး) က လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် HC အား ယင်းအစိတ်အပိုင်းများက အကောင်အထည်ဖော်သည့် မိတ်ဖက်များသည် ရည်ရွယ်ထားသည့် စီမံကိန်းရလဒ်များကို ဆောင်ကြဉ်းပေးကြောင်း၊ MHF ကို ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ တာဝန်ရှိရှိဖြင့် စီမံခန့်ခွဲကြောင်းနှင့် နောက်ဆုံးတွင် MHF သည် ယင်း၏အဓိကဦးတည်ချက်များကို ရရှိအောင်မြင်ကြောင်း သေချာစေရန် အထောက်အကူ ပြုပေးသည်။

[16] ပြန်လည်ပြင်ဆင်ထားသည့် GA (လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်၏ နောက်ဆက်တွဲ ၁ဖ) ဆိုင်ရာ CBPF လမ်းညွှန်ချက်မှတ်စုကိုကြည့်ပါ။

တာဝန်ခံမှု အမျိုးအစားနှစ်ရပ်ရှိပြီး ယင်းတို့က MHF လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေသည့် အဓိက အကျိုးသက်ဆိုင်သူများသည် မည်သည့်အရာအတွက် တာဝန်ရှိကြောင်းနှင့် တာဝန်ခံမှု ရှိသင့်ကြောင်း ရှင်းလင်းစွာ ဖော်ပြပေးသည်။ ယင်းသည် HC (နှင့် အထောက်အကူပြုတာဝန်ကို ထမ်းဆောင်သည့် OCHA) နှင့် မိတ်ဖက်များက မည်သည့်အရာအတွက် ကိုယ်စီကိုယ်င တာဝန်ခံကြရသည် ဟူသည့်အချက်နှင့် အခြေခံကျကျ ဆက်စပ်နေသည်။

- MHF စီမံခန့်ခွဲမှု – တာဝန်ခံမှုသည် လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေ ထောက်ပံ့ရေး စနစ်အဖြစ် ယင်းတို့၏ ဦးတည်ချက်များကို MHF က ရရှိအောင်မြင်နိုင်သည့် အရည်အချင်း နှင့် ဆက်စပ်နေသည်။[17] HC သည် အရည်အသွေးမြင့်မားသည့် ရန်ပုံငွေ ချထားပေးခြင်းဆိုင်ရာ မဟာဗျူဟာများအား ဖော်ထုတ်ပေးသော၊ သင့်လျော်ပြီး အရည်အချင်း ပြည့်ဝသည့် မိတ်ဖက်များအား ရွေးချယ်ပေးသော၊ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာပြီး အစီရင်ခံတင်ပြသည့် ရလဒ်များသည် စစ်မှန်ကြောင်း၊ အတည်ပြုထားသည့် စီမံချက် သဘောတူညီချက်များ၏ ရလဒ်များနှင့် ကိုက်ညီကြောင်း စစ်ဆေးအတည်ပြုပေးသော လုပ်ငန်းစဉ် တစ်ရပ်ကို ချမှတ်ပေးရန် တာဝန်ရှိသည်။ ယင်းသည် ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင်နှင့် တိုက်ရိုက်ချိတ်ဆက်နေသည်။
- မိတ်ဖက်များ – တာဝန်ခံမှုသည် MHF ၏ ရန်ပုံငွေထောက်ပံ့မှုကို လက်ခံရရှိသည့် အဖွဲ့အစည်း တစ်ခုချင်းစီ၏ မျှော်မှန်းထားသော စီမံချက်ရလဒ်များအား ရရှိအောင်မြင်နိုင်သည့် အရည်အချင်းနှင့် ဆက်စပ်နေသည်။ ဆိုလိုသည်မှာ မိတ်ဖက်များသည် စီမံချက်ဆိုင်ရာ လုပ်ငန်းများနှင့် စီမံချက်မှ ထွက်ပေါ်လာမှုများအတွက်သာမက ရလဒ်များကို တိကျစွာ အစီရင်ခံ တင်ပြခြင်းအတွက်လည်း အပြီးသတ်တာဝန်ရှိသည်။

MHF ၏ ရင်းမြစ်များအား တာဝန်ခံမှုရှိစွာ အသုံးပြုကြောင်း သေချာစေရန် တာဝန်ခံမှုဆိုင်ရာ မူဘောင်အား ကွဲပြားခြားနားသော အစိတ်အပိုင်းအစုအဝေး တစ်ရပ်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ERC က ခန့်အပ် တာဝန်ပေးထားသည့် HC အား မိတ်ဖက်များသည် ရည်ရွယ်ထားသည့် စီမံကိန်းဆိုင်ရာ ရလဒ်များကို ဆောင်ကြဉ်းပေးကြောင်း၊ MHF ကို ချမှတ်ထားသည့် မူဝါဒများနှင့်အညီ တာဝန်ရှိစွာ စီမံခန့်ခွဲကြောင်း၊ နောက်ဆုံး တွင် MHF သည် ယင်း၏ အဓိကဦးတည်ချက်များကို ရရှိအောင်မြင်ကြောင်း သေချာစေရန် ယင်းမူဘောင်က အထောက်အကူ ပြုပေးသည်။ ယင်းအစိတ်အပိုင်းများမှာ –

- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု
- မိတ်ဖက်၏ စွမ်းဆောင်ရည် နှင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်နှင့် မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေ အဆင့်သတ်မှတ်ချက်
- အစီရင်ခံတင်ပြခြင်း (ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံကိန်းဆိုင်ရာ)
- စီမံချက် စောင့်ကြည့်လေ့လာခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများ
- စာရင်းစစ်ခြင်း (စီမံချက်အဆင့်)

[17] ယင်းကို CBPF မူဝါဒညွှန်ကြားချက်မှ ပုံ (၁) တွင် ရှင်းလင်းထားသည်။

- MHF ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း တို့ဖြစ်ကြသည်။

၅-၁။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကို OCHA အပါအဝင် ကုလသမဂ္ဂစနစ် တစ်ခုလုံးတွင် အရေးပါသော ကိရိယာတစ်ခုအဖြစ် ပိုမိုတိုးတက် အသိအမှတ်ပြုလာကြပြီး ဆုံးရှုံးနိုင်ခြေများအား ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲရန် အစပြု လုပ်ဆောင်ချက် အများအပြားကို စတင်လုပ်ဆောင်လာခဲ့ကြသည်။ MHF ၏ စီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေများကို စေ့စပ်သေချာစွာ ပိုင်းခြားသုံးသပ်ကြောင်းနှင့် ယင်းဆုံးရှုံးနိုင်ခြေများအား လျှော့ချနိုင်ရန် လုံလောက်သည့် အာမခံချက်ပေးနိုင်သော ပုံစံများအား သတ်မှတ်ဖော်ထုတ်ကြောင်း သေချာစေရန် ဆုံးရှုံးနိုင်ခြေ အခြေပြုသည့် ချဉ်းကပ်ပုံနည်းလမ်းအပေါ် အခြေခံထားခြင်း ဖြစ်သည်။ MHF ၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် အာမခံချက်ပေးသည့် လုပ်ဆောင်ချက်များကို အဆင့် အသီးသီး၌ စဉ်ဆက်မပြတ် ကျင့်သုံးဆောင်ရွက်သည်။

ရန်ပုံငွေအဖွဲ့အဆင့်တွင် MHF ၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုသည် မဟာဗျူဟာမြောက် အကျိုးရလဒ် များအား ပွင့်လင်းမြင်သာသည့်ပုံစံဖြင့် ရရှိအောင်မြင်စေရေးကို အထောက်အကူပြုမည့် ဆုံးဖြတ်ချက် ချမှတ်သော လုပ်ငန်းစဉ်အတွက် သီးသန့်နည်းလမ်းများ ထောက်ပံ့ပေးရန် ရည်ရွယ်သည်။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုတွင် ဆုံးရှုံးနိုင်ခြေ သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေ ပိုင်းခြား သုံးသပ်ခြင်း၊ ကျန်ရှိသည့် ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် လျှော့ချရေး မဟာဗျူဟာများ ပြုစုဖော်ထုတ်ခြင်းတို့ ပါဝင်သည်။ မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုသည် ၎င်း၏ လုပ်ဆောင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်အရ ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲခြင်း လုပ်ထုံး လုပ်နည်းများအား ပြင်ဆင်ပြောင်းလဲ ကိုက်ညီခြင်းနှင့် သက်ဆိုင်သည်။ ရန်ပုံငွေထောက်ပံ့ရန် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ သင့်လျော်သည့် အာမခံချက်ပေးသော စနစ်များအား အကြံပြုလျက် ဆုံးရှုံးနိုင်ခြေ ပိုင်းခြား သုံးသပ်ခြင်းကို အဆင့်နှစ်ရပ်လုံး၌ ဆောင်ရွက်ရန် စဉ်းစားသင့်သည်။

မိတ်ဖက်အဆင့်တွင် MHF သည် ရန်ပုံငွေတောင်းခံသော အကောင်အထည်ဖော်မည့် NGO မိတ်ဖက် တစ်ဦးစီ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန်အတွက် ယင်းတို့၏ လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်ရန် လိုအပ်သည်။ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီသည့် NGO များအား သီးသန့် ဆုံးရှုံး နိုင်ခြေအဆင့်သတ်မှတ်ချက် တစ်ရပ်အရ အုပ်စုခွဲပြီး ယင်းအဆင့် သတ်မှတ်ချက်က အဆိုပါမိတ်ဖက်အတွက် ကျင့်သုံးနိုင်မည့် အနိမ့်ဆုံး စံသတ်မှတ်ထားသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာပုံစံများကို ဆုံးဖြတ်ပေးသည်။ ယင်းအခြေခံမူ၏ ဆိုလိုရင်းမှာ ဆုံးရှုံးနိုင်ခြေ မြင့်မားလေလေ၊ ကျင့်သုံးသည့် အာမခံချက်စနစ်များမှာ ပိုမိုတင်းကျပ်လေဖြစ်သည်။ ယင်းစနစ်က မိတ်ဖက်များအား စွမ်းဆောင်ရည် ကောင်းမွန်လာစေခြင်းနှင့် လုပ်ဆောင်နိုင်စွမ်းတွင် အားနည်းချက်များကို ပြုပြင်လာကြစေခြင်းဖြင့် ဆုံးရှုံးနိုင်ခြေ နည်းပါးသည့် အဆင့်များသို့ ကူးပြောင်းသွားနိုင်သဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တွန်းအားပေးသည်။

ရန်ပုံငွေအဖွဲ့အဆင့်နှင့် မိတ်ဖက်အဆင့် ဆုံးရှုံးနိုင်ခြေများ ပေါင်းစည်းလိုက်ခြင်းဖြင့် ရန်ပုံငွေ ထောက်ပံ့ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ သိရှိနားလည်မှု ပိုမိုမြင့်မားလာပြီး သင့်လျော်သော အာမခံချက်များကို ဆုံးဖြတ်နိုင်စေသည့်အပြင် ကြွင်းကျန်ရစ်သည့် ဆုံးရှုံးနိုင်ခြေများကို အသေးစိတ်ဖော်ထုတ်လာနိုင်စေသည်။

စီမံချက်တစ်ခုနှင့် သက်ဆိုင်သည့် အလုံးစုံသော ဆုံးရှုံးနိုင်ခြေများအား မိတ်ဖက်အဆင့် ဆုံးရှုံးနိုင်ခြေများကို အခြားဆက်စပ်အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အကြောင်းတရားများဖြင့် ပေါင်းစပ်လျက် ဆုံးဖြတ်သင့်သည်။ ယင်းတွင် ရန်ပုံငွေ ထောက်ပံ့ထားသည့် လုပ်ဆောင်ချက်အမျိုးအစားနှင့် စီမံချက်ကို အကောင်အထည် ဖော်သည့် တည်နေရာ/ဒေသတို့ ပါဝင်နိုင်သည်။

ဇယား ၁။ ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်ခြင်းနှင့် လျှော့ချခြင်းဆိုင်ရာ ဇယား

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
၁။ မဟာဗျူဟာနှင့် အစီအစဉ်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ						
အလျှုရှင်၏ ထည့်ဝင်မှု များကို ကြိုတင် မခန့်မှန်းနိုင်ခြင်း	မြင့်	လတ်	*ကတိပြုထားသည့် ထည့်ဝင်မှုကို ပြက္ခဒိန်နှစ် အစောပိုင်းတွင် ရရှိရန် MHF အလျှုရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တိုင်ပင်ခြင်း* *နှစ်ရှည်သဘောတူညီချက်များ မြှင့်တင်ဆောင်ရွက်ခြင်း* *လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုအတွက် ရန်ပုံငွေ တိုးတက်ရရှိရန် အလားအလာ ရှိသော အလျှုရှင်သစ်များအား တိုက်တွန်းအားပေးခြင်း*	ဆောင်ရွက်ဆဲ	• HC • OCHA (ရုံးအကြီးအကဲ) (HoO) • OCHA DRS • OCHA CBPF ဌာန • MHF AB	HFU ဝန်ထမ်း ကုန်ကျစရိတ်များ
စီမံချက် အကောင်အထည် ဖော်ရာ၌ ရယူအသုံးပြု နိုင်စွမ်း နည်းပါးခြင်း	လတ်	မြင့်	*မိတ်ဖက်(များ)အား အစုအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူးများက နည်းပညာလုပ်ဆောင်နိုင်စွမ်း မြင့်မားလာစေရန် ကူညီခြင်းနှင့် နည်းပြပေးခြင်း၊ HFU က ဘဏ္ဍာရေး စီမံခန့်ခွဲမှု စွမ်းရည် တိုးမြှင့်ရန် ကူညီပေးခြင်း* *စာရင်းစစ်ခြင်း၊ စောင့်ကြည့် လေ့လာခြင်း အစီရင်ခံစာများ၊ ဘဏ္ဍာရေး စစ်ဆေးမှု အစီရင်ခံစာများနှင့် လုပ်ဆောင်နိုင်စွမ်း အကဲဖြတ် ခြင်းများနှင့် စပ်လျဉ်း၍*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ သင်တန်း/ အလုပ်ရုံ ဆွေးနွေးပွဲ ကုန်ကျစရိတ်များ အဝေးရောက် လုပ်ဆောင်မှု ပုံစံအတွက် အိုင်တီ ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			မိတ်ဖက်များအား အချိန်နှင့် တစ်ပြေးညီ ပြောကြားပေးခြင်း *မိတ်ဖက်များ၊ တစ်ဆင့်ခံ မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်း အားကောင်းစေရန် သင်တန်းများ၊ အသိပညာမျှဝေခြင်း၊ နှစ်ဘက်လက်တွဲ ဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် အကဲဖြတ်ခြင်း နည်းလမ်းများဖြင့် ယင်းတို့နှင့် MHF လက်တွဲ ဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အဝေးရောက် ဆောင်ရွက်မှု ပုံစံကိုလည်း စဉ်းစားနိုင်သည်။*			
MHF ရန်ပုံငွေများကို လက်ရှိ လူသားချင်း စာနာမှု ဆိုင်ရာ လိုအပ်ချက်များမှ ငြိမ်းချမ်းစွာ အာဏာ ဖီဆန်ရေး လှုပ်ရှားမှု (CDM)၊ ဆန္ဒပြမှုများ၊ နိုင်ငံရေး လှုပ်ရှားမှု သို့မဟုတ် လူသားချင်း စာနာမှု မဟုတ်သည့် လိုအပ်ချက်များထံသို့ လမ်းကြောင်းလွဲခြင်း	လတ်	မြင့်	*တစ်ဆင့်ခံမိတ်ဖက်များ (အောက်ခြေအဆင့်များရှိ မိတ်ဖက်များ)အား ကြီးကြပ် ကွပ်ကဲမှု အပါအဝင် စီမံချက် အကောင်အထည်ဖော်ခြင်း အပေါ် ကြီးကြပ်ကွပ်ကဲမှုကို ခိုင်မာအားကောင်းစေခြင်း* *နိုင်ငံရေးအကျပ်အတည်းနှင့် ဆက်စပ်အခြေအနေတွင် လက်ရှိစီမံချက်များအား အချိန်မီ ပြောင်းလဲရေးဆွဲ နိုင်ရေး အထောက်အကူ ပြုရန် ဖြေလျှော့ခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်း၊ လက်ရှိ လူသားချင်းစာနာမှု ဆိုင်ရာ တို့ပြန်မှုတွင် သက်ရောက်မှု*	ဆောင်ရွက်ဆဲ	• MHF AB • OCHA HFU • HC	HFU ဝန်ထမ်း ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			လျှော့ချခြင်းနှင့် ရန်ပုံငွေများကို လူသားချင်း စာနာမှု မဟုတ်သည့် လိုအပ်ချက်များထံ လွှဲပြောင်း ခြင်းကို ရှောင်ရှားခြင်း *ရင်းမြစ်များ စုစည်းရယူ အသုံးပြုနိုင်ရေး မဟာဗျူဟာကို နိုင်ငံရေးအကျပ်အတည်း၏ နောက်ဆက်တွဲအဖြစ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအတွက် ရန်ပုံငွေ ထပ်မံလိုအပ်ချက်များ ရှိရာဆီသို့ တိုးချဲ့ခြင်း* *လက်ရှိလူသားချင်းစာနာမှု ဆိုင်ရာ လိုအပ်ချက်များအား ရန်ပုံငွေထောက်ပံ့ခြင်းကို နိုင်ငံရေး အကျပ်အတည်း ကြောင့် လိုအပ်သည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ပြန်လည် ကိုက်ညီမှုများ အပါအဝင် ပုံမှန် ရန်ပုံငွေ ချထားပေးခြင်း များဖြင့် ဆက်လက် ဆောင်ရွက်ခြင်း*			
၂။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ						
ဘေးဒဏ်သင့် ပြည်သူများနှင့် အများပြည်သူတို့က လက်ရှိအုပ်ချုပ် နေသည့် အာဏာပိုင်များနှင့် စေ့စပ်ဆောင်ရွက်ခြင်းနှင့် ဖြန့်ဖြူးရေး ပုံစံများအပေါ် အနုတ်သဘော ရှုမြင်ကြခြင်း	မြင့်	မြင့်	*MHF လုပ်ဆောင်ချက်များနှင့် မိတ်ဖက်များ/တစ်ဆင့်ခံ မိတ်ဖက်များ၏ ဝင်ရောက်ဆောင်ရွက်မှု များအား လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများ (လူသားချင်း စာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်မှု) နှင့်အညီ ဆက်လက် ရှုမြင်ကြောင်း သေချာစေလျက်*	ဆောင်ရွက်ဆဲ	• OCHA HFU • HC	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF စီမံချက် ဘတ်ဂျက်

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			လက်ရှိအုပ်ချုပ်နေသည့် အာဏာပိုင်များနှင့် MHF ၏ စေ့စပ်ဆောင်ရွက်မှုဆိုင်ရာ အခြေခံမူများကို (တတ်နိုင်သမျှ အနည်းဆုံးနှင့် လိုအပ်ရုံသာ) ပြုစုဖော်ထုတ်ပြီး ထောက်ခံ အတည်ပြုပေးခြင်း *ပဋ္ဌိပက္ခ အလေးဂရုပြုသည့် ပိုင်းခြားသုံးသပ်မှုနှင့် ထိခိုက်နစ်နာမှု မရှိစေရေး ချဉ်းကပ်မှု နည်းလမ်းကို မြှင့်တင် ဆောင်ရွက်ခြင်း* *လက်ရှိအုပ်ချုပ်နေသည့် အာဏာပိုင်များနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် စေ့စပ်ဆောင်ရွက်သည့်အခါ သိသိပ်စွာ နေထိုင်ခြင်းနှင့် တရားဝင် တွေ့ဆုံမှုများကို ရှောင်ကြဉ်ခြင်း* *ဘေးဒဏ်သင့် ပြည်သူများအပေါ် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း*			
AB အဖွဲ့ဝင်၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု ကင်းမဲ့ခြင်း	နိမ့်	လတ်	*AB အဖွဲ့ဝင်ထံသို့ TOR များ ဖြန့်ဝေမှု၊ အဖွဲ့ဝင်ဖြစ်မှုဆိုင်ရာနှင့် တက်ကြွစွာ ထိတွေ့ဆောင်ရွက်ရန် ရှင်းလင်းပြီး အချိန်မှန်တောင်းဆိုမှုများ အပါအဝင်*	ဆောင်ရွက်ဆဲ	• MHF AB • OCHA HFU • HC	HFU ဝန်ထမ်း ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			ပွင့်လင်းမြင်သာပြီး တိကျသည့် သတင်းအချက်အလက်များ ရောက်ရှိကြောင်း သေချာစေခြင်း			
၃။ ဘဏ္ဍာရေးဆိုင်ရာနှင့် တာဝန်ခံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ						
MHF ရန်ပုံငွေ ထောက်ပံ့သည့် စီမံချက်များသို့ ငွေသားစီးဆင်းမှု ပြတ်တောက်ခြင်း	မြင့်	မြင့်	*OCHA ၏ ပေးချေမှုများကို UNDP မြန်မာရုံးမှတစ်ဆင့် ဆောင်ရွက်ခြင်း၊ ငွေကြေးကို ငွေသားအဖြစ်ပြောင်းရန် ဒေသအဆင့်တွင် နည်းလမ်းများရှာခြင်း* *တစ်ဆင့်ခံ မိတ်ဖက်များအတွက် ဖြစ်နိုင်ခြေရှိ ငွေသားစီးဆင်းမှု အစီအစဉ်များ ပြုစုဖော်ထုတ်ခြင်း အပါအဝင် အခြားပေးချေမှု ပုံစံများကို အသုံးပြုခြင်း၊ ဝယ်ယူမှုများ ဆိုင်းငံ့ထားခြင်း အပါအဝင် အသုံးစရိတ် များကို ဦးစားပေးအစီအစဉ် ပြန်လည်သတ်မှတ်ခြင်း၊ ရရှိနိုင်သည့် ငွေသားများ (ရုံးခ်ို့ လက်ဝယ်ရှိ ငွေသား ပမာဏ တိုးမြှင့်ခြင်း) နှင့် ဖြစ်နိုင်ပါက မိုဘိုင်းလ်ဘဏ် စနစ်ကို အသုံးပြုခြင်း၊ အကြွေးစနစ်နှင့် မိုဘိုင်းလ်ဖုန်း ဖြင့် ပေးချေသည့် စနစ်များ (Wave Money) ကို အသုံးပြုခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU • OCHA HQ	HFU ဝန်ထမ်းနှင့် အထောက်အကူ ကုန်ကျစရိတ်များ MHF စီမံချက်ဘတ်ဂျက်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဘဏ် များနှင့် ဆွေးနွေးလျက် သီးသန့် အကူအညီများ တောင်းခံခြင်း *အသက်ကယ်တင်သည့် အကူအညီများ ပေးနိုင်စေရေး ကာလတိုအစီအစဉ်များ ပြုစု ဖော်ထုတ်ရန် ဝန်ဆောင်မှု ပေးသူများနှင့် ညှိနှိုင်းခြင်း* *ရရှိနိုင်သည့်ငွေသားဖြင့် စည်းလုံးညီညွတ်မှုရှိသည့် ဒေသတွင်း ကွန်ရက်များကို အသုံးပြုခြင်း* *ဘဏ်စနစ် ပြတ်တောက် မူကြောင့် (ယခုအခါ ပြီးဆုံးတော့မည့် စီမံချက်များအတွက်) စာရင်းရှင်းဖျက်သိမ်း ကာလတွင် ငွေပေးချေမှု အချိန် သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဖြေလျော့ဆောင်ရွက်ပေးခြင်း*			
လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ ခိုးမှု သို့မဟုတ် ကုန်စည်များကို လမ်းကြောင်းလွှဲမှု	လတ်	မြင့်	*လိမ်လည်သည့် လုပ်ဆောင်ချက်များအား ကာကွယ်နိုင်ရန် လိမ်ညာမှု ဆိုင်ရာ မူဝါဒ ချမှတ်ရေး/ တည်ရှိနေစေရေးနှင့် အကောင်အထည်ဖော်ရေးကို သေချာအောင် ဆောင်ရွက်ခြင်း*	ဆောင်ရွက်ဆဲ	• OCHA OCU • OCHA CBPF ဌာန • OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ စောင့်ကြည့် လေ့လာမှု ခရီးစဉ် ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			OCHA HQ ၏ အကူအညီဖြင့် RMU၊ OIOS နှင့် FCS တို့အပြင် အခြားကုလအဖွဲ့အစည်းများ၏ အကူအညီဖြင့် သီးသန့် သင်တန်းများ ပို့ချခြင်း အပါအဝင် မိတ်ဖက်များအား လိမ်လည်မှုနှင့် အဂတိလိုက်စားမှု တိုင်ကြားခြင်းနှင့် ကာကွယ် တားဆီးခြင်းဆိုင်ရာ ပညာပေးခြင်းကို အားဖြည့် ဆောင်ရွက်ခြင်း *ထပ်ဆောင်း ကွင်းဆင်း စောင့်ကြည့်လေ့လာရေး ခရီးများ သွားရောက်ခြင်း၊ ဘဏ္ဍာရေး စစ်ဆေးမှု သို့မဟုတ် အထူးစာရင်းစစ်ဆေးမှုကို လိုအပ်သလို ဆောင်ရွက်ခြင်း၊ အဝေးမှ ဆောင်ရွက်မှုပုံစံ ကိုလည်း စဉ်းစားနိုင်သည်။*			သင်တန်း/ အလုပ်ရုံ ဆွေးနွေးပွဲ ကုန်ကျစရိတ်များ အဝေးရောက် ဆောင်ရွက်မှုပုံစံ အတွက် အိုင်တီ ကုန်ကျစရိတ်များ
MHF ရန်ပုံငွေ ထောက်ပံ့သည့် စီမံချက်များအား အကောင်အထည် ဖော်မှုနှင့်/သို့မဟုတ် စီမံခန့်ခွဲမှုတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု (SEA) စွပ်စွဲမှုများ	လတ်	မြင့်	*SEA ၏ ဆုံးရှုံးနိုင်ခြေကို လျှော့ချရန် မိတ်ဖက်၏ လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်ခြင်း* *SEA ၏ ဆုံးရှုံးနိုင်ခြေကို တားဆီးရန် သို့မဟုတ် လျှော့ချရန် MHF မိတ်ဖက်တွင် လုပ်ဆောင်နိုင်စွမ်း အားနည်းမှု ရှိမရှိ စောင့်ကြည့်လေ့လာခြင်း၊ သင်တန်း ပေးခြင်း၊ သိနားလည်မှု မြှင့်တင်ခြင်းတို့ အပါအဝင် သင့်လျော်သော ဆုံးရှုံးနိုင်ခြေ လျှော့ချသည့် အရေးယူ*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ စောင့်ကြည့် လေ့လာရေး ခရီးစဉ် ကုန်ကျစရိတ်များ သင်တန်း/ အလုပ်ရုံ ဆွေးနွေးပွဲ ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်း၊ အဝေးမှ ဆောင်ရွက်မှုပုံစံ ကိုလည်း စဉ်းစားနိုင်သည်။			အဝေးရောက် ဆောင်ရွက်မှု ပုံစံအတွက် အိုင်တီ ကုန်ကျစရိတ်များ
ကိုဗစ်-၁၉ ကပ်ရောဂါ ကာလနှင့် နိုင်ငံရေး အကျပ်အတည်းအတွင်း တည်ဆဲ စံသတ်မှတ် ချက်များနှင့် ဌာနတွင်း ထိန်းချုပ်မှုများကို ကျင့်သုံးရာ၌ စိန်ခေါ်မှုများကြောင့် စီမံချက် စီမံအုပ်ချုပ်မှု လွဲမှားခြင်း	လတ်	မြင့်	*ဌာနတွင်း ထိန်းချုပ်မှုများ (ကွင်းဆင်းစောင့်ကြည့် လေ့လာရေး ခရီးစဉ်များနှင့် ဘဏ္ဍာရေး စစ်ဆေးမှုများ) ကို အဝေးရောက် သို့မဟုတ် အွန်လိုင်းဆောင်ရွက်မှု ပုံစံများနှင့် ကိုက်ညီခြင်း အပါအဝင် MHF လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ၊ MHF နှင့် မိတ်ဖက်များ၏ လုပ်ငန်း စဉ်ဆက်မပြတ်စေရေး အစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြေလျှော့မှုဆိုင်ရာ လမ်းညွှန်ချက်ကို ကိုဗစ်နှင့် နိုင်ငံရေးအကျပ်အတည်းတွင် ကျင့်သုံးမှုအား စောင့်ကြည့် လေ့လာခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ အဝေးရောက် ဆောင်ရွက်မှု ပုံစံအတွက် အိုင်တီ ကုန်ကျစရိတ်များ
၄။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ						
ဆက်သွယ်ရေးစနစ်များ (ဖုန်း၊ အင်တာနက်၊ စသည်) ပြတ်တောက်ခြင်း၊ ဈေးကွက်မှ ဈေးနှုန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး ကွင်းဆက်ဈေးနှုန်းများ မြင့်တက်ခြင်း အပါအဝင် စီစဉ်ထားသည့် လူသားချင်း	မြင့်	မြင့်	*အရေးကြီးသည့် အသက် ကယ်တင်ရေး အစီအစဉ်များနှင့် ကာကွယ်ရေး လုပ်ဆောင်ချက်များအား ဦးစားပေးခြင်း အပါအဝင် စီမံကိန်း၏ အရေးကြီးမှု ပိုင်းခြားသုံးသပ်ခြင်းကို ခိုင်မာ အားကောင်းစေခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF စီမံချက် ဘတ်ဂျက်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
စာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များ ဆက်လက်ဆောင်ရွက်ခြင်း၏ သက်ရောက်မှု			*အခြေအနေ ပိုင်းခြား သုံးသပ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေ စောင့်ကြည့်လေ့လာခြင်းကို ပုံမှန် ဆောင်ရွက်ခြင်း* *VPN အပါအဝင် လုံခြုံသည့် ဆက်သွယ်ရေးစနစ်နှင့် အင်တာနက် ပလက်ဖောင်းများ တည်ထောင်ခြင်း* *စခန်းအခြေပြု လုပ်အားပေးများ၊ ဝန်ထမ်းများနှင့် စခန်းစီမံခန့်ခွဲမှု ကော်မတီများနှင့် ထိတွေ့ဆက်ဆံမှု တိုးမြှင့်ခြင်း* *အဝေးရောက် စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူပြုရန် စီမံချက်နယ်မြေ အခြေပြု အဓိက အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်း* *သက်ဆိုင်သည့် အစုအဖွဲ့များနှင့် ကဏ္ဍများ၊ နိုင်ငံအဆင့်နှင့် တိုင်း/ပြည်နယ်အဆင့် အခြေပြု ပေါင်းစပ်ညှိနှိုင်းရေးစနစ် များနှင့် ပေါင်းစပ်ညှိနှိုင်းမှု တိုးမြှင့်ခြင်း* *ပုဂ္ဂလိက ဝန်ဆောင်မှုနှင့် စျေးကွက်စျေးနှုန်းများ မြင့်တက်လာသည့် သက်ရောက်မှု (ဥပမာ – အရေးပေါ် ကာကွယ် စောင့်ရှောက်မှုနှင့်/သို့မဟုတ် ပုဂ္ဂလိက ဝန်ဆောင်သူများထံ ကျန်းမာရေး ညွှန်းပို့မှု များ၏*			

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			မြင့်မားသည့် ကုန်ကျစရိတ်)ကို လျှော့ချရန် ရန်ပုံငွေတိုးမြှင့် ချထားခြင်းများကို အထောက်အကူ ပြုပေးခြင်း၊ သို့မဟုတ် ပုဂ္ဂလိက ဝန်ဆောင်သူများသို့ တိုက်ရိုက် အထောက်အကူ ပေးခြင်း *အဝေးရောက် အကောင် အထည်ဖော်ခြင်းဆိုင်ရာ ပုံစံများကို ခိုင်မာအားကောင်း စေခြင်း အပါအဝင် မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များသည် ချမှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဆက်လက်ကျင့်သုံးကြောင်း သေချာစေခြင်း*			
လက်ရှိအုပ်ချုပ် နေသည့် အာဏာပိုင် များက CSO နှင့် ပြည်တွင်း NGO များ အပါအဝင် NGO မိတ်ဖက်များအား ရန်ပုံငွေများကို CDM လှုပ်ရှားမှု၊ ဆန္ဒပြမှု၊ နိုင်ငံရေး လုပ်ဆောင် ချက် သို့မဟုတ် အခြား တရားမဝင် လုပ်ဆောင်ချက်များသို့ လမ်းကြောင်းလွှဲ ပြောင်းသည်ဟု စွပ်စွဲချက်ဖြင့် ဖိအားပေး ခြိမ်းခြောက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်း	မြင့်	မြင့်	*လက်ရှိအုပ်ချုပ်နေသည့် အာဏာပိုင်များက NGO မိတ်ဖက်များအား ဖိအားပေး ခြိမ်းခြောက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းပြုရန် မည်သည့်ကြိုးပမ်းမှု မဆို ပေါ်ပေါက်ပါက MHF အဖွဲ့နှင့် တိုက်ရိုက် ဆက်သွယ် ပြောကြားကြောင်း သေချာစေခြင်း* *ပွင့်လင်းမြင်သာမှုနှင့် ဘေးဒဏ်သင့်ပြည်သူများသို့ တာဝန် ခံယူမှုတို့ကိုတိုးမြှင့်ခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF စီမံချက် ဘတ်ဂျက်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်နိုင်မှုနယ်ပယ် တည်ရှိကြောင်း သေချာစေရန် ရည်ရွယ်လျက် လက်ရှိအုပ်ချုပ်နေသော အာဏာပိုင်များနှင့် MHF ၏ စေ့စပ် ဆောင်ရွက်မှု ဆိုင်ရာ အခြေခံမူများ (တတ်နိုင်သမျှ အနည်းဆုံးနှင့် လိုအပ်သမျှသာ ဆောင်ရွက်ရန်) ကို ကျင့်သုံးခြင်း *လက်ရှိအုပ်ချုပ်နေသော အာဏာပိုင်များနှင့် စေ့စပ်ဆောင်ရွက်သည့်အခါ သိုသိပ်စွာ နေထိုင်ခြင်းနှင့် တရားဝင်တွေ့ဆုံမှုများနှင့် ကတိကဝတ်ပြုမှုများကို ရှောင်ရှားခြင်း*			
MOU၊ နိုင်ငံတကာ ဝန်ထမ်းများအတွက် ခရီး သွားလာခွင့်၊ ပြည်ဝင်ခွင့်၊ ပြန်လာခွင့် ခွင့်ပြုချက်များ ပြတ်တောက်ခြင်း	လတ်	မြင့်	*လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်နိုင်မှုနယ်ပယ် တည်ရှိကြောင်း သေချာစေရန် ရည်ရွယ်လျက် လက်ရှိအုပ်ချုပ် နေသော အာဏာပိုင်များနှင့် MHF ၏ ထိတွေ့မှု ဆိုင်ရာ အခြေခံမူများ (တတ်နိုင်သမျှ အနည်းဆုံးနှင့် လိုအပ်သမျှသာ ဆောင်ရွက်ရန်) ကို ကျင့်သုံးခြင်း* *လက်ရှိအုပ်ချုပ်နေသော အာဏာပိုင်များနှင့် စေ့စပ်ဆောင်ရွက်သည့်အခါ သိုသိပ်စွာ နေထိုင်ခြင်းနှင့်*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF စီမံချက် ဘတ်ဂျက်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
			တရားဝင်တွေ့ဆုံမှုများနှင့် ကတိကဝတ်ပြုမှုများကို ရှောင်ရှားခြင်း *ပွင့်လင်းမြင်သာမှုနှင့် ဘေးဒဏ်သင့်ပြည်သူများသို့ တာဝန် ခံယူမှုတို့ ကို တိုးမြှင့်ခြင်း*			
ဂရုစိုက်ရန် တာဝန်အပေါ် သက်ရောက်မှု	လတ်	မြင့်	*ဘေးကင်းစေရေးနှင့် လုံခြုံရေး လမ်းညွှန်ချက်များကို အချိန်နှင့်အညီ ပြင်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း* *အခြေအနေ ပိုင်းခြား သုံးသပ်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေ စောင့်ကြည့်လေ့လာခြင်းတို့ကို ပုံမှန်ပြုလုပ်ခြင်း အပါအဝင် ပုံမှန်လုံခြုံရေး စစ်ဆေးမှုများကို ဆောင်ရွက်ခြင်းနှင့် ဌာနတွင်း ဆက်သွယ်ပြောကြားမှု ဇယားကို အချိန်နှင့်အညီ ပြင်ဆင်ခြင်း* *VPN အပါအဝင် လုံခြုံသည့် ဆက်သွယ်ရေးစနစ်နှင့် အင်တာနက် ပလက်ဖောင်း များကို တည်ထောင်ခြင်း* *မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များ၏ ဝန်ထမ်းများကို ပေးသည့် စိတ်လူမှုရေးဆိုင်ရာ အထောက်အကူကို ခိုင်မာအားကောင်းစေခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF စီမံချက် ဘတ်ဂျက်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
၅။ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် မိတ်ဖက်ပြုခြင်းများဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ						
ရန်ပုံငွေအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု နှင့် စီမံ ခန့်ခွဲမှုတွင် လူသားချင်းစာနာမှု ဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းမှု စနစ်၏ ထိရောက်မှု ကင်းမဲ့နေခြင်းနှင့် လူသားချင်းစာနာမှု ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ဖွဲ့စည်းတည်ဆောက်မှုတွင် လူသားချင်း စာနာမှု ဆိုင်ရာ မိတ်ဖက်များ ၏ ထိထွေ့ဆောင်ရွက်မှုနှင့် ပါဝင်ဆောင်ရွက်မှု ကင်းမဲ့နေခြင်း	နိမ့်	လတ်	*ပေါင်းစပ်ညှိနှိုင်းရေး စနစ်များတွင် MHF မိတ်ဖက်များ ထိတွေ့ဆောင်ရွက်လာစေရန် ဆက်သွယ်ကမ်းလှမ်းခြင်း* *လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု ဖွဲ့စည်းတည်ဆောက်ပုံများတွင် MHF အကျိုးသက်ဆိုင်သူ အားလုံး အဆက်မပြတ် အထောက် အကူပြုရေးနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ခြင်း* *ရန်ပုံငွေချထားပေးရေးနှင့် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များတွင် ကဏ္ဍ/အစုအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမျူးများနှင့် ကဏ္ဍ/ အစုအဖွဲ့ဝင်များ ပိုမိုတိုးတက်၊ အားလုံးပါဝင် ဆောင်ရွက်စေရန် မြှင့်တင်ဆောင်ရွက်ခြင်း* *နောက်ထပ် ဘဏ္ဍာရေး စစ်ဆေးမှု သို့မဟုတ် အထူးစာရင်းစစ်မှုတို့ကို လိုအပ်သလို ဆောင်ရွက်ခြင်း၊ အဝေးရောက် ဆောင်ရွက်မှု ပုံစံကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။*	ဆောင်ရွက်ဆဲ	• HC • OCHA HoO • OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ အဝေးရောက် ဆောင်ရွက်မှု ပုံစံအတွက် အိုင်တီ ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
၆။ ဘေးကင်းရေးနှင့် လုံခြုံရေး						
သဘာဝ သို့မဟုတ် လူလုပ်ဘေးအန္တရာယ်များ၊ လူကိုယ်တိုင် သွားရောက်နိုင်ရန် အတားအဆီးများ၊ ကိုဗစ်-၁၉ ဘေးကင်း ရေး ကိစ္စရပ်များ၊ လုံခြုံရေး အခြေအနေ နှင့်/သို့မဟုတ် လက်ရှိ အုပ်ချုပ်နေသည့် အာဏာပိုင်များက ထုတ်ပြန်သည့် မူဝါဒ အသစ်များ ကြောင့် သွားလာမှု ကန့်သတ်ရခြင်းများ	မြင့်	မြင့်	*လိုအပ်နေသော ပြည်သူများထံ ရောက်ရှိနိုင်ရေး သေချာစေရန် လက်ရှိအုပ်ချုပ်နေသည့် အာဏာပိုင်များနှင့် လက်နက်ကိုင် အဖွဲ့များနှင့် (တတ်နိုင်သမျှ အနည်းဆုံးနှင့် လိုအပ်သမျှသာ) စေ့စပ်ဆောင်ရွက်ခြင်း* *ဝန်ထမ်းများ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် ကာကွယ် စောင့်ရှောက်နိုင်ရန် အခြေအနေ ပုံမှန်ပြန်လည် သုံးသပ်မှုနှင့် စောင့်ကြည့်လေ့လာမှုကို သေချာအောင် ဆောင်ရွက်ခြင်း* *သွားလာခွင့်ကို တိုးမြှင့်ရန် နှင့် တာဝန်ခံမှုအပေါ် ဆုံးရှုံးနိုင်ခြေ၏ သက်ရောက်မှုကို လျှော့ချရန် အဝေးရောက် စောင့်ကြည့်လေ့လာရေး နည်းလမ်းများကို အသုံးပြုခြင်း* *လက်ရှိအုပ်ချုပ်နေသည့် အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရေးဆိုင်ရာ MHF ၏ အခြေခံမူများ အပါအဝင် မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များ၏ ဝန်ထမ်းများ အတွက် နောက်ထပ် လုပ်ဆောင်ချက်များကို အထောက်အကူပြုပေးခြင်း*	ဆောင်ရွက်ဆဲ	• HC • OCHA HoO • OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ အဝေးရောက် ဆောင်ရွက်မှု ပုံစံအတွက် အိုင်တီ ကုန်ကျစရိတ်များ

ဆုံးရှုံးနိုင်ခြေ (အများဆုံးမှ အနည်းဆုံးသို့)	ဖြစ်နိုင်ခြေ	သက်ရောက်မှု	လျှော့ချရန် မဟာဗျူဟာ	အချိန်သတ်မှတ်ချက်	ဆုံးရှုံးနိုင်ခြေ ပိုင်ရှင်များ	လျှော့ချမှု၏ ကုန်ကျစရိတ် (ကန်ဒေါ်လာဖြင့်)
လုပ်ဆောင်ချက်များ ပြတ်တောက်ခြင်းနှင့်/ သို့မဟုတ် ရပ်တန့်ခြင်း နှင့် ဦးတည်လူထုတွင် ကိုဗစ်-၁၉ ပြန့်ပွားမှုရှိခြင်းတို့ အပါအဝင် ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် လိုအပ်နေသည့် ပြည်သူများအတွက် ကျန်းမာရေး ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ	မြင့်	မြင့်	*အကာအကွယ် ပစ္စည်းများ အသုံးပြုခြင်းနှင့် လူချင်း ခပ်ခွာခွာနေခြင်းဖြင့် ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် အကူအညီလိုအပ်နေသည့် ပြည်သူများအား ကာကွယ်စောင့်ရှောက်မှုကို ခိုင်မာအားကောင်းစေခြင်း* *ကိုက်ညီထားသည့် လုပ်ငန်း စဉ်ဆက်မပြတ်စေရေး အစီအစဉ်ကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အကောင်အထည် ဖော်ခြင်း* *ကိုဗစ်-၁၉ ပြန့်ပွားမှုနှင့် သက်ရောက်မှု အန္တရာယ်ကို အနိမ့်ဆုံးသို့ လျှော့ချရန် ကာကွယ်တားဆီးရေး လုပ်ဆောင်ချက်များကို မြှင့်တင်ဆောင်ရွက်ခြင်း*	ဆောင်ရွက်ဆဲ	• OCHA HFU	HFU ဝန်ထမ်း ကုန်ကျစရိတ်များ MHF က သီးသန့် ရန်ပုံငွေ ထောက်ပံ့သည့် လုပ်ဆောင်ချက်များ

၅–၂။ ဆုံးရှုံးနိုင်ခြေ အခြေပြု ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှု

MHF တာဝန်ခံမှု မူဘောင်၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ခုမှာ မိတ်ဖက်တစ်ဦးစီထံသို့ ရန်ပုံငွေများ ထုတ်ပေးသည့်အချိန်တွင် ရှိနေသည့် ဆုံးရှုံးနိုင်ခြေကို ပိုင်းခြားသုံးသပ်ခြင်းဖြစ်သည်။ မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်မှုကို မိတ်ဖက်၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ပိုင်းခြား သုံးသပ်ခြင်းဖြင့် ဆောင်ရွက်ပြီး ယင်းပိုင်းခြားသုံးသပ်မှုက မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်း ပြည့်မီမှု ရှိမရှိကို ဆုံးဖြတ်ပေးသည်။ အကဲဖြတ်ထားသည့် လုပ်ဆောင်နိုင်စွမ်းအပေါ် အခြေခံသည့် ဆုံးရှုံးနိုင်ခြေအရ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီသည့် မိတ်ဖက်များကို အဆင့် သတ်မှတ်သည်။ ဆုံးရှုံးနိုင်ခြေအဆင့်ကို မိတ်ဖက်ဖြစ်သူသို့ ထုတ်ပေးသည့် ခွင့်ပြုရန်ပုံငွေများအပေါ် အကျိုးသက်ရောက်သည့် အနိမ့်ဆုံးထိန်းချုပ်မှုစနစ်များ (လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ) အဖြစ် ပြောင်းလဲဖော်ပြပေးသည်။ အချိန်ကာလ တစ်ခုအကြာတွင် မိတ်ဖက်များ ရန်ပုံငွေရရှိပြီး စီမံချက်များကို အကောင်အထည် ဖော်လာသည်နှင့်အမျှ ဆုံးရှုံးနိုင်ခြေအဆင့် သတ်မှတ်ချက်များကို မိတ်ဖက်ဖြစ်သူ၏ စွမ်းဆောင်ရည်အရ ပိုမိုဆုံးဖြတ်လာနိုင်မည် ဖြစ်သည်။

ဆုံးရှုံးနိုင်ခြေအခြေပြုသည့် ခွင့်ပြုရန်ပုံငွေစီမံခန့်ခွဲမှုသည် အဓိကလုပ်ဆောင်ချက် သုံးရပ်ကို ဆောင်ရွက်သည်။ ပထမလုပ်ဆောင်ချက်မှာ ၎င်းသည် ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ကြီးကြပ် ကွပ်ကဲရေးဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ်ထားသည့် ဆုံးရှုံးနိုင်ခြေနှင့် ယှဉ်တွဲပေးခြင်းဖြင့် MHF ၏ စီမံချက်စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေခြင်းဖြစ်သည်။ ဥပမာ – ဆုံးရှုံးနိုင်ခြေနိမ့်သည့် မိတ်ဖက်များသည် ထိန်းချုပ်မှုအနည်းငယ်သာ ခံရနိုင်ခြင်းဖြစ်သည်။ ဒုတိယလုပ်ဆောင်ချက်မှာ ဆုံးရှုံးနိုင်ခြေ အခြေပြုသည့် စီမံခန့်ခွဲမှုသည် မိတ်ဖက်များအား ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ကူညီဖော်ထုတ်နိုင်စေခြင်းဖြစ်သည်။ တတိယအချက်မှာ လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ရန်အတွက် အကောင်အထည်ရှိသည့် မက်လုံးများ ပေးခြင်းဖြင့် ကျယ်ပြန့်သည့် မိတ်ဖက်အမျိုးအစားပေါင်းစုံ အထူးသဖြင့် နိုင်ငံအဆင့် NGO များအား ရန်ပုံငွေများကို ပိုမိုလွယ်ကူစွာ ရယူနိုင်စေခြင်းဖြစ်သည်။

၅–၂–၁။ NGO မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်[18]

မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်မှုကို ဆောင်ရွက်ရခြင်း၏ ဦးတည်ချက်မှာ အောက်ပါ နည်းလမ်းများအားဖြင့် ပိုမိုကောင်းမွန်သည့် ရန်ပုံငွေစီမံခန့်ခွဲမှု ဖြစ်ပေါ်လာစေရန်နှင့် MHF ၏ ထိရောက်မှုကို တိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည် –

- MHF ရန်ပုံငွေများကို စီမံခန့်ခွဲနိုင်သည့် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီသော အကောင်အထည်ဖော်ရေး မိတ်ဖက်များကို စုစည်းရယူခြင်း
- ထိန်းချုပ်မှုအခြေပြုသည့် ချဉ်းကပ်ပုံနည်းလမ်းမှ ဆုံးရှုံးနိုင်ခြေများကို လျှော့ချပေးသည့် ဆုံးရှုံးနိုင်ခြေအခြေပြု စီမံခန့်ခွဲမှုပုံစံသို့ ကူးပြောင်းခြင်း

[18] ကြက်ခြေနီ/လခြမ်းနီလှူပ်ရှားမှု အဖွဲ့အစည်းများ အပါအဝင်

- မိတ်ဖက်ဖြစ်သူ၏ လုပ်ဆောင်နိုင်စွမ်းတွင် ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်သည့် လစ်ဟာမှု များကို သတ်မှတ်ဖော်ထုတ်ခြင်း။

အလားအလာရှိသည့် NGO မိတ်ဖက်များသည် HFU ကို ဆက်သွယ်၍ **အသင်းအဖွဲ့ မှတ်ပုံတင် လက်မှတ်** မိတ္တူတစ်စောင် (အင်္ဂလိပ်ဘာသာဖြင့်ဆိုလျှင် ပိုကောင်းသည်) နှင့် မိတ်ဖက်အဖွဲ့အစည်း ၏ အမည်အပြည့်အစုံကို ဖော်ပြသည့် **ဘဏ်စာရင်းရှင်းတမ်း/ပေးစာ**ကို တင်သွင်းခြင်းအားဖြင့် မိတ်ဖက်တစ်ဦး ဖြစ်လာစေမည့် လုပ်ငန်းစဉ်ကို အစပြုဆောင်ရွက်ကြပြီး ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှုစနစ် (GMS) သို့ ဝင်ရောက်နိုင်ရန် လျှောက်ထားကြရသည်။ အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်နှင့် ဘဏ်စာရင်းတို့ကို GMS စနစ်သို့ ဝင်ရောက်ခွင့်မပြုမီ တင်သွင်းရန်လိုအပ်သည်။ သို့မှသာ GMS စနစ်တွင် အမည်မှားယွင်းမှုများမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး ယင်းသို့မှားယွင်းပါက ခွင့်ပြုရန်ပုံငွေ သဘောတူညီချက်ကို ပြုစုထုတ်လုပ်ပေးသည့် လုပ်ငန်းစဉ်နှင့် ငွေထုတ်ပေးသည့် လုပ်ငန်းစဉ်တို့တွင် နှောင့်နှေးမှုများ ဖြစ်ပေါ်စေနိုင်သည်။

မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေ	
၀၀.၀၀ – ၄၉.၉၉	အကျုံးမဝင်ပါ
၅၀.၀၀ – ၆၉.၉၉	မြင့်
၇၀.၀၀ – ၈၉.၉၉	လတ်
၉၀.၀၀ – ၁၀၀.၀၀	နိမ့်

မှတ်ပုံတင်သည့်လုပ်ငန်းစဉ် ပြီးစီးပါက မိတ်ဖက်ဖြစ်သူသည် GMS စနစ် (https://cbpf.unocha.org/) သို့ ဝင်ရောက်ခွင့်ရရှိမည် ဖြစ်ပြီး **အလေးထားစိစစ်ခြင်း** (DD) လုပ်ငန်းစဉ် စတင်မည် ဖြစ်သည်။ DD လုပ်ငန်းစဉ် အပြီးသတ်၍ မိတ်ဖက်ဖြစ်သူကို အောင်မြင်စွာ လက်ခံအတည်ပြုပြီးပါက ယင်းအဖွဲ့အစည်းသည် ရန်ပုံငွေရရှိရန် မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရန်နှင့် နောက်ဆုံးရမှတ်နှင့်အညီ ဆုံးရှုံးနိုင်ခြေအဆင့်ကို သတ်မှတ်ရန် **ဌာနတွင်း လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်** (နောက်ဆက်တွဲ ၃ တွင်ကြည့်ပါ) ကို ဖြတ်သန်းရမည်။ အသေးစိတ်ကို CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် ကြည့်ရှု လေ့လာနိုင်သည်။

ကုလသမဂ္ဂ အဖွဲ့အစည်းများသည် DD လုပ်ငန်းစဉ်ကို ဖြတ်သန်းစရာ မလိုသော်လည်း ရုံးလိပ်စာ၊ ခွင့်ပြုရန်ပုံငွေ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည့် တရားဝင်ကိုယ်စားလှယ်၏ ဆက်သွယ်ရန် အသေးစိတ်များ၊ ခွင့်ပြုရန်ပုံငွေ သဘောတူညီချက်များကို ကိုင်တွယ်ဆောင်ရွက်ရန် ဘဏ်ဆိုင်ရာ သတင်းအချက်အလက်များ စသည့် သတင်းအချက်အလက်များကို ပေးအပ်ရန် လိုသည်။

၅-၂-၂။ စွမ်းဆောင်ရည် စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်မှု အညွှန်းပြကိန်း

MHF သည် မိတ်ဖက်များ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာခြင်း၊ အစီရင်ခံခြင်းနှင့် ဘဏ္ဍာရေး ထိန်းချုပ်မှုနည်းလမ်းများဖြင့် အမြဲမပြတ် အကဲဖြတ်လျက်ရှိပြီး ယင်းနည်းလမ်းများက စီမံချက်အကောင်အထည်ဖော်မှု၏ အရည်အသွေးနှင့် အောင်မြင်မှုဆိုင်ရာ နောက်ဆုံးသတင်း အချက်အလက်များကို ပံ့ပိုးပေးသည်။ MHF တာဝန်ခံမှုမူဘောင်အတွင်း၌ GMS အခြေပြု **ဆောင်ရွက်မှုအညွှန်းပြကိန်း**သည် လုပ်ဆောင်နိုင်စွမ်းအကဲဖြတ်မှု၊ စာရင်းစစ်အစီရင်ခံစာများနှင့် စောင့်ကြည့်လေ့လာမှုရလဒ်များ၊ တင်သွင်းခဲ့သည့် စီမံချက်စာရွက်စာတမ်းများ၏ အရည်အသွေးနှင့် အချိန်မီဖြစ်မှု၊ စီမံချက်ပြင်ဆင်ရေးဆွဲခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်သည့် ကာလ သက်တမ်းတိုးခြင်းများ (NCEs) နှင့် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်တို့အပြင် ယုံကြည် လောက်သည့်

ပြင်ပရင်းမြစ်များ စသည်တို့မှ ရမှတ်များကို သတ်မှတ်ဖော်ထုတ်ပြီး ပေါင်းစည်းပေးသည်။ ရလဒ်အဖြစ် အစဉ်ပြောင်းနေနိုင်သည့် စုစုပေါင်း ဆုံးရှုံးနိုင်ခြေအဆင့် (မြင့်၊ လတ်၊ နိမ့်) ကို မိတ်ဖက်တစ်ဦးစီအတွက် သတ်မှတ်ပေးသည်။

ဇယား – ၂။ မိတ်ဖက် ဆောင်ရွက်မှု အညွှန်းပြကိန်း

ဆောင်ရွက်မှု အညွှန်းပြကိန်း အုပ်စုများ (၁ မှ ၆)	အုပ်စု၏ အလေးသာမှု
၁။ စီမံချက် စာရွက်စာတမ်း၏ အရည်အသွေးနှင့် အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်မှု – သင်သည် အဆိုပြုလွှာ များ၏ အရည်အသွေးနှင့် သဘောထားမှတ်ချက်များအပေါ် အချိန်မီ တုံ့ပြန်နိုင်မှုကို မည်သို့ အကဲဖြတ်မည်နည်း။	၁၀%
၂။ အကောင်အထည်ဖော်မှု အဆင့်အတန်း (စောင့်ကြည့်လေ့လာမှုနှင့် ဘဏ္ဍာရေး စစ်ဆေးမှု တွေ့ရှိချက်များ) – အတည်ပြုထားသည့် ဦးတည်လုပ်ငန်းများနှင့် အချိန်သတ်မှတ်ချက်တို့နှင့် နှိုင်းယှဉ်လျက် စီမံချက်အကောင်အထည်ဖော်မှုအပေါ် သင်၏ ခြုံငုံအကဲဖြတ်ချက် (အရည်အသွေးနှင့် အချိန်မီဖြစ်ခြင်း) မှာ အဘယ်နည်း။ (ဘဏ္ဍာရေး စစ်ဆေးမှု ကိစ္စတွင် ဌာနတွင်း ထိန်းချုပ်မှုများနှင့် ဘဏ္ဍာရေးမှတ်တမ်းများ တိကျမှုတို့၏ ခိုင်မာမှုအပေါ် သင်၏ ခြုံငုံအကဲဖြတ်ချက်မှာ အဘယ်နည်း။)	၂၅%
၃။ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၏ စွမ်းဆောင်ရည် – လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၏ အရည်အသွေးနှင့် အချိန်မီဖြစ်မှုကို သင်မည်သို့ အကဲဖြတ်မည်နည်း။	၁၅%
၄။ စီမံချက်ပြင်ဆင်ရေးဆွဲခြင်း(များ) – စီမံချက်ကို ပြင်ဆင်ရေးဆွဲမှု၏ အချိန်မီဖြစ်မှု၊ အကြိမ်ရေနှင့် အကြောင်းပြချက်တို့ကို သင်မည်သို့ အကဲဖြတ် မည်နည်း။	၁၀%
၅။ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း စွမ်းဆောင်ရည် – ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကို သင်မည်သို့ အကဲဖြတ်မည်နည်း။	၂၀%
၆။ စာရင်းစစ်မှု တွေ့ရှိချက်များ – စာရင်းစစ်မှု တွေ့ရှိချက်များကို သင်မည်သို့ အကဲဖြတ်မည်နည်း။	၂၀%

စီမံချက်တစ်ခုစီအတွက် အထက်ပါ အုပ်စုများအလိုက် သတ်မှတ်ပေးသည့် ရမှတ်များကို မိတ်ဖက် ဆောင်ရွက်မှု အညွှန်းပြကိန်း (PPI) တွင် အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြမည် –

မိတ်ဖက် ဆောင်ရွက်မှု အညွှန်းပြကိန်း		
ရမှတ်	ရှင်းလင်းဖော်ပြချက်	ဆုံးရှုံးနိုင်ခြေအဆင့်
၀၀.၀၀ – ၄၉.၉၉	အလွန်ညံ့သော စွမ်းဆောင်ရည်	အကျိုးမဝင်ပါ
၅၀.၀၀ – ၅၉.၉	ညံ့သော စွမ်းဆောင်ရည်	မြင့်
၆၀.၀၀ – ၆၉.၉၉	ပျမ်းမျှအောက် စွမ်းဆောင်ရည်	မြင့်
၇၀.၀၀ – ၇၉.၉၉	ပျမ်းမျှ စွမ်းဆောင်ရည်	လတ်
၈၀.၀၀ – ၈၉.၉၉	ပျမ်းမျှအထက် စွမ်းဆောင်ရည်	လတ်
၉၀.၀၀ – ၉၄.၉၉	ကောင်းမွန်သော စွမ်းဆောင်ရည်	နိမ့်
၉၅.၀၀ – ၁၀၀.၀၀	အလွန်ကောင်းမွန်သော စွမ်းဆောင်ရည်	နိမ့်

၅–၂–၃။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ

MHF တာ၀နျခံမှု မူဘောင်ဆိုင်ရာ နည်းလမ်းများမှလည်းကောင်း၊ အခြားယုံကြည်လောက်သော ရင်းမြစ်များမှ လည်းကောင်း ရရှိသည့် မိတ်ဖက်များဆိုင်ရာ သတင်းအချက်အလက်များကို မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံမှု ပုံစံများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာ၌ ပိုမိုသိရှိနားလည်စေရန် အသုံးပြုသည်။ ခွင့်ပြု ရန်ပုံငွေများအား စီမံခန့်ခွဲရန် အသုံးပြုသည့် အာမခံချက်ပေးသော စနစ်များသည် အကြောင်းရပ်သုံးခုပေါ် မူတည်၍ ကွဲပြားနိုင်သည်။ ယင်းတို့မှာ မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေအဆင့်၊ စီမံချက်၏တန်ဖိုးနှင့် စီမံချက်၏ ကြာမြင့်ချိန်တို့ဖြစ်ကြသည်။ အောက်ပါ ဇယားတွင် ဖော်ပြထားသည့် ယင်း“လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ”ကို OCHA မြန်မာရုံးက MHF အတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်အဖြစ် ကျင့်သုံးပြီး ယင်းတို့တွင် အောက်ပါအရာများကို ကိုက်ညီပေးခြင်း ပါ၀င်သည် –

- ငွေထုတ်ပေးခြင်းဆိုင်ရာ မူ၀ါဒ (တစ်နည်းအားဖြင့် ငွေထုတ်ပေးမှုအကြိမ်ရေနှင့် ရာခိုင်နှုန်း)
- ရန်ပုံငွေ၏ အမြင့်ဆုံးကန့်သတ်ချက်
- ကွင်းဆင်းစောင့်ကြည့်လေ့လာရေး ခရီးစဉ်များ
- ဘဏ္ဍာရေး စစ်ဆေးမှုများ
- လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာဆိုင်ရာ လိုက်နာရန် လိုအပ်ချက်များ
- ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းဆိုင်ရာ လိုက်နာရန် လိုအပ်ချက်များ
- စီမံချက် စာရင်းစစ်ခြင်း

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများတွင် ဖော်ပြထားသည့် ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်နိုင်စေရန် အသေးစိတ်အချက်များကို CBPF များအတွက် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် ရှင်းလင်းဖော်ပြထားသည်။

ဇယား ၃။ MHF လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ (၂၀၂၁)

မိတ်ဖက် ဆောင်ရွက်မှု အညွှန်းပြကိန်း	စီမံချက် ကာလ[19] (လဖြင့်)	စီမံချက်တန်ဖိုး[20] (ကန်ဒေါ်လာ ထောင်ဖြင့်)	စီမံချက် အမြင့်ဆုံး တန်ဖိုး[21] (ကန်ဒေါ်လာ ထောင်ဖြင့်)	ငွေထုတ်ပေးမှုများ[22] (စုစုပေါင်း၏ % ဖြင့်)	ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း			လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံခြင်း		စောင့်ကြည့် လေ့လာခြင်း		စာရင်း စစ်ခြင်း[24]
					ထုတ်ပေးရန်	အပြီးသတ်	IPSAS[23]	တိုးတက်မှု	အပြီးသတ်	ကွင်း ဆင်းခြင်း[24]	ဘဏ္ဍာ ရေး စစ်ဆေးမှု[25]	
မြင့် (ညံ့သောနှင့် ပျမ်းမျှအောက် စွမ်းဆောင်ရည်)	< = ၆	≤ ၂၅၀	–	၆၀–၄၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
		> ၂၅၀	၅၀၀	၅၀–၅၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
	> ၆ မှ < = ၁၂	≤ ၂၅၀	–	၄၀–၄၀–၂၀	ဟုတ်	ဟုတ်	ဟုတ်	၂	ဟုတ်	၁	၁	ဟုတ်
		> ၂၅၀	၈၀၀	၄၀–၃၀–၃၀	ဟုတ်	ဟုတ်	ဟုတ်	၂	ဟုတ်	၁	၁	ဟုတ်
လတ်	< = ၆	≤ ၂၅၀	–	၁၀၀	–	ဟုတ်	ဟုတ်	၁	ဟုတ်	–	၁	ဟုတ်
		> ၂၅၀	၇၀၀	၈၀–၂၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်

[19] အကောင်အထည်ဖော်မှုကာလ ၁၂ လအထက် ကြာမြင့်ပြီး စီမံချက်ကာလ သက်တမ်းတိုးသည့် ခွင့်ပြုခဲ့သော စီမံချက်များအတွက် GMS စနစ်တွင် ကင်းလွတ်ခွင့်ဖော်ပြချက် ပါဝင်မည်။ လုံလောက်သည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုရှိကြောင်း သေချာစေရန် နောက်ထပ် အာမခံချက်များ (လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စောင့်ကြည့်လေ့လာမှု) ဖြည့်စွက်နိုင်သည်။ ယင်းကို ခွင့်ပြုရန်ပုံငွေသဘောတူညီချက် ပြင်ဆင်ချက်တွင် ထင်ဟပ်ဖော်ပြမည်။

[20] ထောက်ခံအကြံပြုသည့် အနိမ့်ဆုံး ရန်ပုံငွေသတ်မှတ်ချက်များမှာ ပုံမှန်ရန်ပုံငွေချထားပေးမှုများဖြင့် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များအတွက် ကန်ဒေါ်လာ ၂၀၀,၀၀၀ နှင့် အရေးပေါ် အရန်ရန်ပုံငွေ ချထားပေးမှုများဖြင့် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များအတွက် ကန်ဒေါ်လာ ၁၀၀,၀၀၀ ဖြစ်ကာ ချွင်းချက်များကို HC က ဆုံးဖြတ်မည်။

[21] မိတ်ဖက်၏ ဆောင်ရွက်မှုအညွှန်းပြကိန်း အုပ်စုတစ်ခုစီအတွက် အမြင့်ဆုံးရည်ညွှန်းသတ်မှတ်ချက်ကို ကျော်လွန်သည့် ရန်ပုံငွေတိုးမြှင့်ချထားသည့် စီမံချက်များအတွက် ကင်းလွတ်ခွင့်ဖော်ပြချက်ကို GMS တွင် ထည့်သွင်းမည်။ လုံလောက်သည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုရှိကြောင်း သေချာစေရန် နောက်ထပ် အာမခံချက်များ (ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ) ကို ဖြည့်စွက်နိုင်သည်။ ယင်းကို ခွင့်ပြုရန်ပုံငွေ သဘောတူညီချက် ပြင်ဆင်ချက်တွင် ထင်ဟပ်ဖော်ပြမည်။ တိုက်ရိုက်ရန်ပုံငွေထောက်ပံ့သည့် ကုလသမဂ္ဂအဖွဲ့များ၏ စီမံချက်များ အတွက် အမြင့်ဆုံးတန်ဖိုးကို သတ်မှတ်ထားခြင်းမရှိပါ။

[22] တိုက်ရိုက်ရန်ပုံငွေထောက်ပံ့သည့် ကုလသမဂ္ဂအဖွဲ့များ၏ စီမံချက်များအတွက် ငွေထုတ်ပေးခြင်းကို မိတ်ဖက်၏ ဆောင်ရွက်မှု အညွှန်းပြကိန်းအဆင့်နှင့် သီးခြားကင်းလွတ်လျက် စီမံချက်အစတွင် ၁၀၀% ပြုလုပ်မည်။

[23] အပြည်ပြည်ဆိုင်ရာ အများပြည်သူဆိုင်ရာကဏ္ဍ စာရင်းကိုင်စံသတ်မှတ်ချက်များ ကြားကာလအစီရင်ခံစာ။ NGO များအတွက် ဤကြားကာလ IPSAS အစီရင်ခံစာ တင်သွင်းရန် နောက်ဆုံးရက်သည် (GA ၏ စည်းမျဉ်းအမှတ် ၁၀၊ အပိုဒ် ၃ အရ ကင်းလွတ်ခွင့်မပြုပါက) လာမည့်နှစ် ဧနီနဝါရီ ၃၁ ဖြစ်ပြီး ယခင်နှစ် ဒီဇင်ဘာ ၃၁ အထိ ကျခံခဲ့ရသည့် ကုန်ကျစရိတ်များ အကျုံးဝင်သည်။ ကုလအဖွဲ့အစည်းများအတွက် နောက်ဆုံးရက်သည် လာမည့်နှစ် ဖေဖော်ဝါရီ ၁၅ ဖြစ်သည်။

[24] ကွင်းဆင်းခြင်းများကို ဘေးကင်း/လုံခြုံရေးနှင့် သွားရောက်နိုင်မှု အခြေအနေရ ဆောင်ရွက်မည်။ အဝေးရောက် စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် တတိယပုဂ္ဂိုလ် စောင့်ကြည့်လေ့လာခြင်းကဲ့သို့ အခြားနည်းစနစ်များကို လိုအပ်သလို အကောင်အထည်ဖော်မည်။ OCHA သည် နောက်ထပ်အစီရင်ခံစေခြင်း၊ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်စေခြင်းနှင့် အထူးစာရင်းစစ်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

[25] ဘဏ္ဍာရေး စစ်ဆေးခြင်းများနှင့် သီးခြားလွတ်လပ်သည့် စာရင်းစစ်ခြင်းများကို တိုက်ရိုက်ရန်ပုံငွေထောက်ပံ့သည့် ကုလသမဂ္ဂအဖွဲ့များ၏ စီမံချက်များအတွက် ဆောင်ရွက်မည် မဟုတ်ပါ။

မိတ်ဖက် ဆောင်ရွက်မှု အညွှန်းပြကိန်း	**စီမံချက် ကာလ**[19] (လဖြင့်)	**စီမံချက်တန်ဖိုး**[20] (ကန်ဒေါ်လာ ထောင်ဖြင့်)	**စီမံချက် အမြင့်ဆုံး တန်ဖိုး**[21] (ကန်ဒေါ်လာ ထောင်ဖြင့်)	**ငွေထုတ်ပေးမှုများ**[22] (စုစုပေါင်း၏ % ဖြင့်)	**ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း**			**လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံခြင်း**		**စောင့်ကြည့် လေ့လာခြင်း**		**စာရင်း စစ်ခြင်း**[24]
					ထုတ် ပေးရန်	**အပြီး သတ်**	**IPSAS**[23]	**တိုးတက် မှု**	**အပြီး သတ်**	**ကွင်း ဆင်း ခြင်း**[24]	**ဘဏ္ဍာ ရေး စစ်ဆေးမှု**[25]	
(ပျမ်းမျှနှင့် ပျမ်းမျှအထက် စွမ်းဆောင်ရည်)	> ၆ မှ < = ၁၂	≤ ၂၅၀	–	၈၀–၂၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
		> ၂၅၀	၁၂၀၀	၆၀–၄၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
နိမ့် (ကောင်းသောနှင့် အလွန်ကောင်း သော စွမ်းဆောင် ရည်)	< = ၆	≤ ၄၀၀	–	၁၀၀	–	ဟုတ်	ဟုတ်	၁	ဟုတ်	–	–	ဟုတ်
		> ၄၀၀	–	၈၀–၂၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
	> ၆ မှ < = ၁၂	≤ ၄၀၀	–	၁၀၀	–	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်
		> ၄၀၀	–	၈၀–၂၀	ဟုတ်	ဟုတ်	ဟုတ်	၁	ဟုတ်	၁	၁	ဟုတ်

၅-၂-၄။ လိုက်နာဆောင်ရွက်မှု စနစ်များ

HC သည် MHF ၏ အစီအစဉ်ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို တာဝန်ခံမှုစနစ်များဖြင့် ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည်။ လိုက်နာဆောင်ရွက်စေရန် အရေးယူဆောင်ရွက်မှုများက ရန်ပုံငွေအဖွဲ့နှင့် လက်ခံရရှိသည့် အဖွဲ့အစည်းတို့အကြား သဘောတူညီထားသည့် ဥပဒေဆိုင်ရာ သတ်မှတ်ချက်များ၊ အထူးသဖြင့် အောက်ပါအခြေအနေ အမျိုးအစားများနှင့် ဆက်စပ်သည့် ကိစ္စရပ်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကို HC အား ကိုင်တွယ်ဖြေရှင်းနိုင်စေသည် –

- သတ်မှတ်ရက် ကျော်လွန်နေသည့် ဘဏ္ဍာရေးဆိုင်ရာ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ
- မသုံးစွဲရသေးသည့် ရန်ပုံငွေများအား ပြန်လည်ပေးသွင်းမှုမရှိခြင်း
- အရေးကြီးသည့် (ဆုံးရှုံးနိုင်ခြေမြင့်) စာရင်းစစ် တွေ့ရှိမှုများ/အရည်အသွေးမီ စာရင်းစစ် ထင်မြင်ချက်များ (အထူးသဖြင့် အရေးကြီးသည့် ဌာနတွင်း ထိန်းချုပ်မှုများ ကင်းမဲ့နေမှု၊ ဌာနတွင်း ထိန်းချုပ်မှုများတွင် စိုးရိမ်ဖွယ် အားနည်းချက်များ၊ ဘဏ္ဍာစာရင်းနှင့် ကိုက်ညီမှု မရှိခြင်း၊ နှစ်ဘက်သွင်းစာရင်းရေးစနစ် မရှိခြင်း၊ အထောက်အကူပြု စာရွက်စာတမ်းများ မရှိခြင်း၊ မူရင်းပြေစာများ မရှိခြင်း)
- စောင့်ကြည့်လေ့လာခြင်းနှင့် ဘဏ္ဍာရေး စစ်ဆေးခြင်းများမှ အရေးကြီးသည့် တွေ့ရှိချက်များ
- လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း[26]
- လိမ်လည်မှု၊ အဂတိလိုက်စားမှု သို့မဟုတ် ရန်ပုံငွေများ အလွဲအသုံးပြုမှု ဖြစ်နိုင်ခြေကို ရည်ညွှန်းမှု[27]

OIOS သည် OCHA အား ဌာနတွင်းစာရင်းစစ်ခြင်းများကို ဆောင်ရွက်ပြီး တစ်ကြိမ်သာ စာရင်းစစ်သည့် အခြေခံမူကို လိုက်နာကျင့်သုံးသည်။ ယင်းမူအရ ၎င်းသည် ကိုယ်ပိုင်ဌာနတွင်း စာရင်းစစ် လုပ်ဆောင်ချက်ရှိသည့် ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့များနှင့် အစီအစဉ်များအား စာရင်းမစစ်နိုင်ပါ။ OIOS နှင့် စာရင်းစစ်များအဖွဲ့ (BoA) တို့၏ စာရင်းစစ်ခြင်းများတွင် စုပေါင်းရန်ပုံငွေ များအား OCHA ၏ စီမံခန့်ခွဲမှုအပေါ် စာရင်းစစ်ခြင်း ပုံမှန်ပါဝင်ပြီး CBPF များ စီမံခန့်ခွဲမှုအတွက် လုပ်ထုံး လုပ်နည်းများသည် သင့်လျော်မှုရှိမရှိ စဉ်းစားကြသည်။ ယင်းစာရင်းစစ်ခြင်းများသည် CBPF များ၏ အစိတ်အပိုင်းအားလုံး (ရန်ပုံငွေချထားပေးခြင်း၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း၊ စသည်) ကို လွှမ်းခြုံပြီး စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုကို ကြည့်ရှုသည့်အပြင် ယင်းတို့ကို အများပြည်သူ ကြည့်ရှုနိုင်မှုလည်း ပါဝင်သည်။

မိတ်ဖက်တစ်ဦးသည် ဤလက်စွဲစာအုပ်တွင် ရှင်းလင်းဖော်ပြထားသည့်၊ ထို့ပြင် ပဋ္ဌာန်း သဘောတူညီချက်တွင် ထင်ဟပ်ထားသည့် လိုက်နာရန် လိုအပ်ချက်များကို လိုက်နာခြင်း မရှိသည့်အခါ သို့မဟုတ် ပဋ္ဌာန်း သဘောတူညီချက်အရ ပေါ်ပေါက်လာသည့် အခြားလိုက်နာရန် မည်သည့် တာဝန်များကိုမဆို ချိုးဖောက်သည့်အခါ OCHA သည် လိုက်နာစေရန် အရေးယူဆောင်ရွက်ခြင်းဟု အများရည်ညွှန်းကြသည့် ပြန်လည်ပြင်ဆင်ရေး လုပ်ဆောင်ချက်များကို အဆင့်ဆင့်တိုး၍ အရေးယူ မည်ဖြစ်သည် (နောက်ဆက်တွဲ ၆ – လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများ)။ တစ်ကြိမ်သာ စာရင်းစစ်ခြင်း အခြေခံမူနှင့်အညီ အလျှုရှင်များနှင့် အဖွဲ့ဝင်နိုင်ငံ

[26] ကုလသမဂ္ဂ၏ ကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များတွင်ကြည့်ပါ။

[27] နောက်ဆက်တွဲ ၇ – ဘဏ္ဍာရေးဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့် သက်ဆိုင်သည့် မိတ်ဖက်လမ်းညွှန်ချက်မှတ်စု တွင်ကြည့်ပါ။

များသည် ထပ်မံစာရင်းစစ်ခြင်းများကို မပြုလုပ်သင့်ဘဲ အားထုတ်မှုများ နှစ်ကြိမ်ထပ်နေခြင်းကို ရှောင်ရှားရန်၊ သက်ဆိုင်သူ အားလုံးအတွက် ပြတ်တောက်မှုများနှင့် ကုန်ကျစရိတ်များကို အနည်းဆုံးဖြစ်စေရန်နှင့် CBPF လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကြီးမားသော ရှုပ်ထွေးမှုများနှင့် နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်စေနိုင်သည့် အချင်းချင်းပဋိပက္ခဖြစ်နေသော ထောက်ခံအကြံပြုချက်များကို အနည်းဆုံးဖြစ်စေရန် တစ်ကြိမ်သာ စာရင်းစစ်သည့် အခြေခံမူကို လေးစားလိုက်နာသင့်သည်။

လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများကို အထောက်အကူပြုပေးထားသည့် ယေဘုယျ အခြေခံမှုမှာ မိတ်ဖက်တစ်ဦးသည် အထက်တွင်ဖော်ပြခဲ့သည့် တာဝန်ခံမှုမူဘောင်မှဖြစ်စေ၊ သက်ဆိုင်ရာ ပဋိညာဉ် သဘောတူညီချက်များတွင် ပါရှိသည့် တာဝန်ခံမှုမူဘောင်မှဖြစ်စေ ပေါ်ပေါက်လာသည့် လိုက်နာရန် လိုအပ်ချက်များအား လိုက်နာခြင်းမပြုသည့် အကြိမ်တိုင်းတွင် HC သည် OCHA မှတစ်ဆင့် မိတ်ဖက်ဖြစ်သူ၏ အပြုအမူကို ကိုင်တွယ်ဖြေရှင်းရန် အဆင့်ဆင့်တိုး၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ ဖြေရှင်းမှုနည်းလမ်း များကို OCHA က သင့်လျော်သည်ဟု ထင်မြင် ယူဆသည့်အချိန်တွင် ထင်မြင်ယူဆသည့်အတိုင်း ရှာဖွေဆောင်ရွက်သွားမည်။

၅-၂-၅။ ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင် (CPF)

ဘုံသဘောတူညီသော ဆောင်ရွက်ချက်မူဘောင်သည် CBPF ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် မူဝါဒဦးတည်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အညီ ရန်ပုံငွေအဖွဲ့တစ်ရပ် ကောင်းမွန်စွာ မည်သို့လုပ်ဆောင်သည်ကို အကဲဖြတ်ရန် အညွှန်းကိန်း များ ပံ့ပိုးပေးသည့် စီမံခန့်ခွဲမှုနည်းလမ်းတစ်ခုဖြစ်သည်။ ကောင်းစွာလုပ်ဆောင်နေသည့် CBPF တစ်ရပ်ကို ရရှိထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းရာ၌ ရန်ပုံငွေများ၏ အုပ်ချုပ်မှုတွင် ပါဝင်ပတ်သက် နေသည့် စီမံခန့်ခွဲမှုအဖွဲ့နှင့် အကျိုးသက်ဆိုင်သူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများအား CPF သည် သတ်မှတ်ဖော်ထုတ်၊ ပိုင်းခြားသုံးသပ်၊ ကိုင်တွယ်ဖြေရှင်းနိုင်စေသည်။

ယင်းနည်းလမ်းကို အခြေခံကျသည့် အခြေခံမူ (နယ်ပယ်) ငါးရပ်အပေါ်၌ တည်ဆောက်ထားသည်။ ယင်းတို့မှာ – အားလုံးပါဝင်ခြင်း၊ ဖြေလျော့ခြင်း၊ အချိန်မီဖြစ်ခြင်း၊ စွမ်းဆောင်ရည် ပြည့်ဝထိရောက်ခြင်းနှင့် တာဝန်ခံမှုရှိခြင်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုတို့ ဖြစ်ကြသည်။ ယင်းအခြေခံမူ များက CBPF များ၏ စီမံခန့်ခွဲမှုနှင့် မဟာဗျူဟာ ဦးတည်ချက်များဖြစ်သည့် တုံ့ပြန်မှု တိုးတက် ကောင်းမွန်စေခြင်း၊ ဦးဆောင်မှု ခိုင်မာအားကောင်း စေခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပိုမို ကောင်းမွန်ကြောင်း သေချာစေခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များ အတွက် ရင်းမြစ်များ ရှာဖွေခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်စေမည့် လုပ်နည်းလုပ်ဟန်တို့အပေါ် လမ်းညွှန် ထိန်းကျောင်းပေးသည်။ CPF တွင် အလုံးစုံလွှမ်းခြုံသည့် ဦးတည်ချက်များကို အခြေခံမူငါးရပ်နှင့် အညီ ဆောင်ကြဉ်းပေးနိုင်စေမည့် ရန်ပုံငွေအဖွဲ့များ၏ ခြုံငုံစွမ်းဆောင်နိုင်မှုကို အကဲဖြတ်ရန် ဆောင်ရွက်မှု အညွှန်းပြကိန်း ၂၀ ပါဝင်သည်။

နှစ်စဉ် ပထမသုံးလပတ်တွင် MHF သည် ယင်းအညွှန်းကိန်းများကို AB နှင့် ဆွေးနွေးမည်ဖြစ်ပြီး ဦးတည် ရည်မှန်းချက်များ/စံပြုအမှတ်အသားနှင့် ရမှတ်နယ်ပယ်များ၏ ဖွင့်ဆိုချက်များကို ယင်းတို့၏ ဆက်စပ်

အခြေအနေပေါ် မူတည်၍ သတ်မှတ်ပေးမည်ဖြစ်သည်။ MHF သည် ယင်း၏နှစ်ပတ်လည် အစီရင်ခံစာကို အပြီးသတ်ပြုစုမှုမတိုင်မီ ရလဒ်များကို AB သို့ တင်ပြမည်ဖြစ်ပြီး အညွှန်းကိန်း၏ ရလဒ်ကို (ဆက်စပ် အခြေအနေပေါ် မူတည်၍ အလွန်အရေးကြီး၊ ပုံမှန်အောက်၊ ပုံမှန်၊ ပုံမှန်အထက်၊ သို့မဟုတ် သာလွန်အဖြစ်) အရည်အချင်းသတ်မှတ်မည်ဖြစ်သည်။ ထို့နောက် အပြီးသတ်ရလဒ်များကို MHF က ပုံနှိပ်ထုတ်ဝေသည့် နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမည် ဖြစ်သည်။

၅-၃။ စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခြင်း၏ အဓိကရည်ရွယ်ချက်မှာ ချမှတ်ထားသည့် ဦးတည်လုပ်ငန်းများ ပြည့်ဝ အောင်မြင်အောင် ဆောင်ရွက်ရာ၌ တိုးတက်မှုကို အကဲဖြတ်ရန်နှင့် ကုလသမဂ္ဂနှင့် NGO မိတ်ဖက်များက တင်သွင်းထားသည့် အစီရင်ခံမှု၏ တိကျမှန်ကန်မှုကို စစ်ဆေးအတည်ပြုရန် ဖြစ်သည်။ အခြေခံမူများအပေါ်၌ တည်ဆောက်ထားသည့် MHF စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းများတွင် အောက်ဖော်ပြပါ အဓိကဦးတည်ချက်များ ပါဝင်သည် –

- (စီမံချက်တစ်ခုလုံးအတွက် လုပ်ငန်းပြင်ဆင်မှုမူဘောင် (log frame) များနှင့် လုပ်ငန်း အစီအစဉ်များနှင့် အညီ) စီမံချက်၏ လုပ်ငန်းရလဒ် (output) များနှင့် လုပ်ဆောင်ချက်များ ဆောင်ကြဉ်းပေးမှု၊ စီမံကိန်း၏ ဦးတည်အကျိုးခံစားသူကို ရွေးချယ်သည့်လုပ်ငန်းစဉ်၊ (ဘတ်ဂျက်အရ) ရင်းမြစ်များ အသုံးပြုခြင်းနှင့် ဌာနတွင်း စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းစနစ်များတွင် မိတ်ဖက်၏ တိုးတက်မှုကို စစ်ဆေးရန်
- အခြားနည်းလမ်းများဖြင့် စုဆောင်းရရှိသည့် သတင်းအချက်အလက်များ၏ ခိုင်မာမှန်ကန်မှုကို နည်းအမျိုးမျိုးဖြင့်စစ်ဆေးရန်၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များတွင် လစ်ဟာမှု များနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ၏ အပြောင်းအလဲများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ရလဒ်စီမံခန့်ခွဲမှု၊ ဆုံးရှုံးနိုင်ခြေလျှော့ချမှုနှင့် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များအတွက် တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များကို အသုံးပြုရင်း သိရှိလာသည့် အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့် သင်ခန်းစာများကို ပြန်လည်ဆင်ခြင် သုံးသပ်ရန်
- OCHA၊ မိတ်ဖက်ဖြစ်သူနှင့် ဒေသန္တရအာဏာပိုင်များအကြား မိတ်ဖက်ပြုမှုနှင့် ပေါင်းစပ် ညှိနှိုင်းမှုကို ခိုင်မာအားကောင်းစေရန်နှင့် ဘေးဒဏ်သင့်ပြည်သူများနှင့် ထိတွေ့ဆက်ဆံရန်နှင့် ယင်းတို့ထံမှ တုံ့ပြန်အကြံပြုချက်များကို နာယူမှတ်သားရန်

MHF က ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များအား စောင့်ကြည့်လေ့လာခြင်းကို ရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေ ချထားပေးမှု တစ်ခုစီအတွက်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများအတွက် ပြုစု ဖော်ထုတ်ထားသည့် စောင့်ကြည့်လေ့လာရေး အစီအစဉ်နှင့်အညီ ကျင့်သုံးဆောင်ရွက်သည်။ ရန်ပုံငွေ ထောက်ပံ့မှု ဖြစ်ရပ်တစ်ခုစီ အတွက် ရန်ပုံငွေထောက်ပံ့သည့် စီမံချက်တွင် အသုံးပြုမည့် စောင့်ကြည့်လေ့လာမှု အမျိုးအစားနှင့် ဆောင်ရွက်မည့် အကြိမ်ရေတို့ကို သတ်မှတ်ခြင်းဖြင့် စောင့်ကြည့်လေ့လာရေး အစီအစဉ်တစ်ရပ်ကို ပြုစုဖော်ထုတ်သည်။ ဤအစီအစဉ်၏ အခြေခံကို မိတ်ဖက် ဖြစ်သူ၏ ဆုံးရှုံးနိုင်ခြေအဆင့်၊ စီမံချက်ကာလနှင့်

ပမာဏ၊ စီမံချက်၏ တည်နေရာနှင့် အခြား သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့် အားဖြည့်ပံ့ပိုးပေးသည်။ စောင့်ကြည့်လေ့လာရေး အစီအစဉ်တွင်ပါဝင်သည့် စောင့်ကြည့်လေ့လာရေး နည်းလမ်းများ၏ အမျိုးအစားက လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ပုံစံများတွင် ဖော်ပြထားသည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို ပြည့်မီနိုင်စွမ်း ရှိသင့်သည်။

စောင့်ကြည့်လေ့လာရေး လုပ်ဆောင်ချက်များသည် မိတ်ဖက်များ၏ စီမံချက်များ အကောင်အထည်ဖော်မှုအဆင့်နှင့် စီမံချက်လုပ်ငန်းများ၏ အရည်အသွေးပိုင်းဆိုင်ရာကို စစ်ဆေးအတည်ပြုပေးရန်၊ MHF ၏ အကျိုးသက်ဆိုင်သူများနှင့် မိတ်ဖက်ပြုမှုကို ခိုင်မာအားကောင်းစေရန်နှင့် ဘေးဒဏ်သင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံရန်နှင့် ၎င်းတို့၏ တုံ့ပြန်အကြံပြုချက်များကို နာယူမှတ်သားရန် ရည်ရွယ်သည်။

OCHA HFU သည် ဖြစ်နိုင်ပါက အစုအဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူးများ၊ အလှူရှင်များနှင့် ထိတွေ့ ဆက်ဆံပြီး စောင့်ကြည့်လေ့လာခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုကို လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ ပုံစံများအရ ဆောင်ရွက်သွားမည်ဖြစ်သည်။ MHF သည် စောင့်ကြည့်လေ့လာရေး ကြိုးပမ်းမှု များ နှစ်ကြိမ်ထပ်နေခြင်းကို ရှောင်ရှားရန်နှင့် ပေါင်းစည်းစွမ်းအားကို မြှင့်တင်ဆောင်ရွက်ရန် အောက်ပါ စောင့်ကြည့်လေ့လာရေး ပုံစံများကို အသုံးပြုနိုင်သည် –

- ကွင်းဆင်းသွားရောက်မှုများ (OCHA၊ အစုအဖွဲ့များ၊ ကဏ္ဍများ၊ တိုင်းဒေသကြီး/ပြည်နယ် ပေါင်းစပ် ညှိနှိုင်းရေး စနစ်များ)
- အဝေးရောက် ဖုန်းခေါ်ဆို စောင့်ကြည့်လေ့လာခြင်း
- တတိယပုဂ္ဂိုလ်ဖြင့် စောင့်ကြည့်လေ့လာခြင်း
- ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု

MHF ၏ မိတ်ဖက်မှန်သမျှသည် တာဝန်ခံမှုရှိစေသည့် စီမံချက်အကောင်အထည်ဖော်ရေး လုပ်နည်းလုပ်ဟန်ကောင်း တစ်ရပ်အဖြစ် MHF က ရန်ပုံငွေထောက်ပံ့သည့် စီမံချက်အားလုံးအား ကိုယ်တိုင် သမားရိုးကျ စောင့်ကြည့်လေ့လာမှုကို ပြုလုပ်ရန်နှင့် ဆက်စပ်မှတ်တမ်းများကို ထိန်းသိမ်းထားရန် အဓိကအားဖြင့် တာဝန်ရှိသည်။ OCHA HFU သည် ချမှတ်ထားသည့် ဦးတည်ရည်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် ဆောင်ရွက်ရာ၌ တိုးတက်မှုကို အကဲဖြတ်ရန်နှင့် မိတ်ဖက်များက တင်သွင်းသည့် အစီရင်ခံမှုများ၏ တိကျမှန်ကန်မှုကို စစ်ဆေးအတည်ပြုရန် ကြီးကြပ်ကွပ်ကဲသည့် အခန်းကဏ္ဍကို ထမ်းဆောင်မည်ဖြစ်သည်။ စောင့်ကြည့်လေ့လာမှုတွင် ပါဝင်ပတ်သက်နေသည့် အကျိုးသက်ဆိုင်သူများကို CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် အသေးစိတ် ဖော်ပြထားသည်။

၅-၄။ အစီရင်ခံခြင်း

MHF သည် မိတ်ဖက်အဆင့်တွင် ဆောင်ရွက်သည့်လုပ်ငန်းများမှာ အဆိုပြုထားသည့် စီမံချက် ဦးတည်ချက်များသို့ ရောက်ရှိရန် လမ်းကြောင်းမှန်ပေါ်၌ရှိနေကြောင်း သေချာစေရန် MHF တာဝန်ခံမှုမူဘောင်၏ အဓိကအစိတ်အပိုင်း

တစ်ခုဖြစ်သည့် အစီရင်ခံခြင်းကို လိုက်နာရန် လိုအပ်ချက် တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ အစီရင်ခံခြင်းတွင် မိတ်ဖက်များက စီမံချက်ကာလ အလယ်နှင့် အဆုံးသတ်တွင် တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအား အရည်အသွေးဆိုင်ရာ ပြန်လည်သုံးသပ်မှုနှင့် ပိုင်းခြားစိတ်ဖြာသုံးသပ်မှုတို့ ပါဝင်သည်။ မိတ်ဖက်ဖြစ်သူသည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်၏ နောက်ဆက်တွဲ (ခ) တွင် သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် တာဝန်ခံမှုဆိုင်ရာ မူဘောင်တွင် အခြားနည်းအားဖြင့် သဘောတူထားသည့် အစီရင်ခံခြင်းဆိုင်ရာ လိုက်နာရန် လိုအပ်ချက်များနှင့်အညီ ပေးအပ်ရသည်။ ထို့ပြင် စီမံချက်အား ကြီးမားသည့် အပြောင်းအလဲများ ဖြစ်ပေါ်စေရန် ဦးတည်မည့် မည်သည့်အခက်အခဲ (ဥပမာ – ဘဏ္ဍာရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ လုံခြုံရေး) ကိုမဆို HC နှင့်/ သို့မဟုတ် OCHA သို့ ချက်ချင်းအသိပေး ပြောကြားရမည်။ ဇယား (၄) တွင် MHF မိတ်ဖက်များ အတွက် MHF အစီရင်ခံခြင်းဆိုင်ရာ လိုက်နာရန် လိုအပ်ချက်များကို အကျဉ်းချုပ်ဖော်ပြထားသည်။

ဇယား ၄။ MHF မိတ်ဖက်များအတွက် အစီရင်ခံခြင်းဆိုင်ရာ လိုက်နာရန် လိုအပ်ချက်များ

အစီရင်ခံမှု အမျိုးအစား		**မိတ်ဖက် အမျိုးအစား**	**အစီရင်ခံရန် အချိန်ပြမျဉ်း**
လုပ်ငန်းဆောင်ရွက်မှု	တိုးတက်မှု	ကုလသမဂ္ဂ၊ NGO များ	MHF လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ပုံစံများအရ
	အပြီးသတ်	ကုလသမဂ္ဂ၊ NGO များ	စီမံချက်နောက်ဆုံးရက်စွဲပြီးနောက် နှစ်လထက် မကျော်လွန် စေဘဲ နှစ်လအတွင်း၊
ဘဏ္ဍာရေးဆိုင်ရာ	ကြားကာလ	NGO များ	ထုတ်ပေးသည့် ရန်ပုံငွေများ၏ ၇၀% ကို အသုံးပြုကပြီးပါက ကျန်ရှိနေသေးသည့် စီမံချက်ခွင့်ပြုရန်ပုံငွေ မတောင်းမီ (အကျုံးဝင်ပါက)
	ကြားကာလ (IPSAS)	NGO များ	ယခင်နှစ်၏ ဒီဇင်ဘာ ၃၁ ရက်ထိ ကျခံခဲ့သည့် အသုံးစရိတ် အကျုံးဝင်သော လာမည့်နှစ် ဇန်နဝါရီ ၃၁ ရက် (GA ၏ စည်းမျဉ်းအမှတ် ၁၀၊ အပိုဒ် ၃ အရ ကင်းလွတ်ခွင့်မပြုပါက)
		ကုလသမဂ္ဂ	ယခင်နှစ်က ကျခံခဲ့သည့် အသုံးစရိတ် အကျုံးဝင်သော လာမည့်နှစ် ဖေဖော်ဝါရီ ၁၅ ရက်
	အပြီးသတ်	NGO များ	စီမံချက်နောက်ဆုံးရက်စွဲပြီးနောက် နှစ်လထက် မကျော်လွန် စေဘဲ နှစ်လအတွင်း၊
		ကုလသမဂ္ဂ	စီမံချက်ကာလတစ်ခုလုံးတွင် ကျခံခဲ့သည့် အသုံးစရိတ် အကျုံးဝင်သည့် လာမည့်နှစ် ဇွန် ၃၀ ရက်

ရန်ပုံငွေအဖွဲ့အဆင့်တွင် OCHA HFU သည် ရန်ပုံငွေအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ တစ်နှစ်လျှင် တစ်ကြိမ် ထုတ်ဝေသည့် နှစ်ပတ်လည်အစီရင်ခံစာ၊ အခြားကာလအလိုက် (သုံးလလျှင်တစ်ကြိမ် ဖြည့်စွက်ပြင်ဆင်) သို့မဟုတ် လိုအပ်သလို ထုတ်ဝေသည့် စာရွက်စာတမ်းများ (ရုပ်ပုံဖြင့်အကျဉ်းချုပ် ဖော်ပြချက်/ အနှစ်ချုပ် ဖော်ပြချက်) တွင် အခါအားလျော်စွာ အစီရင်ခံမည်။

၅–၅။ စာရင်းစစ်ခြင်း

ပြင်ပစာရင်းစစ်ခြင်းသည် ကြီးကြပ်ကွပ်ကဲရေး စနစ်တစ်ရပ်နှင့် MHF တာဝန်ခံမှုမူဘောင်၏ မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းက MHF မှ တစ်ဆင့် ရန်ပုံငွေချထားပေးသည့် ရင်းမြစ်များ၏ ပွင့်လင်းမြင်သာမှုနှင့် ယင်းတို့အား ဘဏ္ဍာရေးအရ ကောင်းမွန်ခိုင်မာစွာ စီမံခန့်ခွဲမှုကို ပိုမိုမြှင့်တင်ပေးသည်။ MHF မှ ရန်ပုံငွေထောက်ပံ့ပြီး NGO များ အကောင်အထည်ဖော်သည့် စီမံချက်အားလုံးအား သီးခြားလွတ်လပ်သည့် စာရင်းစစ်ခြင်းကို ပြင်ပစာရင်းစစ် အဖွဲ့တစ်ခုက ဆောင်ရွက်ပြီး ယင်းကို အပြီးသတ်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာအား လက်ခံအတည်ပြုပြီးနောက် နှစ်လအတွင်း စတင်ဆောင်ရွက်ရန်ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ဌာနတွင်း ကြီးကြပ် ကွပ်ကဲသည့် စာရင်းစစ်စနစ်များနှင့် ယင်းတို့၏ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက တည်ထောင် ထားသည့် အခြားစနစ်များ၏ စစ်ဆေးမှုကို ခံယူရသည်။

MHF စာရင်းစစ်ခြင်းများကို စာရင်းစစ်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး အကောင်အထည်ဖော်ခြင်း၊ မိတ်ဖက်၏ ဆုံးရှုံးနိုင်ခြေအဆင့်များ၊ လုံခြုံရေးနှင့် သွားရောက်နိုင်မှုစသည့် ထည့်သွင်းစဉ်းစားရန် အကြောင်းအချက်များကိုကြည့်ပြီး ဆုံးဖြတ်သည့် နေရာများ၌ ဆောင်ရွက်သည်။ စီမံချက်တစ်ခုချင်းစီအတွက် သီးသန့်စာရင်းစစ် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ပြီး ယင်းတွင် စာရင်းစစ်ခြင်းမှ တွေ့ရှိမှုများနှင့် မိတ်ဖက်ဖြစ်သူက ယင်း၏ လုပ်ဆောင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေရန်အတွက် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် နယ်ပယ်များကို ထောက်ပြထားသည်။ မိတ်ဖက်ဖြစ်သူ၏ ဆုံးရှုံးနိုင်ခြေအဆင့်များကိုဖြစ်စေ၊ အနာဂတ် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများကိုဖြစ်စေ ပြန်လည်ကိုက်ညီချိန်တွင် စာရင်းစစ်ခြင်း မှ တွေ့ရှိမှုများကို ထည့်သွင်းစဉ်းစားသည်။

ကုလသမဂ္ဂ၏ ပစ္စည်းဝယ်ယူရေးဌာနခွဲမှတစ်ဆင့် ပြုလုပ်ရယူသည့် ကာလရှည် သဘောတူညီချက် (LTA) ပဋ္ဌိညာဉ်တစ်ရပ်အပေါ်၌ အခြေပြုထားသော စာရင်းစစ်ခြင်းဆိုင်ရာ ပဋ္ဌိညာဉ်တစ်ရပ်သည် MHF အပါအဝင် နိုင်ငံအခြေပြု စုပေါင်းရန်ပုံငွေအဖွဲ့များ (CBPFs) အားလုံးအတွက် အသင့်ရှိနေသည်။ HFU ၏ တာဝန်မှာ လုပ်ငန်းဆောင်ရွက်ပေးရန် ခွင့်ပြုချက်တောင်းခံလွှာ (Task Orders) တွင် လာမည့် စာရင်းစစ်ခြင်းများအားလုံး အချိန်မီပါဝင်နိုင်စေရေးအတွက် ယင်းတောင်းခံလွှာများသည် သက်ဆိုင်ရာ LTA အောက်တွင် အသင့်ရှိနေကြောင်းနှင့် ယင်းကို HQ ရှိ OCHA လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ဝန်ဆောင်မှုများဌာနနှင့် ပူးပေါင်းလုပ်ဆောင်ကြောင်း သေချာစေရန်ဖြစ်သည်။ စာရင်းစစ်ခြင်း ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်များကို MHF က ကျခံမည်ဖြစ်သည်။

MHF ၏ မိတ်ဖက်များအား စာရင်းစစ်ဆေးရန် ဆုံးရှုံးနိုင်ခြေ မြင့်၊ လတ်နှင့် နိမ့် NGO မိတ်ဖက် များအတွက် ရင်းမြစ်များ၏ တစ်စုံတစ်ခုသော ပမာဏကို နမူနာကောက်ယူခြင်းဖြင့် ဆုံးရှုံးနိုင်ခြေ အခြေပြုသည့် ချဉ်းကပ်ပုံနည်းလမ်းကို ကျင့်သုံးနိုင်သည်။ နမူနာ၏ အရွယ်အစားနှင့် ဖွဲ့စည်းပါဝင်မှု (တစ်နည်းအားဖြင့် ရန်ပုံငွေချထားပေးသည့် စုစုပေါင်းပမာဏအနက် စာရင်းစစ်ရန်လိုအပ်သည့် ရာခိုင်နှုန်း၊ သီးသန့်နိုင်ငံများအပေါ်၌ အဓိကအာရုံစိုက်လျက်) ကို ဆုံးဖြတ်ရန်နှင့် MHF အတွက် နိုင်ငံအဆင့် စာရင်းစစ်ခြင်း အစီအစဉ်များကို အဆိုပြုရန်

ရင်းမြစ်များအား ကမ္ဘာ့အဆင့် ခွဲဝေ သတ်မှတ်ခြင်းဆိုင်ရာ အချက်အလက်များကို OCHA HQ တွင် ပိုင်းခြားသုံးသပ်သည်။

မိတ်ဖက်များသည် HPF ရန်ပုံငွေအသစ်အတွက် လျှောက်ထားခြင်းမပြုမီ ယခင်ကတွေ့ရှိထားသည့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များ ကိုင်တွယ်ဖြေရှင်းကြောင်း သေချာစေရန် OCHA HFU သည် OCHA အတွက် ဆုံးရှုံးနိုင်ခြေ မြင့်မားစေနိုင်သည့် စာရင်းစစ်ခြင်းဆိုင်ရာ တွေ့ရှိမှုများအားလုံးကို မှတ်တမ်းပြုစုထားမည်ဖြစ်သည်။ အကောင်အထည်ဖော်သည့် မိတ်ဖက်ဖြစ်သူ၏ ဆောင်ရွက်မှု အညွှန်းပြကိန်းတွင် စာရင်းစစ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်ကို ထည့်သွင်းမည်ဖြစ်ပြီး ယင်းက NGO မိတ်ဖက်များ၏ ဆုံးရှုံးနိုင်ခြေအဆင့်အပေါ် သက်ရောက်မှုရှိမည် ဖြစ်သည်။

OCHA HFU တွင် စီမံချက်တစ်ခု အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် ကျိုးကြောင်း ဆီလျော်သော အရေးကြီးကိစ္စရပ်များ ပေါ်ပေါက်နေပါက ယင်းသည် စီမံချက် အကောင်အထည် ဖော်သည့် ကာလအတွင်း သီးသန့်စာရင်းစစ်ခြင်းတစ်ရပ် ဆောင်ရွက်ရန်လည်း HC ကို ထောက်ခံ အကြံပြုနိုင်သည်။

၅-ဖ။ ဘေးဒဏ်ခံပြည်သူများအား တာဝန်ယူခြင်း၊ တာဝန်ခံခြင်း

ဘေးဒဏ်သင့် ပြည်သူများအတွက် IASC ၏ ကတိကဝတ်ငါးရပ် (ဦးဆောင်မှု/အုပ်ချုပ်မှု၊ ပွင့်လင်း မြင်သာမှု၊ တုံ့ပြန်အကြံပြုမှု/တိုင်ကြားမှု၊ ပါဝင်ဆောင်ရွက်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု ပုံစံရေးဆွဲခြင်း) ကို လိုက်နာကျင့်သုံးကြရန် MHF ၏ အကျိုးသက်ဆိုင်သူအားလုံးကို အလေးအနက် တိုက်တွန်းအားပေးသည်။ အဖွဲ့အစည်းများသည် စီမံချက်အဆင့်တွင် တုံ့ပြန်အကြံပြုမှု/ တိုင်ကြားမှုစနစ်တစ်ရပ် ထားရှိရန်လိုအပ်ပြီး ယင်းစနစ်တွင် လူ့အသိုင်းအဝိုင်း၏ အဖွဲ့ဝင်များသည် ယင်းစီမံချက်တွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ဝန်ထမ်းများအား ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အမည်ဖော်ပြရန်မလိုဘဲ တိုင်ကြားနိုင်သည်။

စီမံချက်အဆိုပြုသည့်အဆင့်တွင် ဘေးဒဏ်သင့်ပြည်သူများနှင့် သီးသန့်အကျိုးခံစားသူများ၏ အနေအထား မည်သို့ရှိသည်ကို ရှင်းလင်းပြောကြားပေးရန် အကောင်အထည်ဖော်သည့် မိတ်ဖက် များအား မေးမြန်းမည်ဖြစ်ပြီး ယင်းတို့အား စီမံချက်စက်ဝန်း တစ်လျှောက်လုံးတွင် ပါဝင်ပတ်သက် စေမည်ဖြစ်သည်။ MHF ၏ အစီရင်ခံခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများက စီမံချက်အကောင်အထည်ဖော်မှု ကာလ တစ်လျှောက်လုံးတွင် ဤကိစ္စအား မည်သို့ ကျင့်သုံး ဆောင်ရွက်ထားကြောင်းကို စစ်ဆေးအတည်ပြုနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ စောင့်ကြည့် လေ့လာမည့် စီမံချက်များအတွက်မူ ယင်းလုပ်ထုံးလုပ်နည်းများတွင် စီမံချက်၏ အကျိုးခံစားသူ များ၏ ပါဝင်ဆောင်ရွက်မှုအဆင့်နှင့် စီမံချက်သတင်းအချက်အလက် ရရှိနိုင်မှုနှင့် တုံ့ပြန်အကြံပြုမှု/ တိုင်ကြားမှုတို့အပေါ် လက်လှမ်းမီမှုတို့ကို အကဲဖြတ်ချက် ပါဝင်မည်ဖြစ်သည်။

၅–၇။ မကျေနပ်ချက် တိုင်ကြားခြင်းဆိုင်ရာ စနစ်များနှင့် အယူခံဝင်သည့် လုပ်ငန်းစဉ်

စီမံချက် အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်းကာလများအတွင်း လိုအပ်ပါက HC သည် HFU မှတစ်ဆင့် ပဋ္ဌိညာဉ်ဆိုင်ရာ သဘောတူညီချက်များနှင့် ကမ္ဘာ့အဆင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်တွင် ရှင်းလင်းဖော်ပြထားသည့် မည်သည့် လိုက်နာရန်တာဝန်ကိုမဆို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်မှုအား ကိုင်တွယ်ဖြေရှင်းရန် အဆင့်ဆင့်တိုးမြှင့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်မည်ဖြစ်သည်။ ယင်းအရေးယူ ဆောင်ရွက်မှုများက HC အား ရန်ပုံငွေအဖွဲ့နှင့် လက်ခံ ရရှိသည့် အဖွဲ့အစည်းတို့အကြား သဘောတူညီထားသည့် ဥပဒေအရ သတ်မှတ်ချက်များ အထူးသဖြင့် အထက်ပါအပိုဒ် “၅–၂–၄ လိုက်နာဆောင်ရွက်မှု စနစ်များ”တွင် အသေးစိတ် ဖော်ပြထားသည့် အခြေအနေအမျိုးအစားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအပေါ် ကိုင်တွယ်ဖြေရှင်း နိုင်စေမည်ဖြစ်သည်။

လုပ်ငန်းစဉ်များ သို့မဟုတ် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ သို့မဟုတ် တိုင်ကြားချက်များကို လုံလောက်သည့် ကိုင်တွယ်ဖြေရှင်းမှု မရရှိသည့် အကျိုးသက်ဆိုင်သူများသည် OCHA HoO ကသာ ဝင်ရောက်ကြည့်ရှုနိုင်သည့် MHF ၏ တိုင်ကြားရန်အီးမေးလ် (MHFComplaints@un.org) ကို အသုံးပြု၍ OCHA သို့ မည်သည့်အချိန်တွင်မဆို ဆက်သွယ် နိုင်သည်။ တိုင်ကြားမှုများကို စုစည်း၍ ပြန်လည်ကြည့်ရှုပြီးနောက် HC သို့ တင်ပြပေးမည်ဖြစ်ကာ ၎င်းက လိုအပ်သည့် အရေးယူဆောင်ရွက်မှု(များ)ကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။ HC သည် မှန်ကန်ကြောင်း သက်သေပြနိုင်သည့် ကိစ္စရပ်များနှင့် ပြုလုပ်ခဲ့သည့် အရေးယူဆောင်ရွက်မှုများကို AB ကို ပေးပို့မည်ဖြစ်သည်။

၅–၈။ လိမ်လည်မှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကို တိုင်ကြားခြင်း

MHF သည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတို့ အပါအဝင် **မဖွယ်မရာပြုမှုနှင့် လက်မခံနိုင်သောအပြုအမူတို့ကို လုံးဝသည်းမခံပါ**။ အဖွဲ့အစည်းများသည် ယင်းရပ်တည်ချက်ကို ၎င်း၏ ဝန်ထမ်းများအား ဆက်သွယ်ပြောကြားရမည်ဖြစ်ပြီး မဖွယ်မရာပြုမှုနှင့် လက်မခံနိုင်သည့် အပြုအမူတို့ကို ကာကွယ်တားဆီးရန် ကျိုးကြောင်းဆီလျော်သမျှ အရေးယူ ဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရမည်ဖြစ်သည်။ အထူးသဖြင့် MHF ၏ မိတ်ဖက်နှင့် တစ်ဆင့်ခံမိတ်ဖက်၊ အကြံပေးများ၊ လုပ်ငန်းလက်ခံဆောင်ရွက်သူများ၊ ရောင်းချသူများနှင့် MHF ထံမှ ရန်ပုံငွေများလက်ခံရရှိသည့် ရန်ပုံငွေချထားပေးခြင်း ခံရသူများ သို့မဟုတ် MHF သို့ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ပေးသွင်းသူများ အားလုံးသည် အောက်ပါတို့ကို ကာကွယ်တားဆီးရန် ကျိုးကြောင်းဆီလျော်မှုရှိသည့် လုပ်ဆောင်ချက်အားလုံးကို တာဝန်ယူဆောင်ရွက်ရန် ရှင်းလင်းစွာ ဝန်ခံကတိပြုရမည် – လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု၊ လိင်ပိုင်းဆိုင်ရာနှင့် အလုပ်ခွင်တွင် ထိပါးနှောင့်ယှက်မှု၊ ခွဲခြားဆက်ဆံမှု၊ တိုက်ခိုက်မှု၊ ခြိမ်းခြောက်မှု၊ ဝန်ထမ်းများ သို့မဟုတ် အခြားသူများအား အသက်အန္တရာယ် ကျရောက်စေမှု၊ လုပ်ပိုင်ခွင့်ကို မလျော်မကန် အသုံးပြုမှု၊ ရရန်ပိုင်ခွင့်များနှင့် ရန်ပုံငွေများအား လွဲမှားစွာ စီမံခန့်ခွဲမှု၊ အလွဲအသုံးပြုမှုနှင့် အလွဲသုံးစားပြုမှု၊ ခိုးမှု၊ လိမ်လည်မှု၊ အဂတိလိုက်စားမှု၊ လိမ်ညာ ပြောဆိုမှု၊ လိမ်လည်လှည့်ဖြားရန် ပူးပေါင်းကြံစည်မှုနှင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာ အခြေခံမူများအား

အခြားချိုးဖောက်မှုများ၊ ကြီးလေးသော ပေါ့ဆမှု၊ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ သက်ဆိုင်ရာ ဥပဒေနှင့်/သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှုဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာနှင့် ဒုက္ခသည်ဆိုင်ရာ ဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများအား ချိုးဖောက်မှု၊ ကုလသမဂ္ဂ အဆင့်အတန်း၊ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မလျော်မကန် အသုံးပြုမှု၊ လျှို့ဝှက်စွာ ထိန်းသိမ်း ထားရမည့် တာဝန်ကို ချိုးဖောက်မှု၊ ခွင့်ပြုရန်ပုံငွေသဘောတူညီချက်အရ သတ်မှတ်ချက်များနှင့် ပဋိညာဉ်ဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်မှုတို့ ဖြစ်သည်။ MHF ၏ မိတ်ဖက်ဖြစ်သူသည် ထိခိုက်လွယ်သည့် ပြည်သူများနှင့် OCHA မှ စံနှုန်းတစ်ခုဖြင့် သတ်မှတ်ထားသော အခြားပုဂ္ဂိုလ်များအပေါ် ယင်း၏ ဝန်ထမ်းများက ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုခြင်းနှင့် လက်မခံနိုင်သည့် အပြုအမူနှင့် မဖွယ်မရာပြုမှု မြောက်နိုင်သည့် မည်သည့်အပြုအမူမျိုးကိုမဆို ပြုမူဆောင်ရွက်ခြင်းမှ ကာကွယ်တားဆီးရန် ဖြစ်နိုင်သမျှသော အရေးယူ ဆောင်ရွက်မှုအားလုံးကို ပြုလုပ်ကြောင်း သေချာစေရန် ဆောင်ရွက်ရမည်။ MHF ၏ မိတ်ဖက်ဖြစ်သူက ယင်းသို့သော မဖွယ်မရာပြုမှုနှင့် လက်မခံနိုင်သည့် အပြုအမူတို့ကို ကာကွယ် တားဆီးရန် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်ပျက်ကွက်ခြင်း၊ သို့မဟုတ် ယင်းသို့ပြုလုပ်ကြောင်း စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးရန်နှင့် လက်မခံနိုင်သည့်အပြုအမူ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိသည့်အခါ စည်းကမ်းထိန်းသိမ်းရေးနှင့် ပြန်လည်ပြင်ဆင်ရေး အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်းများသည် OCHA နှင့် သဘောတူညီချက်ကို ဖျက်သိမ်းရန် အကြောင်းရင်းတစ်ခု ဖြစ်လိမ့်မည်။

၅-စ-၁။ လိမ်လည်မှု၊ အဂတိလိုက်စားမှု သို့မဟုတ် ရန်ပုံငွေများ အလွဲအသုံးပြုမှု

MHF ၏ မိတ်ဖက်ဖြစ်သူသည် ကုလသမဂ္ဂ၏ အပြုအမူဆိုင်ရာ စံသတ်မှတ်ချက်များအား လိုက်နာရန် လိုအပ်ချက်များအားလုံးကို လိုက်နာဆောင်ရွက်ရမည်။ မိတ်ဖက်ဖြစ်သူသည် MHF စီမံချက်များနှင့် ဆက်စပ်သည့် ရန်ပုံငွေများကို လိမ်လည်မှု၊ အဂတိလိုက်စားမှု သို့မဟုတ် အလွဲအသုံးပြုမှုတို့ အပါအဝင် မလျော်မကန် အသုံးပြုမှုနှင့် လက်မခံနိုင်ဖွယ်အပြုအမူ ဖြစ်နိုင်ကြောင်း ယုံကြည်လောက်သည့် ညွှန်ပြချက်တစ်ရပ် ပေါ်ပေါက်သည့်အခါတိုင်း ရန်ပုံငွေမန်နေဂျာသို့ တိုင်ကြားရမည်။ ထို့နောက် OCHA HoO သည် OCHA HQ (CBPF ဌာနအကြီးအကဲ) အား ချက်ချင်းသတင်း ပေးပို့ရမည်။ ကိုယ်တိုင်တိုင်ကြားမှုကို မဖြစ်မနေလုပ်ဆောင်ရန် သတ်မှတ်ထားသည်။ စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်တစ်ရပ် လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန် ဖြစ်ရပ်တစ်ခုချင်းစီကို တိုင်ကြားသင့်သည်။ ယင်းဖြစ်ရပ်၏ အချက်အလက်များကို မှတ်တမ်းတင်ရန် မိတ်ဖက်များက ကျူးလွန်သည့် မရိုးဖြောင့်ဟု သံသယရှိသော လုပ်ရပ်များကို တိုင်ကြားခြင်းဆိုင်ရာ CBPF ပုံစံကို အသုံးပြုသင့်သည် (နောက်ဆက်တွဲ ၈ – လိမ်လည်မှု တိုင်ကြားရန် ပုံစံတွင်ကြည့်ပါ)။ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ဆုံးဖြတ်ချက်ကို OCHA HQ/EO က OCHA HoO၊ HC နှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပညာပေးရေးဌာနခွဲ (OAD) အကြီးအကဲတို့နှင့် သင့်လျော်သလိုတိုင်ပင်လျက် CBPF ဌာနအကြီးအကဲ ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်မည်ဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်းခံနေရသည့် မိတ်ဖက်များအား OCHA က သင့်လျော်သည့် မလျော့မတင်း အရေးယူ ဆောင်ရွက်မှုများ (ဥပမာ – ဆိုင်းငံ့ထားခြင်း) ကို ချမှတ် ကျင့်သုံးမည်ဖြစ်သည်။ သတင်းအချက်အလက် မျှဝေခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းများကို လျှို့ဝှက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်သည်။

ဘဏ္ဍာရေးဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့် သက်ဆိုင်သည့် မိတ်ဖက် လမ်းညွှန်ချက်မှတ်စု (နောက်ဆက်တွဲ ၇ တွင်ကြည့်ပါ) သည် MHF က ရန်ပုံငွေထောက်ပံ့သည့် မိတ်ဖက်တစ်ဦး သို့မဟုတ် တစ်ဆင့်ခံမိတ်ဖက်တစ်ဦးအား စုံစမ်းစစ်ဆေးသည့် ဖြစ်ရပ်တွင် OCHA က အစဉ်အလိုက်ဆောင်ရွက် မည့် အဆင့်များအပါအဝင် မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များ၏ လိမ်လည်မှု၊ လမ်းကြောင်းလွှဲမှု၊ အလွဲသုံးစားမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူ များကို ကာကွယ်တားဆီးခြင်း၊ ဖော်ထုတ်ခြင်း၊ တိုင်ကြားခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် တာဝန်များဆိုင်ရာ လမ်းညွှန်ချက်ဖြစ်သည်။ သတင်းအချက်အလက်မျှဝေခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းများကို လျှို့ဝှက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်သည်။

စီမံချက်စက်ဝန်းအတွင်း ရန်ပုံငွေများ သို့မဟုတ် စီမံကိန်းပစ္စည်းများအား အသုံးပြုမှုအတွက် မိတ်ဖက် တစ်ဦး၏ စာရင်းပြုစုမှုအပေါ် သက်ရောက်မှုရှိသည့် ဖြစ်ရပ်များကို ပေါ်ပေါက်လျှင် ပေါ်ပေါက်ခြင်း HFU ထံသို့ စာဖြင့်ရေးသားတိုင်ကြားရမည်။ ဖြစ်ရပ်တိုင်ကြားမှုနှင့် အထောက်အကူပြု စာရွက် စာတမ်းများအား HFU က OCHA HQ ထံသို့ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည် (နောက်ဆက်တွဲ ၉ – ဖြစ်ရပ် တိုင်ကြားရန် ပုံစံတွင်ကြည့်ပါ)။ ဖြစ်ရပ်များတွင် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ခိုးမှု၊ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီ များကို တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းက လမ်းကြောင်းလွှဲပြောင်းမှု၊ ရုံးများ သို့မဟုတ် ကုန်လှောင်ရုံ များကို လုယက်မှု သို့မဟုတ် စာရွက်စာတမ်းများ ပျောက်ဆုံးမှုတို့ ပါဝင်သည်။ ယင်းဖြစ်ရပ်များကို အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် MHF AB ထံသို့ တင်ပြ သင့်သည်။

အကယ်၍ MHF အဖွဲ့သည် ဘဏ္ဍာရေးစစ်ဆေးမှု၊ စောင့်ကြည့်လေ့လာမှုနှင့် စီမံချက် အကောင်အထည်ဖော်မှု ကာလအတွင်း ဖြစ်ရပ်များ/ပုံမှန်မဟုတ်သည့် ကိစ္စများကို တွေ့ရှိပါက MHF အဖွဲ့မှ လိုက်နာဆောင်ရွက်မှုဆိုင်ရာ အရာရှိသည် တွေ့ရှိမှုများနှင့် အသေးစိတ်တိုင်ကြားရန် နောက်ဆက်တွဲ ၈ တို့ကို အဖွဲ့အစည်းထံသို့ စာဖြင့်ပေးပို့မည်ဖြစ်သည်။

၅-၈-၂။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုမှ အကာအကွယ်ပေးခြင်း

၂၀၂၁ ခုနှစ် မတ်လတွင် OCHA သည် ယင်း၏ လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့် စပ်လျဉ်းသည့် စံသတ်မှတ်ထားသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOPs) ၏ ပြန်လည်ပြင်ဆင်ထားသည့် မူကို ပုံနှိပ်ထုတ်ဝေခဲ့သည်။[28] အပိုင်းလေးပိုင်း ခွဲခြားထားသည့် ယင်း SOP များတွင် OCHA ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆက်စပ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု (SEA) နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု (SH) တို့ကို ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းပြုရာ၌ OCHA ဝန်ထမ်းများနှင့် ယင်း၏မိတ်ဖက်များနှင့် သက်ဆိုင်သည့် အဓိကအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းဖော်ပြထားသည်။

[28] စာရွက်စာတမ်း အပြည့်အစုံကို ဤနေရာ၌ ရယူနိုင်သည်။

ယင်းစာရွက်စာတမ်း၏ တတိယပိုင်းတွင် CBPF မိတ်ဖက်များ ပါဝင်ပတ်သက်နေသည့် လိင်ပိုင်း ဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု စွပ်စွဲချက်များအား တုံ့ပြန်ဆောင်ရွက်ခြင်း ဆိုင်ရာ SOP များ ပါဝင်သည်။ ယင်း SOP များသည် OCHA က စီမံခန့်ခွဲသည့် CBPF များအောက်ရှိ ခွင့်ပြု ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်နှင့် အကျုံးဝင်သည့် မိတ်ဖက်တစ်ဦး၏ ဝန်ထမ်းဖြစ်သူက SEA ကို ကျူးလွန် ကြောင်း စွပ်စွဲချက်များအား OCHA ၏ တုံ့ပြန်မှုအပေါ် လမ်းညွှန်မှုပေးရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်သည်။ ယင်းအပိုင်းတွင် တစ်ဆင့်ခံ မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများလည်း အကျုံးဝင်သည်။ ၎င်းတို့ကို ယင်းစာရွက်စာတမ်း၏ အခြားအပိုင်းများနှင့် ယှဉ်တွဲ၍ လည်းကောင်း၊ CBPF များအတွက် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ယှဉ်တွဲ၍လည်းကောင်း ဖတ်ရှုသင့်သည်။ လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့်စပ်လျဉ်းသည့် MHF မိတ်ဖက် လမ်းညွှန်ချက်ကို နောက်ဆက်တွဲ ၁၀ တွင် တွေ့ရှိနိုင်သည်။

ယင်း SOP များကို အထွေထွေအတွင်းရေးမှူးချုပ်၏ "လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာ ပြုမှုတို့မှ အကာအကွယ်ပေးရန်အတွက် အထူးအရေးယူဆောင်ရွက်မှုများ" နှင့် စပ်လျဉ်းသည့် သတင်းလွှာ (ST/SGB/2003/13)၊[29] အထွေထွေအတွင်းရေးမှူးချုပ်၏ "လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတို့မှ အကာအကွယ်ပေးရန်အတွက် အထူးအရေးယူ ဆောင်ရွက်မှုများ၊ ချဉ်းကပ်မှုနည်းလမ်းအသစ်" အစီရင်ခံစာ (A/71/818)၊[30] အကောင် အထည်ဖော်သည့် မိတ်ဖက်များ ပါဝင်ပတ်သက်နေသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု စွပ်စွဲချက်များဆိုင်ရာ ကုလသမဂ္ဂ ပရိုတိုကော၊[31] လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု ခံရသူများအား အကူအညီပေးရေးဆိုင်ရာ ကုလသမဂ္ဂ ပရိုတိုကော[32]နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုနှင့် သက်ဆိုင်သည့် IASC အဓိကအခြေခံမူ ခြောက်ချက်၊ ၂၀၁၉[33]တို့က လမ်းညွှန်မှုပေးထားသည်။

မိတ်ဖက်များနှင့် တစ်ဆင့်ခံ မိတ်ဖက်များ ပါဝင်ပတ်သက်နေသည့် SEA ဆိုင်ရာ စွပ်စွဲချက်များအပေါ် OCHA ၏ တုံ့ပြန်မှုသည် CBPF များအတွက် အလုံးစုံ တာဝန်ခံမှုမူဘောင်နှင့် ညီညွတ်မှုရှိကြောင်း သေချာစေရန် ဤ SOP များအား ပုံစံထုတ်ပြုစုထားခြင်းဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းများကို OCHA က စီမံခန့်ခွဲသည့် CBPF များ၏ မိတ်ဖက်များထံမှ ဝန်ထမ်းများ ပါဝင်ပတ်သက်နေသည့် တိုင်ကြားလာသမျှ စွပ်စွဲထားသော SEA ဆိုင်ရာ အမှုများအားလုံးအတွက် ကျင့်သုံးနိုင်သည်။ ဤလုပ်ထုံးလုပ်နည်းများကို OCHA ဝန်ထမ်းများ သို့မဟုတ် တွဲဖက်ထားသည့် ဝန်ထမ်းများ ပါဝင် ပတ်သက်နေသည့် လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူ အမှုများနှင့် အလုပ်ခွင်တွင် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောင့်ယှက်ကြောင်း စွပ်စွဲသည့်အမှုများတွင် ကျင့်သုံးနိုင်ခြင်းမရှိပါ။ အလုပ်ခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ကြောင်း စွပ်စွဲသည့်အမှုများကို အလုပ်ခွင်တွင်ဖြစ်စေ၊ အလုပ်နှင့်

[29] ၎င်း

[30] ၎င်း

[31] ၎င်း

[32] ၎င်း

[33] လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ နောက်ထပ်သတင်းအချက်အလက်များကို https://www.un.org/preventing-sexual-exploitation-and-abuse/content/documents တွင် တွေ့ရှိနိုင်သည်။

သက်ဆိုင်ပြီးဖြစ်စေ CBPF မိတ်ဖက်များ၏ ဝန်ထမ်းများက ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ သဘော သဘာဝရှိသည့် မည်သည့်မလိုလားဖွယ် အပြုအမူမဆိုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ ယင်းနယ်ပယ် များကို လိင်ပိုင်းဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့် စပ်လျဉ်းသည့် OCHA SOP များ၏ အပိုဒ် (၁) နှင့် (၄) တို့တွင် ကိုင်တွယ်ဖြေရှင်းပေးထားသည်။

MHF သည် SEA ၏ ဆုံးရှုံးနိုင်ခြေများကိုလျှော့ချရန် မိတ်ဖက်များ၏ လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်ရမည် (ဇယား ၅ တွင် ကြည့်ပါ)။ အကယ်၍ MHF ၏ မိတ်ဖက်ဖြစ်သူသည် SEA ၏ ဆုံးရှုံး နိုင်ခြေများကို ကာကွယ်တားဆီးရန် သို့မဟုတ် လျှော့ချရန် လုပ်ဆောင်နိုင်စွမ်း အားနည်းကြောင်း အကဲဖြတ်တွေ့ရှိရပါက OCHA HFU သည် အောက်ပါ ဇယား (၅) တွင် ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်နိုင်စွမ်း တည်ဆောက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း အပါအဝင် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို အကောင်အထည် ဖော်မည်ဖြစ်သည်။

ဇယား (၅)။ SEA စွပ်စွဲချက်များနှင့် စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေကို အကဲဖြတ်ရန် သီးသန့်နယ်ပယ်များနှင့် သင့်လျော်သည့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး အရေးယူဆောင်ရွက်ချက်များ

အကဲဖြတ်ခြင်းဆိုင်ရာ စံနှုန်း	**MHF ၏ လုပ်ဆောင်ချက်**
အကယ်၍ မိတ်ဖက်သည် လုပ်ဆောင်ချက်များကို အခြားသူတစ်ဦးသို့ ထပ်ဆင့် လုပ်ငန်းအပ်နှံရန် စီစဉ်ပါက ယင်းမိတ်ဖက်တွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု (SEA) ဖြစ်ရပ်များနှင့် စွပ်စွဲချက်များကို ကာကွယ်တားဆီးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည့် တိုင်ကြားရေးနှင့် စောင့်ကြည့်လေ့လာရေး စနစ်များ အသင့်ရှိနေရမည်။	မိတ်ဖက်အား အသင့်ရှိနေသည့် တိုင်ကြားရေးနှင့် စောင့်ကြည့် လေ့လာရေး စနစ်များအကြောင်း ရေးသား ဖော်ပြရန် တောင်းဆိုပါ။
မိတ်ဖက်သည် ဝန်ထမ်းများအား SEA တွင် ပါဝင်ပတ်သက်မှု သို့မဟုတ် ပါဝင်ပတ်သက်ကြောင်း စွပ်စွဲမှု သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ကောင်းစွာ စုံစမ်းစစ်ဆေးထားသည်။	မိတ်ဖက်၏ ဝန်ထမ်းများအား ထောက်ခံချက်နှင့် နောက်ခံ ရာဇဝင် စစ်ဆေးမှုများ ဆောင်ရွက် ပြီးစီးကြောင်း အတည်ပြုပါ။
မိတ်ဖက်ထံတွင် ဝန်ထမ်းများ၊ လုပ်ငန်းလက်ခံ ဆောင်ရွက်သူများ/ တစ်ဆင့်ခံ အကောင်အထည်ဖော်ရေး မိတ်ဖက်များနှင့် အကျိုးခံစားသူများအတွက် SEA စွပ်စွဲချက်များကို တိုင်ကြားရန် လုပ်ထုံးလုပ်နည်းများ အသင့်ရှိနေသည်။	မိတ်ဖက်၏ တိုင်ကြားရေး လုပ်ထုံးလုပ်နည်းများကို တောင်းခံပြီး ပြန်လည်ကြည့်ရှုသုံးသပ်ပါ။
မိတ်ဖက်အား ကုလသမဂ္ဂ၏ SEA ကို လုံးဝ သည်းမခံသည့်မူနှင့် ဆက်စပ်ကုလအဖွဲ့များ၊ ရန်ပုံငွေအဖွဲ့များနှင့် အစီအစဉ်များ၏ SEA ဆိုင်ရာ မူဝါဒများကို အသိပေးပြောကြားထားသည်။	မိတ်ဖက်အား ကုလသမဂ္ဂ၏ SEA ကို လုံးဝသည်းမခံသည့် မူနှင့် ဆက်စပ်ကုလအဖွဲ့များ၊ ရန်ပုံငွေအဖွဲ့များနှင့် အစီအစဉ် များ၏ SEA ဆိုင်ရာ မူဝါဒများကို အသိပေး ပြောကြားထား ကြောင်း စာဖြင့်ရေးသား အတည်ပြုပါ။

MHF ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များတွင် လုပ်ဆောင်နေသည့် မိတ်ဖက်၏ ဝန်ထမ်းများသည် SEA သင်တန်း သို့မဟုတ် အလားတူကို တက်ရောက်ပြီးစီး ထားသည်။	မိတ်ဖက်သည် SEA သင်တန်း သို့မဟုတ် အလားတူကို တက်ရောက် ပြီးစီးထားကြောင်း အတည်ပြုပါ။
မိတ်ဖက်သည် ယခင်က SEA စွပ်စွဲချက်မှန်သမျှကို သင့်လျော်စွာ ကိုင်တွယ်ခဲ့သည်။	မိတ်ဖက်အား ယခင်က စွပ်စွဲချက်မှန်သမျှနှင့် ရလဒ်များကို ရှင်းလင်းဖော်ပြပေးရန် တောင်းဆိုပါ။

၆။ MHF ၏ စီမံအုပ်ချုပ်ခြင်း

၆–၁။ ဘတ်ဂျက် ပြုစုပြင်ဆင်ခြင်းဆိုင်ရာ အခြေခံမူများ

ဘတ်ဂျက်ပြုစုပြင်ဆင်သည့် လုပ်ငန်းစဉ်တွင် မိတ်ဖက်များအနေနှင့် CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်အတိုင်း လိုက်နာဆောင်ရွက်ရန် မျှော်လင့်ထားသည်။ ဘတ်ဂျက် ဆိုင်ရာ လမ်းညွှန်ချက်များကို နောက်ဆက်တွဲ ၄ တွင် တွေ့ရှိနိုင်သည်။ ရရန်ပိုင်ခွင့် (Asset) စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များကို နောက်ဆက်တွဲ ၅ တွင် ထည့်သွင်းထားသည်။

၆–၂။ စီမံချက် အပြောင်းအလဲများပြုလုပ်ရန် ခွင့်ပြုချက်တောင်းခံခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

စီမံချက်တစ်ခုတွင် အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်နိုင်ပြီး ယင်းတို့က စီမံချက်၏ လွှမ်းခြုံမှုနယ်ပယ်၊ ကြာမြင့်ချိန်နှင့် အသုံးစရိတ်တို့အပေါ် ကွဲပြားခြားနားသည့် အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်သည်။ ပြောင်းလဲမှုပုံစံအားလုံး၏ မူကွဲအမျိုးမျိုးကို ရန်ပုံငွေမန်နေဂျာ သိရှိစေရန် ဆောင်ရွက်ရမည်။ ရန်ပုံငွေမန်နေဂျာသည် အစုအဖွဲ့/ကဏ္ဍ/လုပ်ငန်းအဖွဲ့/ တိုင်းဒေသကြီး (သို့) ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးမှူးများနှင့် တိုင်ပင်လျက် အဆိုပြုထားသည့် အပြောင်းအလဲများသည် တရားဝင်စာဖြင့် ရေးသားခွင့်ပြုချက် လိုအပ်ခြင်းရှိမရှိ၊ ကနဦးခွင့်ပြု ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်ကို ပြင်ဆင်ရန် လိုအပ်ခြင်းရှိမရှိနှင့် အဆိုပြုထားသည့် အပြောင်း အလဲများ၏ အတိုင်းအတာကြောင့် ယင်းစီမံချက်ကို ဖျက်သိမ်းပစ်ရန် လိုအပ်ခြင်း ရှိမရှိတို့ကို အကဲဖြတ်မည် ဖြစ်သည်။ ခိုင်မာသည့် အကြောင်းပြချက် တင်ပြနိုင်ပြီး OCHA နှင့် တိုင်ပင် ဆွေးနွေးမှုနှင့် HC ၏ လက်ခံအတည်ပြုမှု ရရှိပါက ရန်ပုံငွေတိုးမြှင့်ချထားခြင်းများကို ခွင့်ပြုနိုင်သည်။

အောက်ပါအခြေအနေများတွင် လက်မှတ်ရေးထိုးထားသည့် ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်ကို ပြင်ဆင်ချက် လိုအပ်မည်ဖြစ်သည် –

- စီမံချက်၏ အသုံးစရိတ် အပြောင်းအလဲများသည် ဘက်ဂျက် အကြောင်းရပ်ခေါင်းစဉ်တစ်ခုချင်းစီ အတွက် ခွင့်ပြုထားသည့် လက်ခံနိုင်သော ၁၅ ရာခိုင်နှုန်းကို ကျော်လွန်ခြင်း
- ဘက်ဂျက် အကြောင်းရပ်ခေါင်းစဉ်တစ်ခုချင်းစီ အတွက် ခွင့်ပြုထားသည့် လက်ခံနိုင်သော ၁၅ ရာခိုင်နှုန်း အောက်တွင် ရှိသည်ဖြစ်စေ၊ ကျော်လွန်သည်ဖြစ်စေ ဘက်ဂျက်လိုင်း အသစ်တစ်ခု ထည့်သွင်းခြင်း

- စီမံချက်၏ ကြာမြင့်ချိန်တွင် အပြောင်းအလဲရှိခြင်း
- စီမံချက်နှင့် သက်ဆိုင်သည့် ဘဏ္ဍာဆိုင်ရာ သတင်းအချက်အလက်များ ပြောင်းလဲခြင်း
- ဘဏ္ဍာရေးဆိုင်ရာ သို့မဟုတ် ဥပဒေဆိုင်ရာ သက်ရောက်မှုများရှိသည့် အခြားမည်သည့် အပြောင်းအလဲမဆို နှင့် ယင်းတို့သည် ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်၏ အစိတ်အပိုင်း ဖြစ်ခြင်း။

အောက်ပါ အပြောင်းအလဲများအတွက် ခွင့်ပြုရန်ပုံငွေဆိုင်ရာ သဘောတူညီချက်ကို ပြင်ဆင်ချက် တစ်ရပ် မလိုအပ်ဘဲ GMS တွင် GA ပြင်ဆင်ချက်ဆိုင်ရာ အင်္ဂါရပ် မပါဝင်ဘဲ အတည်ပြုပေးမည် –

- စီမံချက်နယ်မြေ တစ်ခုလုံး ပြောင်းလဲသွားခြင်း မဟုတ်သည့် စီမံချက်၏ တည်နေရာ ပြောင်းလဲခြင်း
- စီမံချက်၏ သဘောသဘာဝကို ပြောင်းလဲစေခြင်း မရှိသည့် အကျိုးခံစားသူများ၏ အရေအတွက် ပြောင်းလဲခြင်း
- စီမံချက်၏ ဦးတည်ချက်နှင့် အဓိကရလဒ်ကို ပြောင်းလဲစေခြင်း မရှိသည့် လက်ခံအတည်ပြု ထားသည့် စီမံချက်၏ လုပ်ဆောင်ချက်တွင် ပြောင်းလဲခြင်း။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်သည့်ကာလ သက်တမ်းတိုးခြင်း (NCE) သို့မဟုတ် ရန်ပုံငွေ တိုးမြှင့်ချထားခြင်း (CE) အတွက် ခွင့်ပြုချက် တောင်းခံမှုများကို ယင်းတောင်းခံမှုအတွက် အကြောင်းပြချက်များ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများမှ စုဆောင်းရရှိသည့် လုပ်ငန်းတိုးတက်မှု အထောက်အထားများပေါ် မူတည်၍လည်းကောင်း (တစ်နည်းအားဖြင့် တိုးတက်မှု/ကြားကာလ)၊ ကွင်းဆင်းစောင့်ကြည့် လေ့လာမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုများမှ တစ်ဆင့်လည်းကောင်း ဖြစ်ရပ် တစ်ခုချင်းစီအလိုက် စဉ်းစားမည်ဖြစ်သည်။

မိတ်ဖက်များအား ယင်းတောင်းဆိုမှုအတွက် နောက်ခံအကြောင်းတရားကို တင်ပြရန်၊ စိန်ခေါ်မှုများ၊ အကြံပြုသည့် ဖြေရှင်းနည်းများနှင့် ယင်းသို့ပြောင်းလဲခြင်းဖြင့် တိုးမြင့်လာမည့်တန်ဖိုးတို့ကို ရှင်းလင်းတင်ပြရန် ပြောဆိုမည်ဖြစ်သည်။ HFU သည် အစုအဖွဲ့များ၊ ကဏ္ဍများ၊ လုပ်ငန်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးစနစ်များနှင့် တိုင်ပင်လျက် ယင်းတောင်းဆိုမှု၏ သဘောသဘာဝကို အကဲဖြတ်မည်ဖြစ်သည်။

ဖြစ်ရပ်အားလုံးတွင် HFU ထံသို့ အီးမေးလ်ဖြင့် ပေးပို့သည့် ရေးသားတောင်းဆိုမှုများကိုသာ စဉ်းစားမည်ဖြစ်သည်။ စီမံချက်ပြင်ဆင်ရန် တရားဝင်လျှောက်ထားမှုကို အကောင်အထည်ဖော်မှုကာလအတွင်း စီမံချက်ပြီးဆုံးမည့် ရက်မတိုင်ခင် ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ မည်သည့်အချိန်၌မဆို တင်သွင်းနိုင်သည်။ ယင်းကာလ ကျော်လွန်ပြီးမှ လက်ခံရရှိသည့် မည်သည့်လျှောက်ထားမှုကိုမဆို ကိုင်တွယ်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ HFU နှင့် သဘောတူညီမှုရရှိမထားပါက ကနဦးအတည်ပြုပြီးသော စီမံချက်ရှိ မည်သည့်ပြင်ဆင်ပြောင်းလဲမှု မဆိုသည် တရားဝင် အသိအမှတ်မပြုသည့် ကုန်ကျစရိတ်များအဖြစ် ပေါ်ပေါက်လာစေနိုင်သည်။

တောင်းဆိုမှုကို ရှင်းလင်းပြီး ခိုင်လုံသည့် အကြောင်းပြချက်ဖြင့် GMS မှတစ်ဆင့် တင်သွင်းရန် ဖြစ်သည်။ ပြန်လည်ပြင်ဆင်မှု၏ သဘောသဘာဝပေါ် မူတည်၍ OCHA HFU က သက်ဆိုင်သည့် GMS လုပ်ငန်းစီးဆင်းမှု

(workflows) များကို စတင်အသက်ဝင်စေခြင်းဖြင့် မိတ်ဖက်များအား လိုအပ်သည့် ပြင်ဆင်မှုများကို တောင်းဆိုခွင့်ပြုမည်ဖြစ်သည်။

လမ်းညွှန်မှု ထပ်မံလိုအပ်ပါက CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်၏ အပိုဒ် ၅–၃ တွင် ကြည့်ရှုနိုင်သည်။

၆–၃။ စီမံချက် ပိတ်သိမ်းခြင်း

အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် စီမံချက်တစ်ခုကို ပိတ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူမည် ဖြစ်သည် –

- **ရန်ပုံငွေ မန်နေဂျာက အပြီးသတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လက်ခံရရှိပြီး စိစစ်ခွင့်ပြုပေးခြင်း။** မိတ်ဖက်များသည် (NCE များ အပါအဝင်) စီမံချက် အကောင်အထည်ဖော်မှု ပြီးဆုံးပြီးနောက် ပြက္ခဒိန်လ နှစ်လအတွင်း အပြီးသတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းရမည်။ ရန်ပုံငွေမန်နေဂျာသည် အပြီးသတ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လက်ခံရရှိသည်မှ ပြက္ခဒိန်လတစ်လအထိ အချိန်ယူ၍ ပြန်လည် သုံးသပ်ရန်နှင့် စိစစ်ခွင့်ပြုပေးရန်ဖြစ်သည်။
- **အပြီးသတ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာကို ရန်ပုံငွေမန်နေဂျာက လက်ခံ အတည်ပြုပြီး CBPF ဌာနမှ ဘဏ္ဍာရေးအရာရှိက စိစစ်ခွင့်ပြုပေးခြင်း။** မိတ်ဖက်များသည် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ရရန်ပိုင်ခွင့်များစာရင်း အပါအဝင် အပြီးသတ် ဘဏ္ဍာရေးရှင်းတမ်းကို (NCE များ အပါအဝင်) စီမံချက်အကောင်အထည်ဖော်မှု ပြီးဆုံးပြီးနောက် ပြက္ခဒိန်လနှစ်လအတွင်း တင်သွင်းရမည်။ အပြီးသတ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ ယင်းကို ရန်ပုံငွေမန်နေဂျာက ပဏာမစိစစ်ခွင့်ပြုမည်ဖြစ်ပြီး OCHA HQ/CBPF ဌာနက (တစ်လအတွင်း) စိစစ်ခွင့်ပြုမည်ဖြစ်သည်။ အကယ်၍ မိတ်ဖက်များတွင် မသုံးစွဲရသေးသည့်ငွေ အမေရိကန်ဒေါ်လာ ၁,၀၀၀ ထက် ပိုမိုကျန်ရှိနေလျှင် မိတ်ဖက်များသည် မသုံးစွဲရသေးသည့် ပမာဏကို စာရင်းစစ်ခြင်းမပြုမီ ပြန်လည်ပေးသွင်းရန် လိုအပ်သည်။ သို့မဟုတ်ပါက စာရင်းစစ်ခြင်းမပြုမီ မည်သည့်ပြန်လည် ပေးသွင်းမှုကိုမျှ တောင်းခံမည်မဟုတ်ပါ။
- **အပြီးသတ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာကို စိစစ်ခွင့်ပြုပြီးနောက် စာရင်းစစ်ရန် စီစဉ်ခြင်း။** အပြီးသတ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာကို စိစစ်ခွင့်ပြုပြီးနောက် HFU သည် ပြီးစီးသွားသည့် စီမံချက်ကို OCHA မြန်မာရုံးက တာဝန်ပေးထားသည့် ပြင်ပစာရင်းစစ်အဖွဲ့နှင့် နှစ်လအတွင်း စာရင်းစစ်ရန် စီစဉ်မည်ဖြစ်သည်။
- **မသုံးစွဲရသေးသည့် လက်ကျန်ငွေကို မိတ်ဖက်ဖြစ်သူက ပြန်လည်ပေးသွင်းခြင်း။** အပြီးသတ် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာကို CBPF ဘဏ္ဍာရေးဌာနက စိစစ်ခွင့်ပြုပြီးနောက် ပြန်လည်ပေးသွင်းရမည့် ပမာဏအတိအကျကို (အကယ်၍ရှိပါက) မိတ်ဖက်များအား OCHA က အသိပေး အကြောင်းကြားမည် ဖြစ်သည်။ မိတ်ဖက်များသည် အကြောင်းကြားသည့် ရက်စွဲမှ တစ်လအတွင်း

ယင်းပမာဏကို ပြန်လည်ပေးသွင်းရန်ဖြစ်သည်။ ယင်းတောင်းခံချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက သီးသန့်အရေးယူဆောင်ရွက်မှုများကို ခံရမည် ဖြစ်သည် (နောက်ဆက်တွဲ ၆ – လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများ)။ ပေးသွင်းပြီးကြောင်း အထောက်အထားကို လက်ခံရရှိရန်နှင့် OCHA က အသိအမှတ်ပြုထားရန် လိုအပ်သည်။

- **GMS တွင် စီမံချက် ပိတ်သိမ်းခြင်း။** OCHA HFU နှင့် CBPF ဌာနတို့သည် စာရင်းစစ် အစီရင်ခံစာ လက်ခံရရှိပြီး နှစ်လအတွင်း စီမံချက်ကို ပြန်လည်သုံးသပ်ရန်နှင့် ပိတ်သိမ်းရန် ဖြစ်သည်။

၇။ နောက်ထပ် သတင်းအချက်အလက်များ

နောက်ထပ်သတင်းအချက်အလက်များ သိရှိလိုပါက အောက်ပါရင်းမြစ်များတွင် ရှာဖွေရယူနိုင်သည် –

- GMS ခွင့်ပြုရန်ပုံငွေ စီမံခန့်ခွဲမှု အထောက်အကူနှင့် လမ်းညွှန်ချက်ကို ဤလိပ်စာတွင် ရရှိနိုင်သည် – https://gms.unocha.org/support
- CBPF များ၏ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်လက်များကို ဤလိပ်စာတွင် ရရှိနိုင်သည် – https://cbpf.data.unocha.org
- CBPF များဆိုင်ရာ အထွေထွေသတင်းအချက်အလက်များ – www.unocha.org/our-work/humanitarian-financing/country-based-pooled-funds-cbpfs
- ဘဏ္ဍာရေးဆိုင်ရာ လိုက်လံကြည့်ရှုသည့် ဝန်ဆောင်မှု – fts.unocha.org
- MHF ၏ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ရန်ပုံငွေအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည် – www.unocha.org/myanmar/about-mhf
- လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ လွှမ်းခြုံရှုမြင်ချက်နှင့် Myanmar HRP ဆိုင်ရာ သတင်းအချက်အလက်များကို OCHA မြန်မာရုံး၏ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည် – www.unocha.org/myanmar
- MHF ၏ နောက်ဆုံးဖြည့်စွက်ပြင်ဆင်ထားသည့် သတင်းအချက်အလက်များကို MHF ၏ တွစ်တာလိပ်စာ @MHF_Myanmar နှင့် OCHA မြန်မာရုံး၏ ဖေ့ဘုတ်စာမျက်နှာ OCHA Myanmar တွင် ရှာဖွေကြည့်ရှုနိုင်သည်။

၈။ ဆက်သွယ်ရန် အချက်အလက်များ

လူသားချင်းစာနာမှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့ရေးဌာန (HFU) – OCHA ၏ မြန်မာနိုင်ငံဆိုင်ရာရုံး
အမှတ် (၅)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – +၉၅ ၁၂၃ ၀၅၆ ၈၂–၈၄ လိုင်းခွဲ ၂၀၄။ အီးမေးလ် – MHF-Myanmar@un.org
ဝက်ဘ်ဆိုက် – unocha.org/Myanmar/about-MHF

၉။ ပြန်လည်သုံးသပ်သည့်ရက်စွဲ

ဤလက်စွဲကို ပြန်လည်သုံးသပ်ကာ AB နှင့် ဆွေးနွေးခဲ့ပြီး HC က ၂၀၂၁ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် အတည်ပြု ပေးခဲ့သည်။ ဤလက်စွဲကို နှစ်စဉ် ပြန်လည်ပြင်ဆင်မည်။

လက်ရှိစာရွက်စာတမ်းအပေါ် မည်သည့်အကြံပြုချက်မဆို ပေးလိုပါက OCHA ၏ အီးမေးလ်လိပ်စာ MHF-Myanmar@un.org သို့ အချိန်မရွေး ဆက်သွယ်နိုင်သည်။

၁၀။ နောက်ဆက်တွဲများစာရင်း[34]

နောက်ဆက်တွဲ ၁။	MHF အကြံပေးအဖွဲ့၏ လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ကန့်သတ်ချက်များ
နောက်ဆက်တွဲ ၂။	MHF ၏ မိတ်ဖက်အဖွဲ့ဖြစ်ရန် အရည်အချင်းပြည့်မီမှုဆိုင်ရာ လမ်းညွှန်ချက်
နောက်ဆက်တွဲ ၃။	ဌာနတွင်း လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ချက်တိုက်ဆိုင်စစ်ဆေးရန် စာရင်းများနှင့် မေးခွန်းလွှာ
နောက်ဆက်တွဲ ၄။	MHF ၏ ဘတ်ဂျက်ဆိုင်ရာ လမ်းညွှန်ချက်
နောက်ဆက်တွဲ ၅။	MHF ၏ ရရန်ပိုင်ခွင့် (Asset) စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ
နောက်ဆက်တွဲ ၆။	MHF ၏ လိုက်နာစေရန် အရေးယူဆောင်ရွက်မှုများ
နောက်ဆက်တွဲ ၇။	ဘဏ္ဍာရေးဆိုင်ရာ လက်မခံနိုင်ဖွယ် အပြုအမူနှင့် သက်ဆိုင်သည့် မိတ်ဖက်လမ်းညွှန်ချက်မှတ်စု
နောက်ဆက်တွဲ ၈။	လိမ်လည်မှုတိုင်ကြားရန်ပုံစံ
နောက်ဆက်တွဲ ၉။	ဖြစ်ရပ်တိုင်ကြားရန်ပုံစံ
နောက်ဆက်တွဲ ၁၀။	လိုင်ပိုင်းဆိုင်ရာ လက်မခံနိုင်သော အပြုအမူများနှင့် စပ်လျဉ်း၍ မိတ်ဖက်လမ်းညွှန်မှတ်စု

[34] နောက်ထပ်လမ်းညွှန်ချက်နှင့် အထောက်အကူအတွက် CBPF များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ်၏ နောက်ဆက်တွဲများကို ရည်ညွှန်းကိုးကားနိုင်သည်။

MHF Myanmar Humanitarian Fund

unocha.org/Myanmar/about-MHF
cbpf.data.unocha.org
fts.unocha.org

SOCIAL MEDIA

@MHF_Myanmar | @OCHAMyanmar
facebook.com/OCHAMyanmar
#InvestInHumanity